# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၃) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ပုတာအိုမြို့နယ်ရှိ ခုတင်(၁၀၀) ဆံ ဆေးရုံကြီးအား ခုတင် (၁၀၀) ဆံ ဆေးရုံ စံကိုက်နှင့်ညီသောဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ပြင်ဦးလွင်မြို့သည် ခရိုင်မြို့ဖြစ်သော်လည်း ခရိုင်တိုင်းရင်းဆေးဦးစီးဌာနအဆင့် မရှိသေးသည့်အတွက် ခရိုင်အဆင့်တိုးမြှင့်လျက် တိုင်းရင်းဆေးကဏ္ဍ တိုးတက်ပြန့်ပွားရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၈ | (ဂ) အုတ်တွင်းမြို့နယ်ရှိ (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၉ | (ဃ) ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့(Fact Finding Mission)တစ်ဖွဲ့ကို ဖွဲ့စည်း ခဲ့ပြီး မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စု အစိုးရအနေဖြင့် ထိရောက်လုံလောက်သော တားဆီးကန့်ကွက်မှု ပြုလုပ်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း | ၂၅ |
| ၁၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၄၁ |
| ၁၂ | ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း | ၄၁ |

| | | |
|---|---|---|
| ၁၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အုပ်ထိန်းသူ နှင့်အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၆၉ |
| ၁၄ | ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့အားကစား ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ် လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း၊ အားကစား ပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ် ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းသည့် အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း | ၇၀ |
| ၁၅ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၉၉ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃) ရက် မြောက်နေ့ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၀၇ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉–၆–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်ရှိ ခုတင်(၁၀၀) ဆံ့ ဆေးရုံကြီးအား ခုတင် (၁၀၀) ဆံ့ ဆေးရုံ စံကိုက်နှင့် ညီသောဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့သည် ခရိုင်မြို့ဖြစ်သော်လည်း ခရိုင်တိုင်းရင်းဆေးဦးစီးဌာနအဆင့် မရှိသေးသည့် အတွက် ခရိုင်အဆင့်တိုးမြှင့်လျက် တိုင်းရင်းဆေးကဏ္ဍ တိုးတက်ပြန့်ပွားရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်ရှိ (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှဋ္ဌေးဝင်း၊ ဇေယျာသီရိ မဲဆန္ဒနယ်၏ **ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ (Fact Finding Mission)တစ်ဖွဲ့ကို ဖွဲ့စည်း ခဲ့ပြီး မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စု အစိုးရအနေဖြင့် ထိရောက်လုံလောက်သော တားဆီးကန့်ကွက်မှု ပြုလုပ်ရန် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း၊ အားကစားပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ခ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(င) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၊

(စ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ဇ) ဦးပွဲ့ဒူ၊ ဖရူဆို မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ည) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဋ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဌ) ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဍ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၊

(ဎ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၀၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းငွေလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းငွေလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်လာသူကိုယ်စားလှယ် ၄၀၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁၂ ရက်၊

(၂) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၂ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်၊

(၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၅) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၂ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၂ ရက်၊

(၉) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်အောင် ခွင့် ၂ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၂ ရက်၊

(၁၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊

(၁၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၁၄) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၁၅) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၁၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်နှင့်

(၁၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပူတာအိုမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား ခုတင်(၁၀၀)ဆံ့ဆေးရုံစံကိုက်နှင့်ညီသော ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ (ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာခြင်း နှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့မေးမြန်းလိုသည်မှာ ကျွန်တော်တို့မဲဆန္ဒနယ်ရှိ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)ဆံ့ဆေးရုံ အား စံကိုက်ဆေးရုံအဖြစ် တည်ဆောက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ရှိ မိဘပြည်သူများသည် တောင်သူများဖြစ်ကြ သောကြောင့် လူနာများဆေးကုသရာတွင် ဆေးရုံကိုသာ အဓိကအားထားလျက်ရှိကြပါသည်။ သို့သော် ရပ်ဝေးရပ်နီးမှပြည်သူများ ဆေးကုသရာတွင် ဆေးရုံကြီး၏ပြည့်စုံမှုမရှိသောကြောင့် လူနာများနှင့် လူနာစောင့်များသည် အခက်အခဲများစွာ ကြုံနေလျက်ရှိတာကို ကျွန်တော့်အနေနဲ့ တွေ့ရပါတယ်။ ထို့အတူ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံဝန်ထမ်းများ၏နေအိမ်များလည်း လုံလောက်မှု မရှိသော ကြောင့် ဒေသခံပြည်သူများ အိမ်ကိုငှားရမ်းပြီးတော့မှ နေထိုင်လျက်ရှိသည့်အနေအထားများသည် အခက်အခဲများစွာကြုံနေတာကို ကျွန်တော့်အနေနဲ့ တွေ့ရတဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဒါကတော့ ခရိုင်ပြည်သူ့ဆေးရုံကြီးရဲ့အဝင်တံခါးဖြစ်ပါတယ်။ ဒီဒုတိယပုံကတော့ ခရိုင်ပြည်သူ့ဆေးရုံကြီးရဲ့အနောက်ဘက်၊ အနောက်မြောက်ဘက်၊ အရှေ့မြောက်ဘက်မှာ ဒီခရိုင်ဆေးရုံကြီး ပတ်ပတ်လည်မှာ ခြံလုံးဝကာထားခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ လူနာများ၊ လူနာစောင့်များအားလုံးဟာ လုံခြုံမှုသိပ်မရှိတာကို တွေ့ရပါတယ်။ ဒါကတော့ ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ ဝန်ထမ်းများရဲ့နေအိမ်တွေဖြစ်ပါတယ်။ ဒါကလည်းပဲ ဆေးရုံဝန်ထမ်းများနေအိမ်တွေဖြစ်ပါတယ်။ ဒါကတော့ ပူတာအိုခရိုင်ပြည်သူ့ ဆေးရုံရဲ့ သားဖွားဆေးခန်းဖြစ်ပါတယ်။ ဒီဘက်ကကျတော့ TV ရောဂါတိုက်ဖျက်ရေးဌာနဖြစ်ပါတယ်။ ဒါက ခရိုင်ပြည်သူ့ဆေးရုံရဲ့ဆေးသိုလှောင်ရုံဖြစ်ပါတယ်။ ဒါကနောင်မွန်းဆွမ်ပရာဘွမ်ဘက်မှာ ဆေးမကုခင်မှာ သိုလှောင်ထားတဲ့သိုလှောင်ရုံကြီးဖြစ်ပါတယ်။ ဒါကလည်းပဲ ပူတာအိုခရိုင်ပြည်သူ့ဆေးရုံမှာ (၂၀ ပေ x ၁၀ ပေ) တစ်ခန်းအဆောင် ထမင်းချက်ဆောင်ရှိပါတယ်။ ထမင်းချက်ဆောင်က သေးတဲ့အတွက်ကြောင့်မို့လို့ မိဘပြည်သူများ၊ လူနာစောင့်တဲ့ပြည်သူများဟာ ဒီထမင်းချက်တဲ့နေရာမှာ အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထမင်းချက်တဲ့နေရာမှာ လူနာစောင့်တွေဟာ လူနာတွေအတွက် အလှည့်ကျထမင်းချက်ရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ညာဘက်မှာရှိတဲ့တစ်လုံးကတော့ ရင်ခွဲရုံဖြစ်ပါတယ်။ ဒီဘက်ကတော့ လူနာစောင့်တွေအသုံးပြုတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဒေသခံပြည်သူများရဲ့ကိုယ်စားပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုဇွေရဲ့မေးခွန်းဖြစ်တဲ့ ပူတာအိုမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအား ခုတင် (၁၀၀)ဆံ့ဆေးရုံကြီး စံကိုက်နဲ့ညီသော ဆေးရုံကြီးတည်ဆောက်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍

တင်ပြပါမယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ကတော့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံများအသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းကို ရရှိတဲ့ခွင့်ပြုဘဏ္ဍာငွေအပေါ်မှာမူတည်ပြီး ဦးစားပေးအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာပြောရမယ်ဆိုရင် ခုတင်(၁၀၀)ဆံ့ဆေးရုံတွေက စံကိုက်ဆိုတာမရှိပါဘူး။ (၁၆)ခုတင်ဆံ့မှာပဲ စံကိုက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲတွေမှာပဲ စံကိုက်ရှိပါတယ်။ စံကိုက်မရှိရခြင်းရဲ့အကြောင်းကလည်း ဆေးရုံတွေက ခုတင်တွေအဆင့်ဆင့်တိုးတဲ့အခါမှာ သူရှိတဲ့မြေနေရာပေါ်မူတည်ပြီးတော့ လိုအပ်ချက်အရ ဆေးရုံတွေအသစ်အသစ်ဆောက်တဲ့အတွက် စံကိုက်ဆိုတာမရှိပါဘူး။ ဒီပူတာအိုဆေးရုံကလည်း နှစ်ပေါင်းများစွာကြာပါပြီ။ မေးခွန်းထဲမှာရှိပါတယ်။ ခုတင် (၅၀)ဆံ့ကနေ ခုတင်(၁၀၀)ဖြစ်တာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က န.အ.ဖ ကနေ ပေးပါတယ်။ အခု ၁၄ နှစ်တိတိက ဘာမှမလုပ်ထားပါဘူး။ အခု တင်ပြတာကြည့်လိုက်တဲ့အခါမှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ။ လူနာအရေအတွက်နဲ့လိုက်လျောညီထွေဖြစ်တဲ့ ဆေးရုံအဆောက်အဦ ဆောက်လုပ်ရေးအတွက်ကို ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးစီမံကိန်းမှာတော့ အဆိုပြုတင်ပြသွားပါမယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ပျက်စီးနေတဲ့ဟာတွေကို ပြင်ဆင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆီမှာ ပိုက်ဆံလည်းရှိပါတယ်။ မနှစ်ကလည်းပိုက်ဆံရှိပါတယ်။ ဒီနှစ်လည်းပိုက်ဆံရှိပါတယ်။ ဒါတွေကိုလိုအပ်တဲ့ဟာ ပြင်ဆင်လို့ရတာတော့ လောလောဆယ်ပြင်ဆင်ဖို့သင့်ပါတယ်။

ယခုလက်ရှိပူတာအိုဆေးရုံမှာ တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအတွက်ကတော့ နေအိမ်လုံလောက်မှုမရှိကြောင်းဆိုတာလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ရှစ်ခန်းတွဲလေးထပ်နဲ့ ရှစ်ခန်းတွဲလေးထပ်ကအမှုထမ်းတွေအတွက်ပဲပါတယ်။ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာနှစ်လုံး အရာထမ်းတွေအတွက်ကို ပထမဦးစားပေး First Priorty အနေနဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာစပြီး လုပ်ပေးပါမယ်။ နောက်တစ်ချက် တင်ပြချင်တာက ပူတာအိုဆေးရုံကြီးရဲ့ဝန်ထမ်းအင်အားကို ကြည့်တဲ့အခါမှာလည်း တော်တော်နည်းနေပါတယ်။ ဆိုလိုတာက ဒီခုတင် (၁၀၀)ရှိမယ့်ဆေးရုံမှာဆိုလို့ရှိရင် ကျွန်တော်တို့ အထူးကုတော်တော်များ များရှိရမှာ။ ဒီမှာအထူးကုမရှိတာကိုလည်း တွေ့ရပါတယ်။ သို့သော် ကျွန်တော် အသေးစိတ်ပြန်ကြည့်တဲ့အခါမှာ ဆရာဝန် ၂၉ ဦးရှိတဲ့နေရာမှာ ၁၀ ဦးပဲရှိပါတယ်။ သူနာပြုအနေနဲ့ လုံလောက်ပါတယ်။ ၈၆ ဦးရှိတဲ့နေရာမှာ ၄၈ ဦးရှိပါတယ်။ ကျွမ်းကျင်အနေနဲ့လည်း အရေးကြီးတဲ့ကျွမ်းကျင် ရှစ်ဦးရှိတဲ့အတွက်

အခြေအနေသိပ်တော့ မဆိုးပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီဆေးရုံကို ဓာတ်ပုံနဲ့ ဒါကို ပြန်ကြည့်တဲ့အခါကျတော့ လက်ရှိမှာလူနာဆောင်လေးလုံးရှိပြီး တစ်ဆောင်ကိုလူနာဆောင် ၂၀၀၇ ခုနှစ်တွင် တည်ဆောက်ပြီး ကျန်လူနာသုံးဆောင်ကတော့ ၁၉၇၂ ကတည်းကဆောက်ထားတာ တော်တော်ဟောင်းနေပါပြီ။ ဒါတွေကို လောလောဆယ်ပြင်လို့ရမယ်ဆိုရင် အမြန်ဆုံးပြင်ပေးပါမယ်။ သို့သော်လည်း ဒီမှာ ပြန်ကြည့်တဲ့ အခါမှာ ဆေးရုံရဲ့ ခုတင်အသုံးချမှုဟာ တော်တော်နည်းပါတယ်။ ၂၀၁၂ ခုနှစ်ကနေပြီးတော့ ၂၀၁၆ ခုနှစ်မှာ ၂၀၁၂ မှာဆိုရင် ၂၄ ရာခိုင်နှုန်းပဲရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ ၄.၄ ရာခိုင်နှုန်း၊ ၂၀၁၄ မှာ ၅.၄ ရာခိုင်နှုန်း၊ ၂၀၁၅ မှာ ၈.၅ ရာခိုင်နှုန်း၊ ၂၀၁၆ မှာတော့ ၃.၂၈ ဖြစ်ပါတယ်။ ဒါကလည်း ဆရာဝန်မရှိတဲ့အတွက် လူနာနည်းခြင်းလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အခြားဆေးရုံ အညွှန်းကိန်းတွေကို ကြည့်တဲ့အခါမှာလည်း ဆေးရုံမှာလူနာလာတာနည်းတာ။ နည်းတာလည်း နှစ်မျိုးဖြစ်နိုင်ပါတယ်။ ဆရာဝန်မရှိလို့မလာတာလည်း ဖြစ်နိုင်တယ်။ ပူတာအိုမှာနေတဲ့ လူများကလည်း ကျန်းမာလို့ ဆေးရုံမလာတာလည်း ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဘာပဲပြောပြော ကျွန်တော့်အနေနဲ့ကတော့ ဒီဝန်ထမ်းအိမ်ရာကို အမြန်ဆုံးလုပ်ပေးပါမယ်။ ၂၀၁၈-၂၀၁၉ တင်မယ်။ အဲဒီတော့ ပြင်ဆင်စရိတ်နဲ့ လိုအပ်တာတွေအကုန်လုံးကို ပြင်ပေးမယ်ဆိုတာကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ပြင်ဦးလွင်မြို့သည် ခရိုင်မြို့ဖြစ်သော်လည်း ခရိုင်တိုင်းရင်းဆေးဦးစီးဌာနအဆင့် မရှိသေးသည့်အတွက် ခရိုင်အဆင့်တိုးမြှင့်လျက် တိုင်းရင်းဆေးကဏ္ဍတိုးတက်ပြန့်ပွားရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ပြင်ဦးလွင် မြို့သည် ခရိုင်မြို့ဖြစ်သော်လည်း ခရိုင်တိုင်းရင်းဆေးစစ်ဦးစီးဌာနအဆင့် မရှိသေးသည့်အတွက် ခရိုင် အဆင့်တိုးမြှင့်လျက် တိုင်းရင်းဆေးကဏ္ဍ တိုးတက်ပြန့်ပွားရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဤမေးခွန်းကို မေးမြန်းရခြင်းရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့မေးမြန်းခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား

တဲ့မိန့်ခွန်းမှာလည်း ကျွန်တော်တို့ဟာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရရှိရေးကို အရောက်သွားမှာဖြစ်ပါတယ်။ ဒီလိုသွားနိုင်ဖို့ အခုပြောမယ့်လုပ်ငန်းတွေကို အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်း ၁၅ ခုထဲမှာတော့ တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့တဲ့အတွက် တိုင်းရင်းဆေးလောကတိုးတက်လာမှာကို ဝမ်းသာကြိုဆိုပါတယ်။ သင့်တော်တဲ့နည်းဗျူဟာတွေသုံးပြီးတော့ အချိန်အဟုန်မြင့်ဆောင်ရွက်သွားမယ်လို့လည်း ပြောကြားခဲ့ကြောင်း သိရပါတယ်။ အဲဒါကြောင့်မို့လို့ တိုင်းရင်းဆေးနယ်ပယ်ကိုလည်း ပိုမိုထောက်ပံ့ပေးပြီးတော့ အဆင့်မြင့်တင်သွားမယ်လို့ ပြောကြားခဲ့တဲ့အတွက် ခရိုင်မြို့ဖြစ်သော ပြင်ဦးလွင်ကို တိုင်းရင်းဆေးဌာန ခရိုင်အဆင့်တိုးမြှင့်လျက် တိုင်းရင်းဆေးတိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ပေးစေလိုပါတယ်။ အခုအခြေအနေမှာ ပြင်ဦးလွင်ရှိတိုင်းရင်းဆေးဌာနဟာမြို့နယ်အဆင့်သာရှိနေသေးကြောင်း သိရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာလည်း သုံးကြတဲ့ ဖြည့်စွက်ဆေးဝါးအများအပြားဟာ သဘာဝတိုင်းရင်းဆေးတွေကို အခြေခံထားတာဖြစ်တဲ့အတွက် ပြင်ဦးလွင်ခရိုင် အဆင့်မြှင့်တိုင်းရင်းဆေးဌာနရှိရင် Alternative Medicine အနေနဲ့ ဆေးကုရတာ ဒေသခံပြည်သူတွေအတွက် ပိုကောင်းမယ်လို့ယူဆပါတယ်။ ပြင်ဦးလွင်မြို့ဟာ တိုင်းရင်းဆေးဌာနအတွက်လည်း ဖွံ့ဖြိုးတိုးတက်လိုတဲ့ စေတနာနဲ့ ၃.၈ ဧကရှိတဲ့ မြေနေရာကိုလည်း ရှာထားပါတယ်။ ခရိုင်ဦးစီးဌာနအနေနဲ့ သုံးလို့ရတဲ့အပြင် သဘာဝပရဆေးဥယျာဉ်လည်းလုပ်ပြီးတော့ ဆေးဘက်ဝင်အပင်တွေကိုလည်း စိုက်ပျိုးတိုးချဲ့ဆောင်ရွက်လို့ရပါတယ်။ ပြင်ဦးလွင်ဟာ ရာသီဥတုမျှတပြီးတော့ ပြင်ဦးလွင်မှာသာတိုင်းရင်းဆေးဌာနလုပ်ငန်း တိုးချဲ့လုပ်ကိုင်မယ်ဆိုရင် ပိုမိုသင့်လျော်တယ်လို့ ယူဆရပါတယ်။

တိုင်းရင်းဆေးနယ်ပယ် ဆေးပညာလေ့လာမှုတွေမှာလည်း များစွာလုပ်နိုင်ပြီးတော့ တိုင်းရင်းဆေးပညာတိုးတက်နိုင်မှာဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ တိုင်းရင်းဆေးဝါးနဲ့ပတ်သက်တဲ့ အခြေခံသုတေသန၊ ဆေးကုသမှုဆိုင်ရာသုတေသနတွေ ဆောင်ရွက်ဖို့ပံ့ပိုးသွားမယ်ဆိုတာကိုလည်း သိရတဲ့အတွက် ပြင်ဦးလွင်မြို့မှာ တိုင်းရင်းဆေးကဏ္ဍအဆင့်တိုးမြှင့်စေလိုပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းဆေးဝါးကို ပြည်သူတွေစိတ်ချဘေးကင်းစွာ သုံးစွဲနိုင်ဖို့ကလည်း အလွန်အရေးပါတဲ့ သုတေသနလည်းဖြစ်တယ်။ တွဲဖက်လုပ်ကိုင်ရမည့်အခြေအနေ နေရာလည်းဖြစ်ပါတယ်။ အဲဒီတော့တိုင်းရင်းဆေးသည် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဥပမာ-တိုင်းရင်းဆေးတက္ကသိုလ်တောင်မှပေါ်နေပါပြီ။ သို့သော်လည်း တိုင်းရင်းဆေးဆိုပြီးတော့ ဆေးဖုံတွေပဲ (၁)၊ (၂)၊ (၃)၊(၄)။ ဥပမာ- ၄၀၊ ၅၀ စသဖြင့် ကုနေတာတွေရှိနေသလို တချို့ဟာတွေလည်း ကျွန်တော်တို့က ဥပမာ-Massage လိုဟာမျိုး

တွေပေါ့။ ကျွန်တော်တို့က မျက်မမြင်ကျောင်းတွေမှာပေါ့။ ပြင်ဦးလွင်မှာ မျက်မမြင်ကျောင်းရှိပါတယ်။ မျက်မမြင်ကျောင်းတွေမှာတောင် ကျွန်တော်တို့က တန်းစီပြီးတော့ ညောင်းတယ်၊ ကိုက်တယ်၊ နာတယ်၊ အရိုးအဆစ်တွေဖြစ်တယ်ဆိုရင် သွားပြီးတော့ ကုရသေးတယ်။ တိုင်းရင်းဆေးတွေကလည်း ဒါတွေကိုပဲ ပေါင်းစပ်ပြီးတော့လိုပါတယ်။ ဒါပေမဲ့ သုတေသနလည်းလိုတယ်ဆိုတာ ဘာလဲဆိုတော့ တစ်ခါတစ်လေ ကျလည်း မှားယွင်းပြီးတော့ ဥပမာ- လူတွေကသုံးတယ်။ ဥပမာဆိုကြပါစို့။ ဆီးကျောက် ကြေတယ်လို့ ပြောတဲ့ သံမနိုင်၊ ကျောက်မနိုင်။ ဒါပေမဲ့ ကျွန်တော်တို့ Research လုပ်လိုက်တဲ့အခါကျတော့ သံမနိုင် ကျောက်မနိုင်ထဲမှာ တောက်ဆစ်ဆိုတဲ့ ကတ်တနီပေါ့။ ဒီနယ်ကိုသွားပြီးတော့ တောက်ဆစ်ဖြစ်စေတယ်။ ဒါဟာလည်း ကျွန်တော်တို့က တကယ်လိုအပ်တဲ့ သုတေသနလိုပါတယ်။ ဒါကြောင့်မို့ တိုင်းရင်းဆေးကို နိုင်ငံတကာမှာ ဒီနားမှာရှိနေတဲ့ အိန္ဒိယ၊ တရုတ် ဒီနေရာတောင်မှာမှ သူတို့ တိုင်းရင်းဆေးကို တိုးတက် မြင့်မားအောင်ပြန့်ပွားအောင်လုပ်နေသေးရင် ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မြန်မာ့တိုင်းရင်းဆေး ကို တကယ်သာ ပြည်သူ့ဆေးရုံကြီးနှင့်တွဲဖက်ပြီး ဆောင်ရွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဝန်ထုတ်၊ ဝန်ပိုးလည်း လျော့သွားမယ်။ ကျွန်တော် ပြည်သူတွေရဲ့ သူတို့တိုင်းရင်းဆေးကိုလည်း ယုံကြည်မှုက လည်း အားကိုးလာမယ်လို့ ကျွန်တော်ပြောကြားလိုတဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုမဟုတ်ဘူး။ ဒီမေးခွန်းမေးတာ။ ဦးအောင်ခင် မေးခွန်းလား၊ အဆိုတင်သွင်းတာလား။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို တိုင်းရင်းဆေးလောကကြီး တိုးတက်ဖို့ရည်စူးပြီးမေးတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင်တော့ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံတစ်ရုံရှိပါတယ်။ ၂၅ ခုတင်ဆံ့

တိုင်းရင်းဆေးရုံသုံးခုကိုလည်း ဆောက်ဖို့ဖွင့်လှစ်သွားရန် အစီအစဉ်လည်းရှိပါတယ်။ ကျောက်ဆည်၊ ရမည်းသင်း၊ ညောင်ဦး။ နောက် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှစ်ရုံကတော့ ပျော်ဘွယ်၊ မိုးကုတ်တို့မှာ ဖွဲ့စည်းပုံရရှိရေးအတွက်ကို လောလောဆယ်ဆောင်ရွက်နေပါတယ်။ ထို့အပြင် ခရိုင်တိုင်းရင်းဆေး ဦးစီးဌာန ခြောက်ခုရှိပါတယ်။ မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မေမြို့မှာမရှိသေးပါဘူး။ ဒီနေရာမှာ မြို့နယ်မှာတော့ ကျွန်တော် ၂၃ မြို့နယ်မှာ မြို့နယ် တိုင်းရင်းဆေးကုသဌာနများရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း တိုင်းရင်းဆေးလောကတိုးတက်ဖို့အတွက် ကျွန်တော့်အနေနဲ့ Technical Advisory Group On Traditional Medicine ဆိုပြီးမကြာခင်ကဖွဲ့ပါတယ်။ ပထမဆုံးအကြိမ် အစည်းအဝေးကို လာမယ့် တနင်္ဂနွေနေ့မှာ လုပ်ဖို့စီစဉ်ထားပါပြီ။ ဒီအဖွဲ့မှာပါဝင်တဲ့ လူတွေက မြန်မာတိုင်းရင်းဆေးဆရာကြီး အသင်းတွေက ပုဂ္ဂိုလ်ကြီးများပါပါတယ်။ တိုင်းရင်းဆေးသမားတော်ကြီး စီနီယာတွေ ပါပါတယ်။ တိုင်းရင်းဆေးကောင်စီကလူတွေပါပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကနေပြီးတော့ ပင်စင်ယူသွားတဲ့ တိုင်းရင်းဆေးပါမောက္ခဆရာကြီးတွေ ပါပါတယ်။ ဒီအဖွဲ့အနေနဲ့ တိုင်းရင်းဆေးကို သုတေသနမပါဘဲနဲ့ တိုင်းရင်းဆေးက နောက်နှစ် ၁၀၀၀ လုပ်ရင်လည်း မတိုးတက်နိုင်ပါဘူး။ အဲဒီတော့ သုတေသနက ဘာတွေလုပ်သင့်သလဲ။ တိုင်းရင်းဆေးတက္ကသိုလ်မှာရှိတဲ့ သင်ကြားရေး Curriculum မှာကိုက်လား၊ မကိုက်ဘူးလား။ ကောင်းလား၊ မကောင်းလား။ ဒါတွေလည်း အကုန်လုပ်မယ့်အပြင် တိုင်းရင်းဆေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို သူတို့ အကြံဉာဏ်ပေးပါမယ်။ ဒီအကြံဉာဏ်က ကျွန်တော့်ကို တိုက်ရိုက်ပေးပြီး ကျွန်တော်ကနေပြီးတော့ ညွှန်ချုပ်နဲ့အဖွဲ့ကို တိုက်ရိုက်ပေးပြီးတော့ လုပ်ခိုင်းမယ်။ လုပ်ခိုင်းပြီး Monitor လုပ်ပါမယ်။ သို့မှသာလျှင် တိုင်းရင်းဆေးကြီးဟာ တိုးတက်မယ်။ နောက်မို့လို့ရှိရင် တိုင်းရင်းဆေးဟာ မည်သည့်နည်းနဲ့မှ မတိုးတစ်လခွဲလောက်က သူတို့ရဲ့ Idea တွေ ဘာတွေရှိမယ်။ ဒါကြောင့် ကျွန်တော် ဒီအဖွဲ့ကြီးကို ဖွဲ့တာ။ ဒီအဖွဲ့ မရှိရင် အမှန်အတိုင်းပြောမယ်ဆိုရင် ကျွန်တော်တို့က ဒါ Western Medicine သင်လာတဲ့လူတွေ။ တိုင်းရင်းဆေး ဆရာကြီးရဲ့ အကြံဉာဏ်ပေးချက်တွေကို ကျွန်တော်တို့ နားမထောင်ဘဲလုပ်လို့ရှိရင် ဘယ်လိုမှ မရနိုင်ပါဘူး။ အဲဒါကြောင့် ဒီအဖွဲ့ကြီးကို ဖွဲ့လိုက်ရတယ်။ ဒီအဖွဲ့ကြီးမှာလည်း ဥက္ကဋ္ဌအနေနဲ့ကတော့ ဒေါက်တာအောင်နိုင် သူကဆရာဝန်ဖြစ်သော်ငြားလည်း တိုင်းရင်းဆေး လက်မှတ်တွေလည်း အများကြီးရထားတဲ့သူတစ်ယောက်၊ နောက် တိုင်းရင်းဆေးဆရာကြီးများလည်း လက်ခံတဲ့လူဖြစ်ပါတယ်။ သူက ဥက္ကဋ္ဌလုပ်ပါတယ်။ ကျန်တာအဖွဲ့ဝင်တွေကလည်း တကယ့်စီနီယာ Senior အရမ်းရှိတဲ့ တိုင်းရင်းဆေးဆရာကြီးများဖြစ်တဲ့အတွက် သူတို့ရဲ့အကြံဉာဏ်ကိုတော့ ကျွန်တော်

Expert လုပ်နေပါတယ်။ အရင်က သူတို့လာပေးမှ ကျွန်တော်ဖြစ်အောင်လုပ်ပါမယ်။ အခု ဒီအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။

အခု ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မြေ ၃.၈ ဧကကိုတော့ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရဲ့(၅/၂၀၁၇) အစည်းအဝေးမှာ အတည်ပြုပြီးပါပြီ။ ရက်ပိုင်းအတွင်းမှာ ပြည်ထဲရေးဝန်ကြီးဌာနကနေ လွှဲပါမယ်။ ဒီမြေရလို့ရှိရင် ကျွန်တော်တို့ ဒီမြေကိုစမ်းသပ်လည်းပြီးပါပြီ။ နှစ်တိုရှည်၊ နှစ်ရှည်ပင်စိုက်လို့ရတယ်။ ခရိုင်တိုင်းရင်းဆေးဦးစီးဌာနလုပ်မယ်။ တစ်ပတ်ကိုနှစ်ရက် မြို့နယ်ကနေလာပြီးတော့ ဆေးခန်းလည်း ဖွင့်ပေးပါမယ်။ အဲဒီတော့ ဒီမှာစိုက်မှာ နှစ်ရှည်ပင်တို့၊ နှစ်တိုပင်တို့က ဘာလို့စိုက်လဲဆိုတော့ ဒီဟာပျိုးထိန်းတဲ့အပြင် တိုင်းရင်းဆေးမှာ စက်ရုံနှစ်ရုံ ရှိပါတယ်။ ဆေးထုတ်တာ။ ရန်ကုန်တစ်ရုံ၊ မန္တလေးတစ်ရုံ။ မန္တလေးမှာ အသစ်ဆောက်မှာ။ Latest Technology နဲ့ဆောက်နေပါပြီ။ ပြီးခါနီးပါပြီ။ အဲဒီမှာရှိတဲ့ ကုန်ကြမ်းတွေကိုလည်း ရမှာဖြစ်တဲ့ အတွက် ဒီမြေဧရိယာကို ပုဂ္ဂလိကကော်မရှင်က ကျွန်တော်တို့ကို ၃.၈ ဧကပေးပါတယ်။ ဒီမြေ ဧရိယာကတော့ ပြင်ဦးလွင်ကနေ ၁၂ မိုင်၊ မန္တလေးကနေ မိုင် ၃၀ အကွာမှာရှိပြီးတော့ ခရိုင်ရုံးဖွင့်လှစ် မယ်ဆိုလို့ရှိရင် ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်များရှိ မြို့နယ် တိုင်းရင်းဆေးကုသတွေကို သူတို့က ထိရောက်စွာကူညီပံ့ပိုးနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ဆေးလာကုခြင်းအားဖြင့်လည်း ပြင်ဦးလွင်မြို့နယ်မှာ မှီတင်းတဲ့ ကျေးရွာ ၂၅ ရွာနဲ့ လူဦးရေ ၅၀၀၀၀ ကျော်နဲ့ အစိုးရဌာနများ၊ တက္ကသိုလ်များရှိခြင်းတို့ကြောင့် အဆိုပါ လူဦးရေအတွက် တိုင်းရင်းဆေး ကုသရေးလုပ်ငန်းကိုလည်း ကျွန်တော်တို့ ထိရောက်စွာဆောင်ရွက်နိုင်မယ်လို့ထင်ပါတယ်။ ဒါကြောင့် ဒီဟာကိုရရင် အမြန်ဆုံးလုပ်မယ်။ မြေရတာနဲ့ မြေကရက်ပိုင်းအတွင်းရမှာပါ။ လာမည့်ရက်ပိုင်း တစ်ပတ်လောက်အတွင်းကို ရဖို့ရှိပါတယ်။ ရမယ်ဆိုရင် ခရိုင်ရုံးဖွဲ့စည်းပုံရရှိရေးကို ကျွန်တော်တို့ ဒီနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ နှစ်ထပ်ဆောက်လုပ်ရေးအတွက်ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းတောင်းခံသွား မည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း ဒီလောက်ပဲဖြေခွင့်ပေးပါ။ ဒီမေးခွန်းကို။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝါရင့်ဆရာဝန်ကြီးနှစ်ယောက်က၊ တစ်ယောက်က မေးတယ်။ ဝါရင့်ဆရာဝန်ကြီး ကျန်းမာရေးဝန်ကြီးကလည်း ဖြေတယ်။ တကယ့်ဝါရင့်ဆရာဝန်ကြီးနှစ်ယောက်က တိုင်းရင်းဆေး အကြောင်းပြောရတော့ နည်းနည်းမှားမှားယွင်းယွင်းဖြစ်သွားပုံရတယ်။

**အုတ်တွင်းမြို့နယ်ရှိ (၂၅)ခုတင်ဆံ့မြို့နယ်ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့စံကိုက် ဖွဲ့စည်းပုံအသစ် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၂၅) ခုတင်ဆံ့ အုတ်တွင်းမြို့နယ်ဆေးရုံကို (၅၀)ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံအဖြစ် ဖွဲ့စည်းပုံအသစ်နဲ့ အဆင့် မြှင့်တိုးမြှင့်ဖွင့်လှစ်ပေးဖို့ရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကို တင်ပြလိုပါတယ်။ အုတ်တွင်းမြို့နယ်ဟာ ပဲခူးရိုးမတောင်ခြေမှာရှိပြီး မြောက်ဘက်မှာ တောင်ငူမြို့နယ်၊ တောင်ဘက်မှာ ဖြူးမြို့နယ်၊ အရှေ့ဘက်မှာ စစ်တောင်းမြစ်စီးဆင်း ပြီး အနောက်ဘက်မှာ ပဲခူးရိုးမတောင်တန်းကြီး ကာစီးထားပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာရှိတဲ့ ဒေသ ခံပြည်သူအချို့ဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဖြစ်ကြပြီး မြို့နယ်အတွင်းမှာ စက်ရုံ၊ အလုပ်ရုံတွေဟာ မရှိသလောက်ရှားပါးတဲ့အတွက်ကြောင့် ဒေသခံပြည်သူ အများစုဟာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး အလုပ်အကိုင်အတည်တကျမရှိကြတဲ့ အခြေခံ လူတန်းစားတွေဖြစ်ကြပါတယ်။ ဒါကြောင့် ကျန်းမာရေးကိုလည်း ဂရုမစိုက်နိုင်ကြဘဲ ကျန်းမာရေး ဗဟုသုတတွေလည်း နည်းပါးကာ နေမကောင်းဖြစ်မှသာ ဆေးရုံ၊ ဆေးပေးခန်းတွေကို အားကိုးတကြီး တက်ရောက်ကုသကြတဲ့သူတွေဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးဖြစ်သလို ချမ်းသာခြင်းလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့မဲဆန္ဒနယ်အတွင်းမှာ အခုလိုမိုးရာသီရောက်ပြီဆိုရင်တော့ အမြဲဖြစ်နေကျဖြစ်တဲ့၊ ရာသီစာလို့တောင်ခေါ်ဝေါ်သမုတ်ကြတဲ့ သွေးလွန်တုတ်ကွေးရောဂါအပြင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ လယ်ယာလုပ်ငန်းခွင်မှာ ပိုးထိခြင်းအပါအဝင် အအေးမိဖျားနာရောဂါပေါင်းစုံဟာ ဖြစ်ပွားလျက်ရှိပါတယ်။ ဒေသခံပြည်သူတွေဟာ ကျန်းမာရေးအတွက် ပြည်ပကိုမပြောနဲ့မြို့ပြတွေမှာ တောင် ဆေးသွားရောက်ကုသဖို့ရာအတွက် မလွယ်ကူကြပါဘူး။ အများစုဟာဆိုရင်လည်း ပြင်ပ

ဆေးခန်းတွေမှာ သွားရောက်ပြီး မကုသနိုင်တဲ့အတွက်ကြောင့်မို့လို့ အစိုးရရဲ့ဆေးရုံ၊ ဆေးပေးခန်းတွေကိုသာ အားကိုးနေကြရတာဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်မှာဆိုရင် မြို့နယ်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံနှစ်ခုနှင့် ကျေးလက်ဆေးပေးခန်းငါးခုရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း ၄၀ ကျော်မှာရှိတဲ့ ကျေးရွာပေါင်း ၂၀၀ ကျော်ကပြည်သူတွေ အားထားနေကြတဲ့ ပြည်သူ့ဆေးရုံဟာဆိုရင် တက်ရောက်ကုသတဲ့လူနာတွေ များပြားလာတဲ့အတွက်ကြောင့် ကျပ်တည်းမှုတွေဖြစ်ပြီး ဆေးရုံအဆင့်ကို တိုးမြှင့်ဖို့ရာအတွက် လွန်စွာလိုအပ်လျက်ရှိပါတယ်။ အုတ်တွင်းမြို့နယ်ဆေးရုံအတွင်းမှာဆိုရင်၊ အခုလို မိုးရာသီမှာဆိုရင်လည်း ရေကြီးခြင်းတွေဖြစ်ပေါ်တဲ့အတွက်ကြောင့်မို့လို့ တက်ရောက်ကုသတဲ့လူနာတွေဟာ လွန်စွာဒုက္ခရောက်နေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပြုပါရှင့်။ ဒါကတော့ အုတ်တွင်းမြို့ရဲ့မြေပုံအစိတ်အပိုင်းတချို့ဖြစ်ပါတယ်။ ဒါကတော့ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံဖြစ်ပါတယ်။ ဒါကတော့ အုတ်တွင်းမြို့နယ်ရဲ့ ဒေသအခြေအနေပြဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်ဆေးရုံဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ခုတင်အဆင့်တိုးမြှင့်ရန် လိုအပ်တဲ့အခြေခံမှုများ၊ အညွှန်းကိန်းများနှင့်လည်း နီးစပ်စွာကပ်လျက်မှုတွေရှိနေတာကို တွေ့ရပါတယ်။ ဆေးရုံရဲ့လက်ရှိမြေနေရာအကျယ်အဝန်းဟာဆိုရင်လည်း ခုနစ်ဧကရှိပါတယ်။ ဒါကတော့ ဆေးရုံအဆင့်တိုးမြှင့်ရန်အတွက် နယ်မြေဒေသအခြေအနေနဲ့ မြေပြင်အမှန်တကယ်လိုအပ်မှုတွေဖြစ်ပါတယ်။ ဒါကတော့ အုတ်တွင်းမြို့နယ်ဆေးရုံရဲ့လက်ရှိအခြေ အနေတွေဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်နဲ့ပြည်ပလူနာဌာနဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံအဆောက်အဦတွေဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံအဆောက်အဦများရဲ့ပျက်စီးယိုယွင်းနေတဲ့ အခြေအနေများဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားသန့်စင်ခန်းနဲ့ အမျိုးသမီးသန့်စင်ခန်းဖြစ်ပါတယ်။ ဒါကတော့ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ဒါကတော့ဝန်ထမ်း အိမ်ရာနဲ့အဆင့်တိုးမြှင့်ဆေးရုံဆောက်လုပ်ဖို့ရန်အတွက် ရှိနေတဲ့မြေနေရာများဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ဆေးရုံအဆင့်တိုးမြှင့်ဖို့ရန်အတွက် လိုအပ်နေတဲ့ အခြေအနေမှာရှိနေပြီးတော့ မြေနေရာကလည်း အဆင်သင့်ရှိနေပြီဖြစ်တဲ့အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ မေးခွန်းဖြစ်သော (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံ(အုတ်တွင်း)ကို ခုတင်(၅၀)ဆံ့ ဖွံ့စည်းပုံတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ တင်ပြပါမယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှာ (၂၅)ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံနှစ်ရုံရှိပါတယ်။ စုစုပေါင်း ဆေးရုံသုံးရုံရှိပါတယ်။ ဒီဆေးရုံရဲ့ အနေအထားကို ပြန်ကြည့်တဲ့အခါမှာ ဖြူးမြို့နယ်ဆေးရုံနဲ့က ၂၅ မိုင်ပဲကွာပါတယ်။ တောင်ငူမြို့နယ် ဆေးရုံနဲ့တော့ ကိုးမိုင်ပဲကွာပြီးတော့ ကားနဲ့သွားမယ်ဆိုရင် မိနစ် ၂၀ ပဲ ကြာပါတယ်။ ကျွဲပွဲတိုက်နယ်ဆေးရုံနဲ့တော့ ကိုးမိုင်ဝေးပြီးတော့ ကားနဲ့သွားရင် ၃၅ မိနစ်ခန့် ကြာပါတယ်။ ညောင်ခြေထောက်တိုက်နယ်ဆေးရုံနဲ့ ၁၄ မိုင်ဝေးပါတယ်။ ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဒီဆေးရုံကို တိုးသင့်/မတိုးသင့် ပြန်လည်သုံးသပ်တဲ့အခါမှာဆိုလို့ရှိရင် သူတို့ရဲ့ခုတင် အသုံးချမှုနှုန်းက တော်တော်လေး နည်းနေပါသေးတယ်။ ၈၄၊ ၉၄၊ ၁၀၃၊ ၁၂၃။ ၂၀၁၆ မှာ ၁၃၆ လောက်တက်ပါတယ်။ ၁၅၀ တက်မယ်ဆိုရင် ကျွန်တော်တို့က တိုးပေးပါမယ်။ သို့သော်လည်း ဒီနေရာမှာကြည့်တဲ့ အခါမှာ သူနဲ့အနီးဆုံး ကိုးမိုင်ပဲဝေးတဲ့ တောင်ငူဆေးရုံကိုကြည့်တဲ့အခါမှာ တောင်ငူဆေးရုံမှာ အထူးကု ဆရာဝန်တွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ ဆေးပညာ၊ သားဖွား/မီးယပ်၊ ကလေး၊ ခွဲစိပ်၊ မေ့ဆေး၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ အကြောအဆစ်၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ မှုခင်း၊ အနုဇီဝဗေဒ၊ ဦးနှောက် အာရုံကြော၊ ဆေးကု အများကြီးရှိပါတယ်။ လက်ထောက်ဆရာဝန်ပေါင်းက ၄၆ ဦးရှိပါတယ်။ သူနာပြု က ၁၃၅ ဦးရှိပါတယ်။ တောင်ငူဆေးရုံမှာ။ ဆိုလိုတာက ဒီမှာဖြစ်မယ်ဆိုရင်တော့ လောလောဆယ် ဒီဆေးရုံကိုသွားရင် မိနစ် ၂၀ ပဲကြာပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာကို အဆောက်အဦအနေနဲ့ တိုးဖို့ဝန်မလေးသော်လည်း ဒီမှာတိုးပေးလို့ရှိရင် ကျွန်တော်တို့ ခန့်အပ်မယ့်ဆရာဝန်အရေအတွက်၊ သူနာပြုအရေအတွက်၊ ဝန်ထမ်းအရေအတွက်က သိပ်ပြီးတော့ မလိုအပ်သေးတဲ့အတွက် ကျွန်တော်မလုပ်ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ၁၅၀ ရာခိုင်နှုန်းတက်လာရင်တော့ တစ်ပြိုင်တည်း ကျွန်တော်တို့ လုပ်ပေးပါမယ်။ ဒီဓာတ်ပုံတွေမှာပြတဲ့အခါမှာ ဒီဟာတွေ တော်တော်လေးကို အခြေအနေမကောင်းပါဘူး။ ဒါတွေက အမှန်တကယ်ကတော့

အဲဒီမှာရှိတဲ့ ဆရာဝန်တာဝန်သာဖြစ်ပါတယ်။ သူက ကျွန်တော်တို့ကို ပြင်ဆင်စရိတ်တောင်းမယ်။ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအဆင့်တောင်းမယ်ဆိုလို့ရှိရင် ပြင်ဆင်စရိတ်ချပေးဖို့က အဆင်သင့်ပါပဲ။ သူတို့မတောင်း၍သာ မရခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့လည်း ဆရာဝန်နဲ့တိုင်ပင်ပြီးတော့ ဒါတွေကိုတောင်းဖို့ စီစဉ်ပေးသင့်ပါတယ်။ မြေဧကလည်း ခုနစ်ဧကရှိတဲ့အတွက် ပြဿနာမရှိပါဘူး။ လိုအပ်ရင် ချက်ချင်းဆောက်ပေးဖို့ ဖွဲ့စည်းပုံတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ရောဂါများတာနဲ့ ကျွန်တော်တို့က ခုတင်တိုးဖို့က သိပ်မသက်ဆိုင်ပါဘူး။ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ရောဂါကျဖို့ အတွက်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို အားတက်သရော ကျွန်တော်တို့ သေချာလုပ်ပေးပါ တယ်။ ဒါတွေကိုအားတက်လေ ပိုလုပ်လေ။ ဒီ ရောဂါအဖြစ်နှုန်းက အကုန်ကျလေပဲဖြစ်ပါတယ်။ ဒါကို တော့ ကျွန်တော်တို့တာဝန်ပါ။ ကျွန်တော်တို့ ဒါကိုဆက်လက်ပြီးတော့ လုပ်ပေးပါမယ်။ ဒီဆေးရုံကို ကြည့်တဲ့အခါမှာ ဆရာဝန်က ၅ ယောက်ရှိရမယ့်အစား နှစ်ယောက် ပဲရှိပါတယ်။ ဒါကို ကျွန်တော် အမြန်ဆုံးပို့ပေးပါမယ်။ သူနာပြုကလည်း ၁၅ ယောက်ရှိတဲ့နေရာမှာ ၈ ယောက်ဆိုတော့ ဒါကိုလည်း ကျွန်တော်အမြန်ဆုံးပို့ပေးပါမယ်။ ဒီလပိုင်းအတွင်းကို ကျွန်တော်တို့ ပို့ပေးပါမယ်။ ကျန်တဲ့ကျွမ်းကျင်ကို ကြည့်လိုက်တဲ့အခါမှာ ဓာတ်ခွဲကျွမ်းကျင်၊ ဓာတ်မှန်ကျွမ်းကျင်၊ ဆေးမှတ်တမ်း၊ ဆေးစပ်အစရှိသည်ဖြင့် အကုန်ရှိပါတယ်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်၊ ဆေးထည့်ကအစ အကုန်လုံးအပြည့်အစုံရှိပါတယ်။ နေ့စားကလည်း ၁၆ ယောက်ရှိရမှာ ၈ ယောက်ရှိပါတယ်။ ဝန်ထမ်း အားဖြင့်တော့ ၄၇ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် အခြေအနေသိပ်တော့မဆိုးပါဘူး။ အဲဒီတော့ ကျွန်တော့် အနေနဲ့ တင်ပြချင်တာကတော့ လောလောဆယ်မပေးပါဘူး။ ၁၅၀ ပြည့်တာနဲ့ ချက်ချင်းပေးဖို့ စဉ်းစားမယ်။ လိုအပ်တဲ့ အဓိကကတော့ ဆရာဝန်ပိုရှိဖို့လိုပါတယ်။ သူနာပြုပိုရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော့်အနေနဲ့ အမြန်ဆုံးပေးမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါရှင့်။ အခုလိုမျိုးဖြေကြားပေးတဲ့ ကျန်းမာရေးဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျန်းမာရေး ဝန်ကြီးပြောသလို ကျွန်မတို့အုတ်တွင်းမြို့နယ်ဆေးရုံဟာ တောင်ငူဆေးရုံနဲ့လည်း နီးကပ်စွာရှိပြီး ဖြူးမြို့နယ်နဲ့လည်း နီးကပ်စွာရှိနေတယ်ဆိုပေမဲ့ ကျွန်မတို့အုတ်တွင်းမြို့နယ်ဆေးရုံကို အားကိုး အားထားပြုနေရတဲ့သူတွေဟာ ကျေးလက်နေလူတန်းစားတွေဖြစ်ပါတယ်။ သူတို့ဟာဆိုရင် အခုလိုမျိုး

ကျန်းမာရေးအတွက်၊ ဆေးရုံလာဖို့ရာအတွက်ဆိုရင် သူတို့က အခုလိုမျိုး မိုးရာသီမှာဆိုရင်လည်း လမ်း၊ ခရီးတွေဟာ အင်မတန်မှခက်ခဲတဲ့အတွက် သူတို့က စောင်တွေကို ပုခက်လိုလုပ်ပြီးတော့မှ အပြေးအလွှားနဲ့ဆေးရုံကို လာကြရတာပါ။ ဒါကြောင့် သူတို့အနေနဲ့ ထပ်မံပြီးတော့၊ ကားစီစဉ်ပြီးတော့ တောင်ငူဆေးရုံကိုသွားဖို့ဆိုတာဟာ နဲနဲတော့အခက်အခဲဖြစ်နေပါတယ်။ နောက်တစ်ခါဝန်ကြီးပြောခဲ့သလိုပါပဲ။ အုတ်တွင်းမြို့နယ်ဆေးရုံဟာ အခုနက ကျွန်မတို့က Power Point နဲ့ပြခဲ့သလိုပဲ။ လွန်စွာမှကို ရုပ်ပျက်ဆင်းပျက်ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီဟာကို ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ဘာမှကို ဒီအဆောက်အဦတွေပြင်ဆင်ဖို့ရာအတွက်ကိုလည်း ဘာမှတိုင်ပင်ခြင်းတွေ မရှိကြပါဘူး။ ဝန်ကြီးရဲ့ကျေးဇူးကြောင့် ကျွန်မတို့ရဲ့အုတ်တွင်းမြို့နယ်မှာဆိုရင် ကျွဲပွဲနဲ့ညောင်ခြေထောက်မှာဆိုရင်လိုအပ်တာတွေဟာ တော်တော်ကို ပြည့်စုံနေပါပြီ။ အုတ်တွင်းမြို့နယ်ဆေးရုံကတော့ လွှတ်တော်ကိုယ်စားလှယ်နဲ့လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ တင်ပြခြင်းတွေ လုံးဝမရှိတဲ့အတွက်ကြောင့်မို့လို့ အခုလိုအခြေအနေမျိုးတွေ ဖြစ်နေရတာပါ။ ဒါကြောင့်မို့လို့ အုတ်တွင်းမြို့နယ်ဆေးရုံကို ၂၅ ခုတင်ဆံ့ကနေ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် မည်သည့်အချိန်ကာလမှာ အဆင့်မြှင့်တိုးမြှင့်ပေးဖို့ရာအတွက် အစီအစဉ်ရှိ/မရှိလေးကို ခုနက ဝန်ကြီးဖြေပေးပေမဲ့ ကျွန်မ အတိအကျလေးကိုတော့ သိချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ ဆက်စပ်မေးခွန်းပဲဖြေပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ တိုးပေးတာက လိုအပ်လို့ရှိရင် တိုးပေးပါမယ်။ မလိုလို့ရှိရင် မတိုးပါဘူး။ ကျွန်တော်တို့နိုင်ငံက ချမ်းသာတဲ့နိုင်ငံမဖြစ်တဲ့အပြင် ဦးစားပေးတွေလည်း အများကြီးရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးတင်မကဘူး။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ အားလုံးကို Higher Level က ခြုံကြည့်ရပါတယ်။ ဒီမှာလူဦးရေကိုကြည့်တဲ့အခါမှာ ၂၀၁၂ ခုနှစ်မှာ တစ်ရက်ကို ဆေးရုံလာတဲ့ပျမ်းမျှအတွင်းလူနာ ၂၂ ယောက်ပဲရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ ၂၄ ယောက်ပဲရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ ၂၆ ယောက်၊ ၂၀၁၅ ခုနှစ်မှာ ၃၁ ယောက်၊ ၂၀၁၆ ခုနှစ်မှာ ၃၅ ယောက်ပဲရှိပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီကနေ မေလအထိကတော့ ၃၀ ယောက်ပဲရှိပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ အုတ်တွင်းကို တော်တော်စေတနာရှိပြီး မေးတာဖြစ်တဲ့အတွက် ကျွန်တော်သိပါတယ်။ အဲဒါကြောင့် ကျွန်တော်ချက်ချင်း ဒီကပြန်ရင်ဖုန်းဆက်ပြီးတော့ တိုင်းဦးစီးမှူးကိုယ်တိုင်

သွားပြီးတော့ ကြည့်ခိုင်းပါတယ်။ ကြည့်ပြီးလိုအပ်တာတွေကို အမြန်ဆုံးချက်ချင်းသွားပို့ပါမယ်။ ဒီနေ့ပဲ ကျွန်တော် ဖုန်းဆက်ပြီးပြောပါမယ်။ ကျေးဇူးတင်ပါတယ်။

**ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ (Fact Finding Mission) တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသို့ စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်လုံလောက်သော တားဆီးကန့်ကွက်မှု ပြုလုပ်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှဌေးဝင်း(ဇေယျာသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီက ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ဖို့ အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံသို့ စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက် လုံလောက်သော တားဆီးကန့်ကွက်မှုပြုလုပ်ရန်အတွက် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိသည်ကို သိရှိလိုကြောင်း ဖြစ်ပါတယ်။ လူ့အခွင့်အရေးကောင်စီဟာ မတ်လ ၂၄ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို မဲမခွဲဘဲ အတည်ပြုချမှတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်မှာ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များရဲ့ လူ့အခွင့်အရေးဆိုင်ရာစွပ်စွဲချက်များ၊ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းပြီး နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းပြီး မြန်မာနိုင်ငံကိုစေလွှတ်ရန်ဆိုပြီးတော့ ပါရှိခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်က လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအစီရင်ခံစာနှင့် OHCHR က တစ်ဖက်နိုင်ငံကို အဖွဲ့ဝင်လေးဦးပါ အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး စုံစမ်းပြုစုတင်ပြခဲ့တဲ့ Flash Report အပေါ်မှာ အခြေပြုဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒီ Flash Report ပြုစုတဲ့နည်းလမ်း Methodology ကလည်း ရခိုင်ပြည်နယ်အတွင်းကနေ ထွက်ပြေးလာခဲ့တယ်ဆိုတဲ့သူ ၇၅၀၀၀ ဦး အနက်က ၂၂၀ ဦးနဲ့ တွေ့ဆုံးမေးမြန်းအစီရင်ခံခဲ့တဲ့ Flash Report အပေါ်မှာ သုံးသပ်ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

**မူကြမ်း**

အစီရင်ခံစာပါတွေ့ရှိချက်များ မှန်ကန်ကြောင်းကို သီးခြားလွတ်လပ်တဲ့ ထောက်ခံတင်ပြချက်များမပါရှိပါဘူး။ နစ်နာတယ်လို့ တောင်းဆိုသူများက ဇာတ်နာအောင်ဖန်တီးထားတဲ့ ပုံပြင်ဆန်ဆန် တစ်ဖက်သတ်ထွက်ဆိုချက်များသာ ဖြစ်ပါတယ်။ စွပ်စွဲခံရသူများဘက်ကလည်း ထွက်ဆိုတင်ပြချက်များ မပါရှိပါဘူး။ သက်သေခံအထောက်အထားများလည်း ခိုင်မာအားကောင်းဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ လူ့အခွင့်အရေးကြေညာစာတမ်း Article 11 မှာ Everyone is Innocence until Proof otherwise လို့ ဆိုထားပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ၎င်းနေ့မှာပဲ အဆိုပါဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး ကျိုးကြောင်းဖော်ပြချက်များနှင့် လူ့အခွင့်အရေးကောင်စီမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာမှာ ဆုံးဖြတ်ချက်တစ်ခုလုံးကို သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း Dissociated ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း လူ့အခွင့်အရေးကောင်စီက မေလ ၃၀ ရက်နေ့မှာ နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းလိုက်ကြောင်းနှင့် လပိုင်းအတွင်းမှာ စေလွှတ်ဖို့ ကြေညာခဲ့ပါတယ်။ ယခုကဲ့သို့ ရှေ့တစ်ဆင့်တိုးပြီးတော့ အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဟာ မြန်မာနိုင်ငံရဲ့ သဘောထားကို ပြစ်ပယ်ပြီးတော့ မထီမဲ့မြင်ပြုလုပ်ခြင်းဖြစ်တဲ့အတွက် စိတ်မသက်မသာခံစားရပါတယ်။

လူ့အခွင့်အရေးကောင်စီဟာ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အတွင်းမှာ ၂၅ နိုင်ငံကို စုံစမ်းရေးအချက်အလက်ရှာဖွေရေးနှင့် အခြားအဖွဲ့များ ဖွဲ့စည်းစေလွှတ်ခဲ့ရာမှာ အချို့နိုင်ငံများက လူ့အခွင့်အရေးကောင်စီရဲ့ဆုံးဖြတ်ချက်များကို ကန့်ကွက်ခဲ့ပြီး ၎င်းတို့ကောင်စီက တာဝန်ပေးအပ်သူများကိုပင် လာရောက်ခွင့်မပြုခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလို လူ့အခွင့်အရေးကော်မရှင် စေလွှတ်တဲ့ နိုင်ငံတချို့ကို လေ့လာကြည့်ရင် အီလီထရီးယားနိုင်ငံ အာဏာရှင်နိုင်ငံဖြစ်ပါတယ်။ လွတ်လပ်တဲ့ တရားစီရင်မှုလည်းမရှိ၊ ပြည်ထောင်စုဥပဒေပြုလွှတ်တော်လည်းမရှိ၊ နောက်ဆုံး Rule of Law လည်း မရှိတဲ့နိုင်ငံမျိုးဖြစ်ပါတယ်။ တဖန် ပျောက်လင့်ချက်ပျက်သုဉ်းခြင်းအသံ (Voice of Disappear) သောသောညံနေတဲ့ လစ်ဗျားလိုနိုင်ငံမျိုး မတ်လ ၁၃ ရက်နေ့အထိ အပြစ်မဲ့အရပ်သား ၉၆၀၀၀ ကျော် သေဆုံးနေတဲ့ ဆီးရီးယားလိုနိုင်ငံမျိုးတွေဟာ ကျွန်တော်တို့နိုင်ငံနဲ့ တခြားစီဖြစ်တဲ့အတွက် နှိုင်းယှဉ်ခံရတာ ရင်နာစရာကောင်းပါတယ်။ တခြားတစ်ဖက်မှာလည်း ကျွန်တော်တို့နိုင်ငံအပေါ် အကြမ်းဖက်အဖွဲ့များရဲ့ ခြိမ်းခြောက်မှုတွေရှိနေပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုတွေမှာ နိုင်ငံတကာအကြမ်းအဖွဲ့တွေနဲ့ ဆက်စပ်မှုရှိနေပြီးတော့ ပြီးခဲ့တဲ့ ရှန်ဂရီလာဒိုင်ယာလော့ ဆွေးနွေးပွဲမှာ အရှေ့တောင်အာရှမှာ အကြမ်းအန္တရာယ်အလွန်မြင့်မားလာကြောင်း

အရှေ့အလယ်ပိုင်းကပြန်လာမယ့် IS တို့ မိမိတို့ဒေသထဲရောက်လာရင် အကြမ်းဖက်တိုက်ခိုက်မှုတွေ ပိုလုပ်လာနိုင်ကြောင်းလည်း သိရပါတယ်။ မကြာမီက မေယုတောင်ကြောပေါ်က အကြမ်းဖက် သင်တန်းစခန်းတွေ့ရှိချက်က ဒီသတင်းတွေရဲ့မှန်ကန်မှုကို အတည်ပြုပေးနေပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံအတွက် အကြမ်းဖက်အန္တရာယ်က ကြိုတင်ကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်ရေး အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်း ဖို့ကိုတောင် အလွန်သတိထားဆောင်ရွက်ရမှာဖြစ်သလို မလုပ်ရဲမကိုင်ရဲနဲ့ အခက်အခဲများ တွေ့စေနိုင် ပါတယ်။ ဒါကြောင့် ဒီဆုံးဖြတ်ချက်ဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေးထောင်ချောက်သဖွယ်ဖြစ်နေပါ တယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Ms Nikki Haley က UNHRC အပေါ်မှာ သတိပေးပြောဆိုရာမှာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် မိမိတို့ အမှန်တကယ်ယုံကြည် ကိုးစားထိုက်တဲ့အဖွဲ့အစည်းဖြစ်မယ်ဆိုရင် သူ့ရဲ့လုပ်နည်းလုပ်ဟန်တွေကို ပြောင်းလဲရမှာဖြစ်ကြောင်း သို့မဟုတ်က နုတ်ထွက်ရမှာဖြစ်ကြောင်း ပြောကြားချက်ဟာ ဒီကောင်စီရဲ့ သမာသမတ်ကျမှု (Integrity) နဲ့ အများယုံကြည်လက်ခံနိုင်မှု (Creditability) အဆင့်တို့ကို မီးမောင်းထိုးပြလိုက်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် UNHRC အပေါ် နိုင်ငံတကာရဲ့ ယုံကြည်ကိုးစားမှုကျဆင်းနေခြင်းကို ရှုမြင်ရမှာဖြစ်ပါတယ်။ ဒါကလည်း ဘယ်သူမပြု မိမိမှုဆိုသလို Double Standard ကျင့်သုံးမှုကြောင့် ဖြစ်ပါတယ်။ ယခုအခါမှာ ရခိုင်ပြည်နယ်ကို နိုင်ငံတကာက အာရုံစိုက်ခံရတဲ့ စိုးရိမ်ဖွယ်ရာဒေသ International Hotpoint ဖြစ်လာအောင် ဘက်ပေါင်းစုံကနေ နည်းလမ်းမျိုးစုံနဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးဝင်းရဲ့ မေးမြန်းချက်ကို ပြန်လည်ဖြေရှင်းပြောကြားသွားမှာဖြစ်ပါ တယ်။ ဒီ အားလုံးသိပြီးကြတဲ့အတိုင်း ကျွန်တော်တို့ ၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်မှာ ပဋိပက္ခတွေ ဖြစ်ပွားပြီးတဲ့နောက်မှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ အခြေအနေကိစ္စကို နိုင်ငံတကာကရော၊ သတင်းမီဒီယာတွေကရော အထူးအလေးပေး အာရုံစိုက်ဖော်ပြလာကြတဲ့အတွက် လုံခြုံရေးကောင်စီ

မှာရော၊ ကုလသမဂ္ဂမအထွေထွေညီလာခံမှာလည်းကောင်း အတည်ပြုချမှတ်တဲ့ ဆုံးဖြတ်ချက်တွေမှာ ဆိုလို့ရှိရင် ဒီ ရခိုင်ပြည်နယ်အရေးကိစ္စကို ပိုမိုပြီးတော့ အလေးပေးဖော်ပြလာကြတာကို တွေ့ရှိရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်လို့တော့ မေးခွန်းမေးမြန်းတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးဝင်း ကိုယ်တိုင်ကနေပြီး အသေးစိတ်ရှင်းပြထားတဲ့အတွက် နောက်ခံဖြစ်စဉ်ကို ကျွန်တော့်အနေနဲ့ ရှင်းလင်းပြောကြား ခြင်းမပြုတော့ပါဘူး။ အဲဒီတော့ အခုနက OECHR ခေါ်တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကနေပြီးတော့ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ တင်သွင်းခဲ့တဲ့ Flash Report လို့ခေါ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားရောက်ရှိနေတဲ့ ဒုက္ခသည်အချို့ကို ကွက်ပြီးတော့ မေးမြန်းပြီးတော့ ပြုစုတင်ပြခဲ့တဲ့ ဒီအစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ အဲဒါကို အခြေပြုပြီးတော့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ ဆွေးနွေးခဲ့ပါတယ်။ အဲဒီတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ လူ့အခွင့်အရေးကောင်စီရဲ့ (၃၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥရောပသမဂ္ဂကနေပြီးတော့ အဓိကအဆိုရှင်အဖြစ် တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာဆုံးဖြတ်ချက်ကို မတ်လ ၂၄ ရက်နေ့က မဲမခွဲဘဲနဲ့ အတည်ပြုချမှတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်မှာ ပါဝင်တဲ့အချက်အဓိကကတော့ မြန်မာနိုင်ငံ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းမှု ပြုလုပ်တဲ့အခါမှာ ချိုးဖောက်မှုရှိခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးဖို့အတွက် အချက်အလက်ရှာဖွေရေး Mission တစ်ရပ်စေလွှတ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ သူတို့ စုံစမ်းစစ်ဆေးတာဝန်ပေးခဲ့တဲ့ အဓိကရှာဖွေဖော်ထုတ်ဖို့ခိုင်းခဲ့တဲ့ ဒီထဲမှာ စွပ်စွဲချက်တွေကို ကျွန်တော့်အနေနဲ့ မီးမောင်းထိုးတင်ပြလိုပါတယ်။

အဓိကအားဖြင့် ရခိုင်ပြည်နယ်မှာ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေမဲ့ချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ တရားရုံးပြင်ပဦ စီရင်ကွပ်မျက်ခြင်း၊ နေရပ်များမှနှင်ထုတ်ဖယ်ရှားခြင်း၊ ပိုင်ဆိုင်မှုများ ဥပဒေမဲ့ဖျက်ဆီးခြင်းတို့ အပါအဝင် အဲဒီ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်တယ်ဆိုတဲ့ ဒီစွပ်စွဲချက်တွေနဲ့ပတ်သက်ပြီးတော့ အခြေအနေနဲ့ အချက်အလက်တွေ ရှာဖွေဖို့အတွက် တာဝန်ပေးခဲ့ခြင်းဖြစ်ပါတယ်။ သူတို့ရဲ့ ဦးတည်ရည်ရွယ်ချက်ကတော့ ကျူးလွန်သူများကို အပြည့်အဝတာဝန်ခံမှုရှိစေဖို့နှင့် နစ်နာသူများအတွက် တရားမျှတမှုရှိစေရန်ဆိုတဲ့ ဦးတည်ချက်နဲ့ လွတ်လပ်တဲ့ နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန် ထည့်သွင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ

လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်မဟုတ်တဲ့အတွက် မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပိုင်ခွင့်မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ သက်ဆိုင်ရာမိတ်ဆွေနိုင်ငံများ၊ လူ့အခွင့်အရေးကောင်စီဝင်နိုင်ငံများကို ကျွန်တော်တို့နဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် မဖွဲ့စည်းဖို့အတွက် ချဉ်းကပ်စည်းရုံးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဲဒီအဆိုပါဆုံးဖြတ်ချက်မှာ သူက စုံစမ်းစစ်ဆေးရေးကော်မရှင်မဖွဲ့သော်လည်းပဲ Fact Finding Mission ကို ထည့်သွင်းဖွဲ့စည်းဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီတော့ အဲဒီဆုံးဖြတ်ချက်မှာ မိမိတို့လက်မခံနိုင်တဲ့ Fact Finding Mission စေလွှတ်ရေးကိစ္စကို ထည့်သွင်းထားတဲ့အတွက် ကြောင့်မို့လို့ အဲဒီဆုံးဖြတ်ချက်ကိုချမှတ်တဲ့ လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာတင်ပဲ မြန်မာ အမြဲတမ်းကိုယ်စားလှယ်ကနေပြီးတော့ အဲဒီဆုံးဖြတ်ချက်တစ်ခုလုံးကို သဘောတူလက်ခံခြင်းမရှိကြောင်း Dissociate ပြုလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံနည်းတူ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယ၊ တရုတ် စတဲ့ ကောင်စီဝင်အချို့နိုင်ငံကလည်း အဲဒီအဆို(မူကြမ်း)ကို သဘောတူလက်ခံခြင်းမရှိကြောင်း ထည့်သွင်းပြောကြားခဲ့ကြပါတယ်။

အဲဒီတော့ ဒီဆုံးဖြတ်ချက်အရ ဖွဲ့စည်းလာမယ့် Fact Finding Mission ဟာ လာမယ့်စက်တင်ဘာလမှာကျင်းပမယ့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ နှုတ်အားဖြင့် အစီရင်ခံစာပဏာမတင်သွင်းဖို့ ရှိပါတယ်။ အဲဒါပြီးရင် ကျွန်တော်တို့ နောက်နှစ် ၂၀၁၈ ခုနှစ် မတ်လမှာကျင်းပမယ့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ Full Report (အစီရင်ခံစာအပြည့်အစုံ)ကို တင်သွင်းရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လိုရပ်တည်ချက်ယူထားသလဲဆိုတော့ ရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံတကာအချက်အလက်ရှာဖွေထုတ်ဖော်ရေးမစ်ရှင် (Fact Finding Mission) ဖွဲ့စည်းခြင်း၊ စေလွှတ်ခြင်းဟာ ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူပြုမည်မဟုတ်တဲ့အပြင် အသိုင်းအဝိုင်းနှစ်ရပ်ကြားမှာ တင်းမာမှုပြဿနာရပ်ကို ပိုမိုကြီးထွားလာစေမှာဖြစ်ခြင်း၊ လက်ရှိပကတိအခြေအနေများနှင့်ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်တည်တံ့တဲ့ဖြေရှင်းချက်မှုတွေ ရရှိဖို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေခြင်း၊ မိမိတို့ကိုယ်တိုင်လည်း ဒုတိယသမ္မတဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းကြိုးပမ်းဖြေရှင်းနေတဲ့အတွက်ကြောင့်မို့လို့ ဒီဆုံးဖြတ်ချက်ကို ကျွန်တော်အနေနဲ့ သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း Dissociate ပြုလုပ်ခြင်းဖြစ်ကြောင်းကို ကျွန်တော်တို့ ပြတ်ပြတ်သားသား အတိအလင်းရှင်းလင်းပြောကြားထားခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန

ကလည်း အခုနက တင်ပြသွားတဲ့အတိုင်း အဆိုပါအချက်အလက်ရှာဖွေရေးမစ်ရှင်းစေလွှတ်ရေးကိစ္စ အပါအဝင် ဆုံးဖြတ်ချက်အား သဘောတူလက်ခံနိုင်ခြင်းမရှိကြောင်းကို ၂၄-၃-၂၀၁၇ ရက်စွဲဖြင့် သတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မိမိကိုယ်တိုင်အနေနဲ့လည်း လူ့အခွင့်အရေးကောင်စီ အစည်းအဝေးသို့တက်ရောက်ပြီးတော့ မိန့်ခွန်းပြောကြားခဲ့ရာမှာ ရခိုင်ပြည်နယ်ကိစ္စရဲ့ ကြိုးပမ်း ဆောင်ရွက်မှုအခြေအနေတွေ၊ မိမိတို့သဘောထားရပ်တည်ချက်တွေကို ရှင်းလင်းပြောကြား ပြီးတော့ ကောင်စီဝင်နိုင်ငံများရဲ့ နိုင်ငံခြားရေးဝန်ကြီးများထံကိုလည်း အသီးသီး စာရေးချဉ်းကပ် ပြီးတော့ စည်းရုံးမှုများလည်း ပြုလုပ်ခဲ့ပါတယ်။ အဲဒီ Fact Finding Mission ဖွဲ့စည်းမှုကိစ္စနှင့် ပတ်သက်ပြီးတော့ ဂျီနီဗာမြို့မှာရှိတဲ့ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌကနေပြီးတော့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်ကို မေ ၂၆ ရက်နေ့က ဆက်သွယ်လာပါတယ်။ အဲဒီ ဒီဖွဲ့စည်းရေးကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ကို တိုင်ပင်ညှိနှိုင်းတဲ့သဘောဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အဲဒီကိစ္စနဲ့ပတ်သက် ပြီးတော့ ဒီအဆို(မူကြမ်း)ကို Dissociate လုပ်ထားပြီးဖြစ်တဲ့အတွက် ယင်းလုပ်ငန်းစဉ်မှာ ပူးပေါင်း ဆောင်ရွက်မည်မဟုတ်ကြောင်းကို အမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ စုံစမ်းစစ်ဆေးရေးမစ်ရှင်အတွက်ကို အိန္ဒိယနိုင်ငံသူတစ်ဦးဖြစ်တဲ့ Ms. Indira Jaising ၊ သီရိလင်္ကာနိုင်ငံသူဖြစ်တဲ့ Ms. Radhika Coomaraswamy နှင့် ဩစတြေးလျနိုင်ငံသားဖြစ်တဲ့ Mr. Christopher Dominic Sodoti တို့ပါဝင်တဲ့ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌကနေပြီးတော့ ဖွဲ့စည်း ပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ Fact Finding Mission စေလွှတ်တဲ့ဆုံးဖြတ်ချက်ကို ကန့်ကွက်ရန်ပြုနိုင်သော်လည်းပဲ ကုလသမဂ္ဂရဲ့ Mandate နဲ့ စေလွှတ်တဲ့ လူ့အခွင့်အရေးကောင်စီ အစီရင်ခံစာများ၊ ဖွဲ့စည်းခြင်းကိုသော်လည်းကောင်း၊ အဲဒီ Mission ကနေပြီးတော့ အစီရင်ခံစာပြုစု တင်သွင်းခြင်းကို ကျွန်တော်တို့အနေနဲ့ ဟန့်တားနိုင်တဲ့အနေအထား ရှိမှာမဟုတ်ပါဘူး။ ဒါပေမဲ့လို့ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံကိုတော့ လာရောက်ခွင့်မပြုဖို့အတွက် မြန်မာသံရုံးတွေကို လိုအပ်တဲ့ ညွှန်ကြားမှုများပြုလုပ်ကာ ကာကွယ်တားဆီးသွားမှာဖြစ်ပါတယ်။ သို့သော်လည်း အဲဒီမစ်ရှင်ဟာ မြန်မာနိုင်ငံကို မလာရောက်နိုင်လို့ရှိရင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်စုံစမ်းပြီးတော့ ပြည်တွင်းရှိ သက်ဆိုင်သူတွေကို ဆက်သွယ်မေးမြန်းမှုတွေပြုလုပ်ပြီးတော့ တွေ့ရှိချက်အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီကို ကျွန်တော်တို့ တင်ပြသွားမှာသာဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာတွေဆောင်ရွက်နေပါသလဲ။ မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်ပြဿနာအား ရေရှည်တည်တံ့တဲ့ ဖြေရှင်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတွေ၊ နောက် အဲဒီပြဿနာရဲ့ သိမ်မွေ့ရှုပ်ထွေးမှုတွေ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုအခက်အခဲတွေ အဲဒါတွေကြောင့်မို့လို့ လက်မခံနိုင်ခြင်းဖြစ်တဲ့အကြောင်း၊ နောက် လက်မခံနိုင်တဲ့အကြောင်းအရင်းတွေကိုလည်း အကြောင်းအရင်းတွေကိုလည်း ရှင်းပြတယ်။ နိုင်ငံတကာမှ နားလည်လက်ခံရေးလာဖို့အတွက်ကော၊ ပြဿနာကို ဘက်စုံထောင့်စုံက မျှတစွာရှုမြင်ကြစေရေးအတွက်လည်းကောင်း စည်းရုံးချဉ်းကပ်ပြောကြားမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့မေလကတစ်ကြိမ်၊ ဇွန်လအတွင်းကတစ်ကြိမ် အဓိကအဆိုတင်သွင်းတဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိတဲ့ ဥပရောပ ဌာနချုပ်နဲ့ အနောက်နိုင်ငံတွေကို တရားဝင်ခရီးစဉ်တွေ ဆက်တိုက်သွားရောက်ခဲ့ပြီးတော့ အဲဒီမစ်ရှင် စေလွှတ်ရေးကိစ္စဟာ မြေပြင်အခြေအနေများနဲ့လည်း ကိုက်ညီမှုမရှိတဲ့အတွက် လက်မခံနိုင်ကြောင်း၊ ရခိုင်ဒေသအသိုက်အဝန်းနှစ်ရပ်ကို ပိုမိုကွဲပြားစေနိုင်သည့် အကြံပြုချက်များဟာ ပြဿနာဖြေရှင်းမှုမှာ အထောက်အကူမပြုတဲ့အတွက် လက်မခံနိုင်ခြင်းဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန်ရဲ့ အကြံပေး ကော်မရှင်၏ ထောက်ခံတင်ပြချက်များဟာ အကောင်အထည်ဖော်ခြင်းဖြင့်သာ ရေရှည်တည်တံ့မှု ဖြေရှင်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရောက်ရှိရာနိုင်ငံတိုင်းတွင် ပြတ်ပြတ်သားသား ရှင်းလင်းပြောကြားခဲ့တယ်။

အဲဒီတော့ ကျွန်တော်တို့ပြည်တွင်းမှာလည်းပဲ ဒီရခိုင်ပြည်နယ်မှာ အောက်တိုဘာလအတွင်းက ရဲစခန်းတိုက်ခိုက်မှုတွေဖြစ်ပေါ်လာပြီးနောက် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာမှာ ကျူးလွန်ခဲ့တဲ့ စွပ်စွဲချက်များနှင့်ပတ်သက်ပြီးတော့ စောစောကပြောသလို ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဒီဇင်ဘာလ ၁ ရက်နေ့က ဖွဲ့စည်းပေးထားခဲ့ပါတယ်။ ကော်မရှင်ဟာ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ဒေသများကို သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့တဲ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားကိုသွားရောက်ပြီးတော့ စုံစမ်းစစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ပေးနိုင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကနေပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ ကော်မရှင်မှ နိုင်ငံတကာယုံကြည်လက်ခံတဲ့အစီရင်ခံစာ ထုတ်ပြန်လာနိုင်မယ်ဆိုလို့ရှိရင် လူ့အခွင့်အရေးကောင်စီကနေစေလွှတ်မယ့် အချက်အလက်ရှာဖွေရေးမစ်ရှင်အားလက်ခံရန် နိုင်ငံတကာမှ ဖိအားပေးမှုများကို ပိုမိုထိရောက်စွာတုံ့ပြန်စေမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒုတိယသမ္မတဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့အစီရင်ခံစာနဲ့ Credibility ဖြစ်မှု၊ သူ့ရဲ့ထုတ်ပြန်တဲ့အရည်အသွေးကောင်းမှုဟာ အင်မတန်အရေးကြီးတယ်ဆိုတဲ့အကြောင်းလည်း ထပ်လောင်းတင်ပြလိုပါတယ်။ ထို့ပြင် အစိုးရတက်လာပြီးတာနဲ့ ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတစ်ရပ်ကို မေလ ၃၀ ရက်နေ့မှာ ချက်ချင်းဖွဲ့စည်းခဲ့ပါတယ်။ ပြီးတော့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်မှုတွေ ကြိုးပမ်းနေပါတယ်။ နောက်ပြီးတော့ ရခိုင်ပြည်နယ်မှာ တွေ့ကြုံတွေ့နေရတဲ့ပြဿနာရပ်တွေကိုလည်းပဲ ရေရှည်တည်တံ့တဲ့ ဖြေရှင်းမှုရရှိရေးအတွက် အကြံပြုဖို့ဖွဲ့စည်းပေးထားခဲ့တဲ့ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာပါ ထောက်ခံ တင်ပြချက်တွေကိုလည်း တက်တက်ကြွကြွ ကျွန်တော်တို့အနေနဲ့ မြေပြင်အခြေအနေနဲ့အညီ အထိရောက်ဆုံးအကောင်အထည်ဖော်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နောက် ရခိုင်ပြည်နယ်မှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ပိုမိုတိုးတက်ရရှိစေဖို့လည်း အဲဒါအပြင် ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှုတိုးမြှင့်ပေးအပ်ရေး၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးအတွက်လည်း ပြည်နယ်အစိုးရရော၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှလည်းကောင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုမြေပြင်မှာတိုးတက်မှုအခြေအနေတွေရရှိလာတာနှင့်အမျှ နိုင်ငံတကာရဲ့ဖိအားပေးမှုလည်း လျော့ကျသွားမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာလည်းပဲ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ခွဲခြားဆက်ဆံမှုတွေ၊ ကာကွယ်တားဆီးရေး၊ အမုန်းစကားတွေတားဆီးမှု ပြုလုပ်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိကြောင်း သက်သေအထောက်အထား ခိုင်လုံမှုရှိလို့ရှိရင်လည်း ဥပဒေနဲ့အညီလိုအပ်တဲ့အရေးယူမှုများ ပြုလုပ်သွားရန်လိုအပ်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံတော်အစိုးရအနေနဲ့ သံတမန်ရဲ့မျက်နှာစာမှာ ရခိုင်ပြည်နယ်အရေးကိစ္စကို အင်မတန်နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက်ရော၊ နိုင်ငံတော်ရဲ့ပုံရိပ်အတွက်ရော အင်မတန်အရေးကြီးတဲ့ကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ပြီးတော့ ဒီကိစ္စနဲ့ပတ်သက်တဲ့စွပ်စွဲချက်နဲ့ပတ်သက်ပြီးတော့ အစိုးရကနေပြီးတော့ ခေါင်းခံတာဝန်ယူပြီး တုံ့ပြန်ကာကွယ်ရှင်းလင်းပြောကြားမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းကို မေးမြန်းပေးတဲ့ မေးခွန်းရှင်လွှတ်တော်ကိုယ်စားလှယ်ရော၊ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရော တိုင်းပြည်အတွက်မေးခွန်းနဲ့ တိုင်းပြည်အတွက်၊ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် လွှတ်တော်ကနေပြီးတော့ အလေးအနက်မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။ မေးခွန်းဖြေကြားပြီးတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကိုတင်ပြဖို့ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မင်းလှိုင်(အဖွဲ့ဝင်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်၊ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာမိတ္တူများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် အချိန်ကိုငဲ့ညာ၍ အကျဉ်းချုံးတင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ ၂၆-၂-၂၀၁၆ ရက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်

အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၇-၃-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင်သုံးဦး၊ ၁၀-၆-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင်တစ်ဦး၊ ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင်တစ်ဦး အစားထိုးဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ရေးရာဆောင် (I-7) တွင် ၁၅ ကြိမ်ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကော်မတီအနေဖြင့် Workshop ၊ Seminar ၊ Training နှင့် အခမ်းအနားများကို လွှတ်တော်ပြင်ပအနေဖြင့် ၄၁ ကြိမ်၊ လွှတ်တော်တွင်းအနေဖြင့် ၁၇ ကြိမ်တက်ရောက်ခဲ့ကြပါတယ်။ တက်ရောက်မှုအသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲတင်ပြထားပါတယ်။ Call တွေ့ဆုံမှုများအနေဖြင့် ပြည်တွင်းအဖွဲ့အစည်းများဖြင့် နှစ်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် ခြောက်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အသေးစိတ်ကို နောက်ဆက်တွဲ(ခ) ဖြင့် ပူးတွဲတင်ပြထားပါတယ်။ ပြည်ပခရီးစဉ်များအနေဖြင့် ကော်မတီအဖွဲ့ဝင်သုံးဦး သွားရောက်ခဲ့ပြီး ဖြစ်ပါတယ်။ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း ၁၅ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၂၉ ခုမေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီအဖွဲ့ဝင်များထံသို့ ပေးပို့လာသော တိုင်ကြားစာ ၁၂၇ စောင်ရှိပြီး ၎င်းတိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကော်မတီဝင်များမှ စီမံဆောင်ရွက်ပြီးဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ သက်ဆိုင်သည့်ဝန်ကြီးဌာန သုံးခုမှာ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ဖြစ်ပါတယ်။ ကော်မတီသည် ပြည်သူ့လွှတ်တော်မှ စိစစ်ရန်သတ်မှတ်ထားသည့် ဥပဒေ ၃၁ ခုရှိပြီး တင်ပြပါကာလအတွင်း ဥပဒေ ၁၀ ခုကို ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကော်မတီအနေဖြင့် တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တတ်စွမ်းသမျှကြိုးစားဆောင်ရွက်ခဲ့သလို လာမည့်နှစ်များတွင် အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။ (က)ဥပဒေကြမ်းများစိစစ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနကျွမ်းကျင်ပညာရှင်များ၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စများရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယင်းဥပဒေများနှင့် သက်ဆိုင်သည့် ကော်မတီများပါဖိတ်ကြား၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားသင့်ပါတယ်။ (ခ) ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်စေရေးအတွက် ဖိတ်ကြားခံရ သောသက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အဆုံးအဖြတ်ပေးနိုင်သော တာဝန်ရှိသူများတက်ရောက် ဆွေးနွေးရန်လိုအပ် ပါတယ်။ (ဂ) စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလုပ်ဆောင်ရေး အတွက် ကော်မတီအဖွဲ့ဝင်များ ပြည်ပနိုင်ငံများသို့သွားရောက်လေ့လာခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop ၊ Seminar ၊ Training များ တက်ရောက်စေခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ (ဃ) တိုင်ကြားစာများ၊ အသနားခံစာများ ကြားနာစစ်ဆေးပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ဌာနအဖွဲ့အစည်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြား ချက်များ၏ အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်၍ လွှတ်တော်သို့ အကြံပြုချက်များ တင်ပြလုပ်ဆောင်သွားရန်လိုအပ်ပါတယ်။ (င) မိမိတို့သက်ဆိုင်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ လက်တွေ့ကျပြီး မှန်ကန်ထိရောက်စေ ရေးအတွက် လိုအပ်ချက်များရှိပါက အခါအားလျော်စွာ ကွင်းဆင်းလေ့လာခြင်း များဆောင်ရွက် သွားရန် လိုအပ်ပါသည်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်မှ စိစစ်ရန်သတ်မှတ် ပေးထားသည့် ဥပဒေ ၃၁ ခုမှ ကျန်ရှိသည့်ဥပဒေ ၂၁ ခုအား ဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သက်ဆိုင်သည့်ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ဆက်စပ်လျက် ရှိသည့်တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကော်မတီအနေဖြင့် ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တာဝန်ပေးအပ်ထားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ များ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်၍ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ရန်လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မတီမှတာဝန်ယူထားရသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဘာသာရပ်နှင့်လုပ်ငန်းများ၊ အသိပညာနှင့် ဗဟုသုတတိုးပွားစေရေးအတွက် ကော်မတီဝင်များအနေဖြင့် လေ့လာဆည်းပူးလျက်ရှိသလို စီးပွားရေးအဖွဲ့အစည်းများမှပြုလုပ်သည့် Workshop ၊ Seminar ၊ Training နှင့်ဟောပြောပွဲများသို့လည်း တက်ရောက်လျက်ရှိပါသည်။ စိစစ်ရန်ကျန်ရှိသည့်ဥပဒေများကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ကပေးအပ်ထားသည့် တာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော်**

**စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**

**၂၀၁၆ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ၁-၂-၂၀၁၆ ရက်နေ့မှ ၃၁-၁-၂၀၁၇ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော ကော်မတီလုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပတွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ၊ ကော်မတီဝင်တစ်ဦးချင်းအလိုက် ဆောင်ရွက်ခဲ့သော ကြယ်ပွင့်ပြ/မပြမေးခွန်းနှင့်အဆိုများ၊ တက်ရောက်ခဲ့သည့် ပြည်တွင်း/ပြည်ပ Workshop, Seminar, အခမ်းအနားနှင့် အစည်းအဝေးမှတ်တမ်းများအား စုံလင်စွာပြုစုတင်ပြထားပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ ကော်မတီသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း(ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့အနေနှင့်လည်း ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်းများစိစစ်ခြင်းနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို မှန်ကန်စွာစိစစ်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူများကိုအကျိုးပြုစေမည့် မေးခွန်းနှင့်အဆိုများ မေးမြန်းခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းနှင့်ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတကာလွှတ်တော်များ၏ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး မိမိတို့ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားမည်ဟု ရည်ရွယ်ပါ သည်။

**ကော်မတီဖွဲ့စည်းခြင်း**

၃။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ ၂၆-၂-၂၀၁၆ ရက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)အရ အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် | ပါတီ |
|---|---|---|---|---|
| (က) | ဦးခင်အေး | နတ်တလင်း | ဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ( ခ ) | ဦးသာချို(ခ)ဦးတင်ကြိုင် | ရေနံချောင်း | အဖွဲ့ဝင် | ॥ |
| ( ဂ ) | ဦးစိုးမြင့် | ပင်းတယ | အဖွဲ့ဝင် | ॥ |
| (ဃ) | ဦးဖိုးမောင် | ဖယ်ခုံ | အဖွဲ့ဝင် | ॥ |
| ( င ) | ဦးရဲလွင် | အလုံ | အဖွဲ့ဝင် | ॥ |
| ( စ ) | ဒေါက်တာကြည်မို့မို့လွင် | စဉ့်ကိုင် | အဖွဲ့ဝင် | ॥ |
| (ဆ) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော် | အဖွဲ့ဝင် | ॥ |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| (ဇ) | ဦးအောင်လှိုင်ဝင်း | မင်္ဂလာဒုံ | အဖွဲ့ဝင် | ။ |
| (ဈ) | ဦးလုံဂျုံးဆန်မိုင် | ဆွမ်ပရာဘွမ် | အဖွဲ့ဝင် | ။ |
| (ည) | ဦးအောင်သန်းစိန် | ခန္တီး | အဖွဲ့ဝင် | ။ |
| (ဋ) | ဦးဘိုကြီး | ချောက် | အဖွဲ့ဝင် | ။ |
| (ဌ) | ဦးခင်ချို | လှိုင်းဘွဲ့ | အဖွဲ့ဝင် | ။ |
| (ဍ) | ဦးဋ္ဌေးမင်းသိန်း | ကြို့ပင်ကောက် | အဖွဲ့ဝင် | ။ |
| (ဎ) | ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ | တပ်မတော် | အဖွဲ့ဝင် | တပ်မတော်သားကိုယ်စားလှယ် |
| (ဏ) | ဦးခင်မောင်စိုး<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဝမ်းတွင်း | အတွင်းရေးမှူး | |

၄။ ၇-၃-၂၀၁၆ ရက်၌ ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆) အရ ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်)အစား ဦးကျော်မင်းလှိုင်(ဥတ္တရသီရိ)၊ ဦးဘိုကြီး(ချောက်)အစား ဒေါက်တာဦးအေးမင်း(ခရမ်း)၊ ဦးခင်ချို(လှိုင်းဘွဲ့) အစား ဦးသိန်းထွန်း(သာပေါင်း)တို့ဖြင့်လည်းကောင်း၊ ၁၀-၃-၂၀၁၆ ရက်၌ ပြည်သူ့လွှတ်တော်ရုံး၏အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၆) အရ ဦးဖိုးမောင်(ဖယ်ခုံ) အစား ဦးမောင်မောင်(ထီးချိုင့်)ဖြင့်လည်းကောင်း၊ ၂၈-၁၁-၂၀၁၆ ရက်၌ ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံ) အစား ဒေါ်ဝင့်ဝါထွန်း(ရွှာတော)ဖြင့် ပြောင်းလဲဖွဲ့စည်း ခဲ့ပါသည်။

၅။ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့ (၁၄) ဖြင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၁၄) ဖြင့်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို အောက်ပါအဖွဲ့ဝင်များက စိစစ်ရပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခင်အေး | နတ်တလင်း | ဒုတိယဥက္ကဋ္ဌ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (၂) | ဦးဌေးမင်းသိန်း | ကြို့ပင်ကောက် | အဖွဲ့ဝင် |
| (၃) | ဦးအောင်လှိုင်ဝင်း<br>(၂၈-၁၁-၂၀၁၆)ရက်နေ့ထိ<br>ဒေါ်ဝင့်ဝါထွန်း<br>(၂၈-၁၁-၂၀၁၆)ရက်မှယနေ့ထိ | မင်္ဂလာဒုံ<br><br>ရှားတော | အဖွဲ့ဝင်<br><br>အဖွဲ့ဝင် |
| (၄) | ဒေါက်တာကြည်မို့မို့လွင် | စဉ့်ကိုင် | အဖွဲ့ဝင် |
| (၅) | ဦးကျော်မင်းလှိုင် | ဥတ္တရသီရိ | အဖွဲ့ဝင် |
| (၆) | ဦးရဲလွင် | အလုံ | အဖွဲ့ဝင် |
| (၇) | ဦးခင်မောင်စိုး | ဝမ်းတွင်း | တွဲဖက်အတွင်းရေးမှူး |

**ကော်မတီသက်တမ်း**

၆။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။ လိုအပ်ပါက လိုအပ်သလို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ဖွဲ့စည်းပါသည်။

**ကော်မတီ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် အခွင့်အရေးများ**

၇။ ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကော်မတီဝင်များ၏ရပိုင်ခွင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **လုပ်ငန်းတာဝန်များ**

(၁) စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(၂) စီးပွားရေးလုပ်ငန်းများတွင်တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ဆောင်ရွက်မှုသို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။

(၃) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(၄) စီမံကိန်းများ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေရေး အတွက် ညှိနှိုင်းကူညီဆောင်ရွက်ရမည်။

(၅) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(၆) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်း လိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(၇) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(၈) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည် သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေး ခြင်းနှင့် လိုအပ်သည့် အထောက်အထားများကိုတင်ပြစေခြင်း ပြုနိုင်သည်။

(၉) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ

ပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

( ခ) **လုပ်ပိုင်ခွင့်များ**

(၁) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးသို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့် မရှိရ။

(၅) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၈) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**( ဂ ) ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

(၁) ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိ

နေစဉ်၌ လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၃) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၄) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၈။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် တင်သွင်းခဲ့သောအဆိုနှင့် မေးမြန်းခဲ့သော မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းခဲ့သော အဆို | မေးမြန်းခဲ့သော မေးခွန်း | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးခင်အေး | နတ်တလင်း | - | ၁ | - | |
| ၂။ | ဦးစိုးမြင့် | ပင်းတယ | - | ၁ | - | |
| ၃။ | ဦးမောင်မောင် | ထီးချိုင့် | - | ၂ | ၆ | |
| ၄။ | ဦးရဲလွင် | အလုံ | - | ၂ | - | |
| ၅။ | ဒေါက်တာကြည်မို့မို့လွင် | စဉ့်ကိုင် | - | ၁ | - | |
| ၆။ | ဦးသာချို | ရေနံချောင်း | - | ၂ | ၂ | |
| ၇။ | ဦးအောင်လှိုင်ဝင်း | မင်္ဂလာဒုံ | - | ၁ | ၂ | |
| ၈။ | ဦးလုံဂျုံဆန်မိုင် | ဆွမ်ပရာဘွမ် | - | ၁ | - | |
| ၉။ | ဦးအောင်သန်းစိန် | ခန္တီး | - | ၁ | ၁ | |
| ၁၀။ | ဒေါက်တာဦးအေးမင်း | ခရမ်း | - | ၁ | - | |

မူကြမ်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁။ | ဦးသိန်းထွန်း | သာပေါင်း | - | ၁ | ၆ | |
| ၁၂။ | ဦးဌေးမင်းသိန်း | ကြို့ပင်ကောက် | - | ၁ | ၉ | |
| ၁၃။ | ဦးခင်မောင်စိုး | ဝမ်းတွင်း | - | - | ၃ | |
| | | **စုစုပေါင်း** | | **၁၅** | **၂၉** | |

၉။ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ရေးရာဆောင်၊ အိုင်(၇)တွင် ကော်မတီဝင်များနှင့်(၁၅)ကြိမ်၊ ကော်မတီအနေဖြင့် workshop, seminar, training, နှင့် အခမ်းအနား များကို လွှတ်တော်ပြင်ပအနေဖြင့် ၄၁ ကြိမ်နှင့် လွှတ်တော်တွင်းအနေဖြင့် ၁၇ ကြိမ် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်မှု အသေးစိတ်ကို **နောက်ဆက်တွဲ(က)** ဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

၁၀။ Call တွေ့ဆုံမှုအနေဖြင့် ပြည်တွင်းအဖွဲ့အစည်းနှင့် (၂)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် (၆) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အသေးစိတ်ကို **နောက်ဆက်တွဲ(ခ)**ဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

၁၁။ ကော်မတီအဖွဲ့ဝင်များသို့ ပေးပို့လာသည့် တိုင်ကြားစာ စောင်ရေ(၁၂၇)ရှိပါသည်။ ၎င်းတိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာကော်မတီဝင်များက စီမံဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၁၂။ ကော်မတီဝင်များ၏ပြည်ပခရီးစဉ်သွားရောက်ခဲ့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၁။ | ဦးအောင်လှိုင်ဝင်း | အဖွဲ့ဝင် | စင်္ကာပူ | ၁၆-၅-၂၀၁၆ | ၂၀-၅-၂၀၁၆ | |
| ၂။ | ဒေါက်တာကြည်မို့မို့လွင် | အဖွဲ့ဝင် | စင်္ကာပူ | ၁၆-၅-၂၀၁၆ | ၂၀-၅-၂၀၁၆ | |
| ၃။ | ဦးခင်အေး | အဖွဲ့ဝင် | ထိုင်း | ၁-၂-၂၀၁၇ | ၃-၂-၂၀၁၇ | |

**ကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန**

၁၃။ ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန(၃)ခုမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ဖြစ်ပါသည်။

**ကော်မတီနှင့် သက်ဆိုင်သည့် ဥပဒေများ**

၁၄။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၃၁) ခုရှိပါသည် -

**မူကြမ်း**

(က) **ပြဋ္ဌာန်းပြီးဥပဒေ**

(၁) အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ (ပထစဥပဒေအမှတ် ၁၃/၂၀၁၂)

(၂) ပို့ကုန်သွင်းကုန်ဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၂)

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၂)

(၄) မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၁၈/၂၀၁၃)

(၅) ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ(ပထစဥပဒေအမှတ် ၁/၂၀၁၄)

(၆) စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၄)

(၇) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၄)

(၈) ယှဉ်ပြိုင်မှုဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၅)

(၉) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၅)

(၁၀) အထူးကုန်စည်ခွန်ဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၆)

တို့တွင် အမှတ်စဉ်(၃)နှင့်(၄)သည် ဥပဒေတစ်ခုတည်းအဖြစ် ပေါင်းစည်းပြီးဖြစ်၍ ပြဋ္ဌာန်းပြီး ဥပဒေ(၉) ခု ဖြစ်ပါသည်။

(ခ) **ဆောင်ရွက်ရမည့် ဥပဒေများ**

(၁) The Weights and Measures of Capacity Act (India Act, No.31/1871, Vol. V)

(၂) The Sea Customs Act (India Act 8, 1878, Vol. III)

(၃) The Negotiable Instruments Act (India Act 26, 1881, Vol. X)

(၄) The Myanmar Stamp Act (India Act 2, 1889, Vol. III)

(၅) The Myanmar Merchandise Marks Act (India Act 4, 1889, Vol. V)

(၆) The Myanmar Companies Act (India Act 3, 1914, Vol. IX)

မူကြမ်း

(၇) The Land Customs Act (India Act 19, 1924, Vol. III)

(၈) The Sale of Goods Act (India Act 9, 1930, Vol. III)

(၉) The Partnership Act (India Act 9, 1932, Vol. IX)

(၁၀) The Measuring Basket Standardization Act (India Act, 1/1939, Vol. V)

(၁၁) The Measures of Length Act (India Act 2, 1889, Vol. V)

(၁၂) The Court Fees Act (India Act 7, 1970, Vol. XII)

(၁၃) အထူးကုမ္ပဏီအက်ဥပဒေ (ဥပဒေအမှတ် ၅၄/၁၉၅၀ ပြည့်နှစ်၊ အတွဲ ၉)

(၁၄) ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေး ဥပဒေ (ဥပဒေအမှတ် ၄၅/၁၉၆၂ ခုနှစ်)

(၁၅) ဝင်ငွေခွန်ဥပဒေ (ဥပဒေအမှတ် ၇/၁၉၇၄ ခုနှစ်)

(၁၆) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ(နဝတဥပဒေအမှတ် ၉/၁၉၈၉)

(၁၇) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၀)

(၁၈) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁၃/ ၁၉၉၁)(ယခင်အမည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ၁၄/ ၂၀၁၁ ဖြင့် ပြင်ဆင်ထားပါသည်။)

(၁၉) အကောက်ခွန်နှုန်းဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၂)

(၂၀) အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေ (နယကဥပဒေအမှတ် ၁၈/၂၀၁၀)

(၂၁) မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နဝတဥပဒေအမှတ် ၁၄/ ၁၉၉၃) တို့သည် ဝန်ကြီးဌာနမှဆောင်ရွက်ဆဲဖြစ်ပြီး အမှတ်စဉ် (၁)နှင့်(၁၀)သည် ပြဋ္ဌာန်းပြီးဖြစ်သည့် အမှတ်စဉ်(၇) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေတွင် ပေါင်းစပ်ပါဝင်ပြီးဖြစ်၍ ဆောင်ရွက်ရမည့် ဥပဒေ(၁၉)ခု ဖြစ်ပါသည်။

**မူကြမ်း**

**ကော်မတီ၏သုံးသပ်ချက်**

၁၅။ ပြည်သူ့လွှတ်တော်မှ စိစစ်ရန် သတ်မှတ်ထားသည့် ဥပဒေ(၃၁)ခုရှိပြီး တင်ပြပါကာလအတွင်း ဥပဒေ(၁၀)ခု ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၆။ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၅)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါ သည်။ Workshop, Seminar, Training နှင့် အခမ်းအနားများကို လွှတ်တော်ပြင်ပ အနေဖြင့် (၄၁) ကြိမ်၊ လွှတ်တော်အတွင်းအနေဖြင့် (၁၇)ကြိမ် တက်ရောက်နိုင်ခဲ့ပါသည်။

၁၇။ ကော်မတီအနေဖြင့် (၁)နှစ်တာ ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ခဲ့သလို လာမည့်နှစ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**ကော်မတီ၏အကြံပြုချက်များ**

၁၈။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်သည် -

(က) ဥပဒေကြမ်းများ စိစစ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယင်းဥပဒေကြမ်းနှင့် သက်ဆိုင်သောကော်မတီများပါ ဖိတ်ကြား၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားသင့်ပါသည်။

(ခ) ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်စေရေးအတွက် ဖိတ်ကြားခံရသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အဆုံးအဖြတ်ပေးနိုင်သော တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးရန် လိုအပ်ပါသည်။

(ဂ) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop, Seminar, Training တက်ရောက်စေခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။

**မူကြမ်း**

(ဃ) တိုင်ကြားစာများ၊ အသနားခံစာများအား ကြားနာစိစစ်ပြီး ပုဂ္ဂိုလ်တစ်ဦးချင်း၊ ဌာန အဖွဲ့အစည်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လွှတ်တော်သို့ အကြံပြုချက်များ တင်ပြလုပ်ဆောင် သွားရန် လိုအပ်ပါသည်။

(င) မိမိတို့သက်ဆိုင်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ လက်တွေ့ကျပြီး မှန်ကန်ထိရောက်စေရေးအတွက် လိုအပ်ချက်ရှိပါက အခါအားလျော်စွာ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

**ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ**

၁၉။ ကော်မတီအနေဖြင့် အောက်ပါလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသည် -

(က) ပြည်သူ့လွှတ်တော်မှ စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ(၃၁) ခုမှ ကျန်ရှိသည့် ဥပဒေ ၂၁ ခုအား ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

(ဃ) သက်ဆိုင်သည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြား စာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကော်မတီအနေဖြင့် ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံ သွားမည်ဖြစ်ပါသည်။

**နိဂုံး**

၁၆။ ပြည်သူ့လွှတ်တော်၊ စီးပွာရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တာဝန်ပေးအပ်ထားသည့် စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေများ၊

အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ် ၍ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ရန်လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မတီမှတာဝန်ယူ ထားရသည့် စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်နှင့်လုပ်ငန်းများ၊ အသိပညာနှင့်ဗဟုသုတ တိုးပွားစေရေးအတွက် ကော်မတီဝင်များအနေဖြင့် လေ့လာဆည်းပူးလျက်ရှိသလို စီးပွားရေး အဖွဲ့အစည်းများမှ ပြုလုပ်ပေးသည့် Workshop, Seminar, Training ဟောပြောပွဲများသို့လည်း တက်ရောက်လျက်ရှိပါသည်။ စိစစ်ရန် ကျန်ရှိသည့် ဥပဒေများကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ကပေးအပ်သည့် တာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံနှင့် စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီသတိပြုမိလားမသိဘူး။ ကျွန်တော်မေးပါမယ်။ အကြံပြု ချက်မှာ (က)မှာ (၁)ဥပဒေကြမ်းကော်မတီ၊ (၂) သက်ဆိုင်ရာဝန်ကြီးဌာန၊ (၃) ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၊ (၄) ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မရှင်၊ (၅) ယင်းဥပဒေကြမ်း နှင့်သက်ဆိုင်တဲ့ကော်မတီ၊ (၆) ကျွမ်းကျင်ပညာရှင်များနှင့် ဥပဒေကြမ်းကိုစိစစ်တဲ့အခါမှာ ဆွေးနွေး သင့်ပါတယ်ဆိုပြီးတော့ အကြံပြုပါတယ်။ ကျွန်တော်တို့နဂိုတည်းက ဒီအတိုင်းပဲညွှန်ကြားထားပါတယ်။ ကျွန်တော်ညွှန်ကြားထားတယ်။ ကော်မတီအားလုံးကို။ အခုဒီမှာ ဒီလိုအကြံပြုချက်ပါလာတော့ ဥပဒေကြမ်းကော်မတီနဲ့ သတိပြုဖို့လိုမယ်။ ဆွေးနွေးသလိုဖြစ်နေတယ်။ ကျွန်တော်သိတာလည်း ဥပဒေကြမ်းကော်မတီက ဒီအတိုင်းပဲလုပ်နေတယ်။ ကျွန်တော်တို့စပြီးတော့ ဒုတိယအကြိမ် လွှတ်တော် ပေါ်လာတည်းကိုက ဥပဒေကြမ်းကော်မတီရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရယ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးရယ်၊ ပြီးလို့ရှိရင် ဥပဒေရေးရာနှင့် အထူးကိစ္စများရယ်၊ ပြီးလို့ရှိရင် ဥပဒေကြမ်းတစ်ခုဟာ သက်ဆိုင်တဲ့လွှတ်တော်ကဖွဲ့ထားတဲ့ ကော်မတီရယ်၊ ပြီးရင်ပြင်ပက ကျွမ်းကျင်ပညာရှင်တွေ သူ့ဘာသာရပ်အလိုက်ပေါ့နော် CSO တွေ၊ NGO တွေ၊ ပညာရှင်တွေ အဲဒါနဲ့စိစစ်ပါဆိုပြီးတော့ ကျွန်တော်တို့ ဒီအတိုင်းပဲလုပ်ထားတယ်။ ကျန်တဲ့ကော်မတီရဲ့ အစီရင်ခံစာ တွေမှာ ဒီလိုမပါဘူး။ ကျန်တဲ့ကော်မတီတွေကလည်း ဒီလိုအကြံပြုချက်မရှိဘူး။ ကျွန်တော်သိတာလည်း ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီသည် ကျွန်တော်တို့ညွှန်ကြားထားအတိုင်းပဲ ဒီလိုပဲလုပ်နေတာပဲ သိတယ်။ ဒါပေမယ့်အခု ဥပဒေကြမ်းစိစစ်ရာတွင်ဆိုပြီးတော့ ဒါတွေပါပြီးတော့ အကြံပြုဆွေးနွေး သင့်ပါတယ်ဆို

တော့ ဥပဒေကြမ်းက ဒီလိုမလုပ်သလိုဖြစ်နေတယ်။ ဒါကိုသတိပြုမိလားမသိဘူး။ ဒါက အရေးကြီး ပါတယ်။ ဒါက လွှတ်တော်မှတ်တမ်းဝင်မယ့်ကိစ္စတွေဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၃၀-၆--၂၀၁၇ ရက်နေ့ (သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုးအောင်(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ )**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီရဲ့ပထမနှစ်ပတ်လည်အစီရင်ခံစာကို တင်သွင်းသွားမယ့် ကော်မတီအဖွဲ့ဝင်၊ ပျဉ်းမနား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာ အပြည့်အစုံကို လွှတ်တော်သို့ ဖြန့်ဝေထားပြီးဖြစ်သောကြောင့် အချိန်ကိုင့်ညှာသောအားဖြင့် အစီရင်ခံစာရဲ့အနှစ်ချုပ်ကိုသာ ဖတ်ကြားသွားမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ်

## ပြည်သူ့လွှတ်တော်

## ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာ

### နိဒါန်း

၁။ နှစ်ပေါင်းများစွာ ပါလီမန်စနစ်ဖြင့် ဝေးကွာပြီးနောက် ၂၀၁၁ ခုနှစ်တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အသီးသီးပေါ်ပေါက်လာပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ (၄)ရပ်သာမက လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွဲ့စည်းခဲ့သော လွှတ်တော်ရေးရာကော်မတီများတွင် တာဝန်ထမ်းဆောင်ရာတွင်လည်း စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။

### ရည်ရွယ်ချက်

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် အရှိန်အဟုန်မြှင့်တင်သွားရန် ဖြစ်ပါတယ်။

### ဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး၏ နဝမနေ့ဖြစ်သည့် ၂၂-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၆)ဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

### ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

### အဖွဲ့ဝင်များထပ်မံဖွဲ့စည်းခြင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ပုဒ်မ ၂၇၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးဖြင့် ထပ်မံဖွဲ့စည်းကာ ကိုယ်စားလှယ် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့

ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)အရ ကော်မတီတွင်တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။

**ကော်မတီအစည်းအဝေးများကျင်းပမှု**

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ကော်မတီလုပ်ငန်းညှိနှိုင်းလုပ်ငန်းအစည်းအဝေး (၂၅)ကြိမ်၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး သုံးကြိမ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်ပြုလုပ်သည့်အစည်းအဝေး ခြောက်ကြိမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြုလုပ်တဲ့အစည်းအဝေးငါးကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့်ခြောက်ကြိမ် စုစုပေါင်း ၄၅ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

**နိုင်ငံခြားအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု**

ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ရှစ်ကြိမ် တွေ့ဆုံပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိခိုက်ပပျောက်ရေးကဏ္ဍ၊ လွှတ်တော်ရေးရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မှုများနှင့် လွှတ်တော်၏အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြပါတယ်။

**ကော်မတီဝင်များ၏ ပြည်ပခရီးသွားရောက်မှု**

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးမှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ စုစုပေါင်း ခုနစ်ကြိမ် သွားရောက်ခဲ့ပါသည်။

**ကော်မတီ၏ တိုင်ကြားစာဆောင်ရွက်နိုင်မှုအခြေအနေ**

ကော်မတီသို့ တိုင်ကြားစာ ၄၈ စောင်ပေးပို့လာပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ပြီးတိုင်ကြားစာ ၃၆ စောင်နှင့် ဆောင်ရွက်ဆဲ တစ်ဆောင်ရှိပါသည်။ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဌာနသို့တိုင်ကြားစာတစ်စောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာနှစ်စောင် ပေးပို့ထားပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာ ရှစ်စောင်ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

## ကော်မတီ၏ အစီရင်ခံစာများ ဆောင်ရွက်မှုအခြေအနေ

ကော်မတီလုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကော်မတီမှ Mobile Telephone အသုံးပြုမှုအပေါ် ၅ ရာခိုင်နှုန်းအခွန်စည်းကြပ်ကောက်ခံခြင်းနှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်အကြံပြုချက်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ၆-၅-၂၀၁၆ ရက်နေ့တွင် အစီရင်ခံစာပေးပို့ထားပါသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်အကြံပြုချက်အား ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၁-၆-၂၀၁၆ ရက်နေ့တွင် အစီရင်ခံစာပေးပို့ထားပါသည်။ ဂျပန်နိုင်ငံတွင်ကျင်းပသည့် အောင်ဆန်းကျောင်းစီမံကိန်းနှင့်ပတ်သက်၍ ၈-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ ရက်နေ့အထိ သွားရောက်လေ့လာရေးခရီးစဉ်မှ ရရှိခဲ့သည့် တွေ့ရှိချက်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ၃-၆-၂၀၁၆ ရက်နေ့တွင် အစီရင်ခံစာပေးပို့ထားပါသည်။ မေးခွန်းအဆိုများ မေးမြန်းခြင်း၊ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်း၊ တင်သွင်း၊ ဆွေးနွေး၊ မေးမြန်းဆောင်ရွက်မှုများမှာ အဆို ၁၀ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၂၈ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၆၆ ခု တင်သွင်း၊ မေးမြန်း၊ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

## ဥပဒေပြုခြင်း

ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဝန်ကြီးဌာနနှစ်ခုအနက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဥပဒေ ၂၆ ခုရှိပါသည်။ စိစစ်ဆဲဥပဒေ ကိုးခု၊ အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ၁၅ ခု၊ ပြဋ္ဌာန်းပြီးပြင်ဆင်သည့် ဥပဒေ ၂ ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဥပဒေရှစ်ခုရှိပါသည်။ အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ခုနစ်ခု၊ စိစစ်ဆဲဥပဒေတစ်ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအနေဖြင့် မိမိတို့ကော်မတီနှင့် သက်ဆိုင်သောဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုတင်ပြနိုင်ခြင်းအပြင် ပယ်ဖျက်ရမည့်

ဥပဒေများ၊ ပြင်ဆင်ရေးဆွဲသင့်သည့် ဥပဒေများ၊ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်**

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**

**နိဒါန်း**

၁။ မြန်မာနိုင်ငံအနေနှင့် နှစ်ပေါင်းများစွာ ပါလီမန်စနစ်နှင့် ဝေးကွာခဲ့ပြီးနောက် ၂၀၁၁- ခုနှစ်တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အသီးသီးပေါ်ပေါက်လာပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ ၄ ရပ်သာမက လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွဲ့စည်းခဲ့သော လွှတ်တော်ရေးရာ ကော်မတီများတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်။

**ဖွဲ့စည်းခြင်း**

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ (၉)ရက်မြောက်နေ့ ဖြစ်သည့် (၂၂-၂-၂၀၁၆)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၆)ဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဝင်များမှာ -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၄။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဖြစ်သည်။

**ပြင်ဆင်ဖွဲ့စည်းခြင်း**

၅။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |
| (ဂ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | ဥပဒေကြမ်းကော်မတီ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဃ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

၆။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီဝင်များထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၇။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂)ဦးဖြင့် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသန်းလင်းလင်း | မယ်စဲ့မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |
| (ခ) | ဦးထွန်းဝေ | ဖောင်းပြင်မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

၈။ ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးဖြင့် ထပ်မံဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဈ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးသန်းလင်းလင်း | မယ်စဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးထွန်းဝေ | ဖောင်းပြင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ထ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ အမိန့်အမှတ်(၁/၂၀၁၇)အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ကြည်း - ၂၉၅၃၀ | ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် |
| (ခ) | ကြည်း - ၃၁၉၁၉ | ဗိုလ်မှူးကျော်ဇင်လတ် |

၁၀။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အောက်ဖော်ပြပါ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ကြပါသည် -

| | | |
|---|---|---|
| (က) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | (၁၁) ဦး |
| (ခ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | (၂) ဦး |
| (ဂ) | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | (၁) ဦး |
| (ဃ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | (၁) ဦး |
| (င) | ရခိုင်အမျိုးသားပါတီ | (၁) ဦး |
| (စ) | တပ်မတော်သားကိုယ်စားလှယ် | (၁) ဦး |

**မူကြမ်း**

**ကော်မတီ၏သက်တမ်း**

၁၁။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက် သည့်အခါလိုအပ် ပါက သက်တမ်းတိုးနိုင်သည်။

၁၂။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင် များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၁၃။ ကော်မတီသည်-

(က) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း လိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီအရင်ခံရမည်။

၁၄။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းဆက်စပ် သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကိုတင်ပြခြင်း ပြုနိုင်သည်။

**မူကြမ်း**

၁၅။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၆။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၁၇။ ကော်မတီအစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၈။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၉။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၂၀။ ကော်မတီဝင်များသည် -

(က) ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီအစည်းအဝေးများကျင်းပမှု**

၂၁။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၅) ကြိမ်၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး (၃)ကြိမ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြုလုပ်သည့်အစည်းအဝေး (၆)ကြိမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်

ပြုလုပ်သည့် အစည်းအဝေး (၅)ကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့် (၆)ကြိမ် စုစုပေါင်း (၄၅)ကြိမ် ကျင်းပခဲ့ပါသည်။

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

၂၂။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ၂၀၁၆ ခုနှစ် တွင် နိုင်ငံခြားအဖွဲ့အစည်းများနှင့် (၈)ကြိမ်၊ တွေ့ဆုံပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိခိုက်ပပျောက် ရေးကဏ္ဍ၊ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မှုများနှင့် လွှတ်တော်၏ အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

၂၃။ ကော်မတီဝင်များ၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှုမှတ်တမ်းများကို နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

**ကော်မတီဝင်များ ပြည်ပခရီးသွားရောက်မှု**

၂၄။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (၁)ကြိမ်၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ (၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဦးစစ်နိုင် (၁)ကြိမ်၊ ဦးစိုင်းကျော်မိုး (၁)ကြိမ်၊ ဦးစိုင်းဦးခမ်း (၁) ကြိမ်၊ ဒေါ်ယဉ်မင်းလှိုင် (၁)ကြိမ်၊ ဦးသန်းစိုးအောင် (၁)ကြိမ်၊ စုစုပေါင်း (၇)ကြိမ် သွားရောက်ခဲ့ပါ သည်။

၂၅။ ကော်မတီဝင်များ၏ ပြည်ပခရီးသွားရောက်မှုအခြေအနေများကို နောက်ဆက်တွဲ(ခ)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

**ကော်မတီ၏ တိုင်ကြားစာ ဆောင်ရွက်မှုအခြေအနေ**

၂၆။ ကော်မတီသို့ တိုင်ကြားစာ စောင်ရေ (၄၈) ပေးပို့လာပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ပြီး တိုင်ကြားစာစောင်ရေ (၃၆) စောင်နှင့် ဆောင်ရွက်ဆဲ (၁) စောင်ရှိပါသည်။ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာစောင်ရေ (၁)စောင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ တိုင်ကြားစာစောင်ရေ(၂)စောင် ပေးပို့ထားပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက် ရန်မလိုသော တိုင်ကြားစာစောင်ရေ (၈)စောင်ကိုဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

**ကော်မတီ၏ အစီရင်ခံစာဆောင်ရွက်မှုအခြေအနေ**

၂၇။ ကော်မတီလုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကော်မတီမှ မိုဘိုင်းတယ်လီဖုန်း အသုံးပြုမှုအပေါ် ၅% အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ် အကြံပြုချက်အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ( ၆- ၅-၂၀၁၆ ) ရက်နေ့တွင် အစီရင်ခံစာ ပေးပို့ထားပါသည်။ ရန်ကုန် - မန္တလေးအမြန်လမ်းနှင့်ပတ်သက်၍ လေ့လာသုံးသပ် အကြံပြုချက် အား ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ( ၁-၆-၂၀၁၆ ) ရက်နေ့တွင် အစီရင်ခံစာ ပေးပို့ထားပါသည်။ ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဆောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စနှင့်ပတ်သက်၍ ( ၈-၅-၂၀၁၆ ) မှ ( ၁၅-၅-၂၀၁၆ ) ရက်နေ့ အထိ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်မှ ရရှိခဲ့သည့် တွေ့ရှိချက် များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ (၃-၆-၂၀၁၆ ) ရက်နေ့တွင် အစီရင်ခံစာ ပေးပို့ထားပါသည်။

၂၈။ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၆ ခုနှစ်တွင် (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**မေးခွန်း၊ အဆိုများမေးမြန်းခြင်း**

၂၉။ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်းတင်သွင်းမေးမြန်း ဆွေးနွေး ဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့် မပြ | |
| ၁ | ဦးတင်မောင်ဝင်း | ဆိပ်ကမ်း | ၁ | - | - | |
| ၂ | ဦးစောသလေးစော | ရွှေကျင် | - | ၃ | ၁၀ | |
| ၃ | ဦးအောင်သိုက် | ဆိပ်ဖြူ | ၄ | ၄ | ၄ | |

**မူကြမ်း**

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့် မပြ | |
| ၄ | ဦးသန်းစိုးအောင် | ပျဉ်းမနား | ၁ | ၁ | - | |
| ၅ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | ၃ | ၃ | ၉ | |
| ၆ | ဦးစိုင်းကျော်မိုး | မိုင်းပန် | - | ၂ | - | |
| ၇ | ဦးစိုင်းဦးခမ်း | သိန္နီ | - | ၃ | ၂ | |
| ၈ | ဦးအုန်းခင် | ပုလော | - | - | ၃ | |
| ၉ | ဦးယန်ကျင်းကန် | ကွမ်းလုံ | - | ၁ | - | |
| ၁၀ | ဦးစစ်နိုင် | မင်းပြား | - | - | - | |
| ၁၁ | ဦးတင်အေး | မက်မန်း | - | ၃ | - | |
| ၁၂ | ဦးနိုင်နိုင်ဝင်း | တမူး | - | ၂ | ၁၅ | |
| ၁၃ | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်<br>(မြောက်ပိုင်း) | - | ၅ | ၂၃ | |
| ၁၄ | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား<br>ကိုယ်စားလှယ် | - | - | - | |
| ၁၅ | ဦးသန်းလင်းလင်း | မယ်စဲ့ | - | - | - | |
| ၁၆ | ဦးထွန်းဝေ | ဖောင်းပြင် | - | ၁ | - | |
| ၁၇ | ဦးနေဖူးဗဆွေ | ပန်းဘဲတန်း | ၁ | - | - | |
| **စုစုပေါင်း** | | | **၁၀** | **၂၈** | **၆၆** | |

**မူကြမ်း**

၃၀။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် တာဝန်ယူထားသော ဝန်ကြီးဌာနများမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တို့ဖြစ်ကြပါသည်။

**ဥပဒေပြုခြင်း**

၃၁။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃၂။ ကော်မတီကစိစစ်ရန် သတ်မှတ်ပေးထားသည့် ဝန်ကြီးဌာန (၂)ခုအနက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဥပဒေ (၂၆)ခု ရှိပါသည်။ စိစစ်ဆဲဥပဒေ (၉)ခု၊ အတည်ပြု ပြဋ္ဌာန်းပြီး ဥပဒေ(၁၅)ခု၊ ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေ (၂)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဥပဒေ (၈)ခု ရှိပါသည်။ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ (၇)ခု၊ စိစစ်ဆဲဥပဒေ (၁)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၃၃။ ကော်မတီက စိစစ်ရန် သတ်မှတ်ပေးထားသည့် ဥပဒေ (၃၄)ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စိစစ်ဆဲ ဥပဒေ (၉)ခု**

(၁) The Myanmar Post Office Act (India Act 6, 1898, Vol. VII)

(၂) The Myanmar Registration of Ships Act (India Act 10, 1841, Vol.VII)

(၃) The Myanmar Merchant Shipping Act (India Act 21, 1923, Vol.VII )

(၄) ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များအက်ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၅၂၊ အတွဲ-၇ )

(၅) The Myanmar Carriage by Air Act (India Act 20, 1934, Vol. VII )

(၆) The Bills of Lading Act (India Act-9,1856, Vol.VII)

(၇) The Carriers Act (India Act-3,1865, Vol.VII)

(၈) The Ports Act (India Act-15,1908, Vol.VII)

(၉) The Myanmar Carrage of Goods by Sea Act (India Act -26, 1925, Vol.VII)

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းပြီးဥပဒေ(၁၅)ခု**

(၁) ဆက်သွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၃ )

(၂) အီလက်ထရောနစ် ဆက်သွယ်ရေးဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆/၂၀၁၄)

(၃) ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Obstruction in Fairways Act (India Act 16, 1881, Vol. VII ) (ပြည်ထော်စုလွှတ်တော်ဥပဒေအမှတ် ၂၆/၂၀၁၃)

(၄) မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Defile Traffic Act (India Act 8, 1907, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇/၂၀၁၃)

(၅) မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Myanmar Aircraft Act (India Act 22, 1934, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃/၂၀၁၃)

(၆) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄/၂၀၁၃)

(၇) ဘက်စုံပို့ဆောင်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃/၂၀၁၄)

(၈) နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇/၂၀၁၄)

(၉) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ

(ဥပဒေအမှတ် ၃၅/၁၉၅၂၊ အတွဲ- ၇ )

(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁/၂၀၁၄)

(၁၀) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ(ဥပဒေအမှတ် ၃၉၊ ၁၉၅၂၊ အတွဲ-၇) အစား **မြန်မာအမျိုးသား လေကြောင်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂/ ၂၀၁၄)**

(၁၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၅)

(၁၂) ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ

The Inland Steam Vessels Act (India Act 1, 1971, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉/၂၀၁၅)

(၁၃) မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

The Myanmar Lighthouse Act ( India Act 2, 1937, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၆)

(၁၄) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃/၂၀၁၆)

(၁၅) ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ

The Railways Act (India Act 9, 1890, Vol.VII) (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၆)

(ဂ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေ ( ၂ ) ခု**

(၁) မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၀/၂၀၁၅)

(၂) မော်တော်ယာဉ်ဥပဒေ ( ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၅၅/၂၀၁၅ )

**မှူကြမ်း**

(ဃ) **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းပြီးဥပဒေ ( ၇ ) ခု**

(၁) ၁၉၅၅ခုနှစ်၊ အစိုးရအိမ်ရာဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ( ဥပဒေအမှတ် ၅၃/၁၉၅၅ )

(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆/၂၀၁၂)

(၂) လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ်၁၃/၁၉၈၅) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁/၂၀၁၅)

(၃) လမ်းမကြီးများဥပဒေ ( ဥပဒေအမှတ် ၈/၂၀၀၀)

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂/၂၀၁၅ )

(၄) အမြန်လမ်းမကြီးများဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀/၂၀၁၅ )

(၅) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇/၂၀၁၃ )

(၆) မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉/၂၀၁၄ )

(၇) စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ / ၂၀၁၆ )

(င) **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စိစစ်ဆဲဥပဒေ ( ၁ ) ခု**

(၁) ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့အက်ဥပဒေ ( ဥပဒေအမှတ် ၆၃/၁၉၅၁၊အတွဲ-၄ )

**နိဂုံး**

၃၄။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအနေဖြင့် မိမိတို့ ကော်မတီနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြု တင်ပြ

နိုင်ခြင်းအပြင် ပယ်ဖျက်ရမည့် ဥပဒေများ၊ ပြင်ဆင် ရေးဆွဲသင့်သော ဥပဒေများ ပြင်ဆင် ရေးဆွဲခြင်း၊ အသစ်ပြဌာန်းသည့် ဥပဒေကြမ်းများကို လေ့လာသုံးသပ် အကြံပြုတင်ပြခြင်း များကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

အထက်ပါအစီရင်ခံစာအား ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် အတည်ပြုပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး ပါသည် -

| | | | | |
|---|---|---|---|---|
| ၁။ | ဦးတင်မောင်ဝင်း | ဆိပ်ကမ်း | ဥက္ကဌ | ------------------ |
| ၂။ | ဦးစောသလေးစော | ရွှေကျင် | အဖွဲ့ဝင် | ------------------ |
| ၃။ | ဦးအောင်သိုက် | ဆိပ်ဖြူ | အဖွဲ့ဝင် | ------------------ |
| ၄။ | ဦးသန်းစိုးအောင် | ပျဉ်းမနား | အဖွဲ့ဝင် | ------------------ |
| ၅။ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | အဖွဲ့ဝင် | ------------------ |
| ၆။ | ဦးစိုင်းကျော်မိုး | မိုင်းပန် | အဖွဲ့ဝင် | ------------------ |
| ၇။ | ဦးစိုင်းဦးခမ်း | သိန္နီ | အဖွဲ့ဝင် | ------------------ |
| ၈။ | ဦးအုန်းခင် | ပုလော | အဖွဲ့ဝင် | ------------------ |
| ၉။ | ဦးယန်ကျင်းကန် | ကွမ်းလုံ | အဖွဲ့ဝင် | ------------------ |
| ၁၀။ | ဦးစစ်နိုင် | မင်းပြား | အဖွဲ့ဝင် | ------------------ |
| ၁၁။ | ဦးတင်အေး | မက်မန်း | အဖွဲ့ဝင် | ------------------ |
| ၁၂။ | ဦးနိုင်နိုင်ဝင်း | တမူး | အဖွဲ့ဝင် | ------------------ |
| ၁၃။ | Dr. ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) | အဖွဲ့ဝင် | ------------------ |
| ၁၄။ | ဦးသန်းလင်းလင်း | မယ်စဲ့ | အဖွဲ့ဝင် | ------------------ |
| ၁၅။ | ဦးထွန်ဝေ | ဖောင်းပြင် | အဖွဲ့ဝင် | ------------------ |
| ၁၆။ | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | ------------------ |

**မူကြမ်း**

၁၇။ ဦးနေဖူးဗဆွေ ပန်းဘဲတန်း အတွင်းရေးမှူး

နောက်ဆက်တွဲ(က)

## ကော်မတီ၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှုမှတ်တမ်းများ

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၁။ | ၂၂.၃.၂၀၁၆ အိုင်(၉) | ဂျပန်နိုင်ငံခြေစိုက်အာရှဒေသ ပတ်ဝန်းကျင်ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှုအဖွဲ့ | အမှုဆောင်ဒါရိုက်တာ Mr.Akio Kawakami ဦးဆောင်သော အဖွဲ့ဝင် (၂)ဦး | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့် အဖွဲ့ဝင် Dr.ဦးခင်မောင်မောင် တို့တက်ရောက်ကြပါ သည်။ | ဂျပန်-မြန်မာ အသက်မွေးပညာသင်တန်းကျောင်း၊ အောင်ဆန်း စီမံကိန်းအား ရှင်းလင်းတင်ပြခြင်း၊ ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်း၏သဘောထား၊ ရှေ့ဆက်မည့် လမ်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါ သည်။ |

မူကြမ်း

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၂။ | ၂.၆.၂၀၁၆ အိုင်(၉) | ဂျပန်နိုင်ငံအငြေ စိုက် အာရှဒေသ ပတ်ဝန်းကျင် ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှု အဖွဲ့ | အမှုဆောင် ဒါရိုက်တာ Mr.Akio Kawakami ဦးဆောင်ေသာ အဖွဲ့ဝင်(၁) ဦး | ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ နှင့် အဖွဲ့ဝင် ဦးစိုင်းကျော်မိုး၊ ဦးစိုင်းဦးခမ်း၊ ဦးစစ်နိုင်၊ ဦးနိုင်နိုင်ဝင်း၊ ဗိုလ်မှူးကြီး အောင်မြင့်တို့ တက်ရောက်ကြပါသည်။ | ဂျပန်-မြန်မာ အသက်မွေးပညာ သင်တန်းကျောင်း၊ အောင်ဆန်း စီမံကိန်း နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ဂျပန်-မြန်မာလွှတ်တော် အမတ်များ ချစ်ကြည်ရေးအသင်းဖွဲ့စည်းပေးနိုင်ရေးနှင့် မော်တော်ယာဉ်စက်ပြင်ဘာသာရပ်နှင့်ပတ်သက်ပြီး သင်တန်းဖွင့်နိုင်ရန် ကာလတို စီမံကိန်း အဖြစ် ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ |

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၃။ | ၈.၉.၂၀၁၆ အိုင်(၉) | ဂျပန်နိုင်ငံအခြေစိုက် အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေးနည်းပညာပြန့်ပွားမှုအဖွဲ့ | အမှုဆောင်ဒါရိုက်တာ Mr.Akio Kawakami ဦးဆောင်သောအဖွဲ့ဝင်(၁)ဦး | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့်အဖွဲ့ဝင် ဦးစောသလေးစော၊ ဦးအောင်သိုက်၊ ဦးသန်းစိုးအောင်၊ ဒေါ်ယဉ်မင်းလှိုင်၊ ဦးစိုင်းကျော်မိုး၊ ဦးစိုင်းဦးခမ်း၊ ဦးအုန်းခင်၊ ဦးယန်ကျင်းကန်၊ ဦးစစ်နိုင်၊ ဦးနိုင်နိုင်ဝင်း၊ Dr.ဦးခင်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်မြင့်တို့တက်ရောက်ကြပါသည်။ | အောင်ဆန်းကျောင်းစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်နေသောနှစ်စဉ်မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများ ပုဂ္ဂလိကမှဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။ |

**မူကြမ်း**

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
| --- | --- | --- | --- | --- | --- |
| ၄။ | ၂၁.၉.၂၀၁၆ အိုင်(၉) | Telenor Myanmar Limited | Telenor Myanmar Limited မှ အမှုဆောင် အရာရှိချုပ် Mr.Lars Erik Tellmann ဦးဆောင်သော အဖွဲ့ဝင် (၃) ဦး | ပို့ဆောင်ရေး၊ ဆက်သွယ် ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ နှင့်အဖွဲ့ဝင် ဦးအောင်သိုက်၊ ဦးသန်းစိုးအောင်၊ ဦးစိုင်းကျော်မိုး၊ ဦးစိုင်းဦးခမ်း၊ ဦးအုန်းခင်၊ ဦးယန်ကျင်းကန်၊ ဦးစစ်နိုင်၊ ဦးနိုင်နိုင်ဝင်း၊ Dr.ဦးခင်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်မြင့် တို့တက်ရောက်ကြပါသည်။ | မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး ကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွား နိုင်ရေး၊ တယ်လီနော မြန်မာ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေ အနေများ၊ ကြုံတွေ့နေ ရသော အခက်အခဲ များနှင့် သုံးစွဲသူဦးရေ များပြားလာသည်နှင့် အမျှဆက်သွယ်ရေး ကဏ္ဍတိုးချဲ့ဆောင် ရွက်သွားမည့် ကိစ္စ ရပ်များနှင့် စပ်လျဉ်း ပြီး ဆွေးနွေးခဲ့ကြပါ သည်။ |
| ၅။ | ၈.၁၁.၂၀၁၆ အိုင်(၉) | ကမ္ဘာ့ဘဏ်မှ ICT နယ်ပယ်တွင် အကြီးတန်း မူဝါဒရေးရာ ကျွမ်းကျင်သူ | ကမ္ဘာ့ဘဏ်မှ ICT နယ်ပယ်တွင် အကြီးတန်း မူဝါဒရေးရာ ကျွမ်းကျင်သူ Mr.SiouChew Kuek ဦးဆောင်သော အဖွဲ့ဝင် (၂)ဦး | ပို့ဆောင်ရေး၊ ဆက်သွယ် ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ နှင့်အဖွဲ့ဝင် ဦးသန်းစိုးအောင် တို့တက်ရောက်ကြပါသည်။ | E-Government အကောင်အထည် ဖော်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ |

**မူကြမ်း**

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၆။ | ၁၅.၁၁.၂၀၁၆ အိုင် (၉) | Suu Foundation's High Level Panel | Suu Foundation's High Level Panel မှ Professor Fred Wegman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့်အဖွဲ့ဝင် ဦးအောင်သိုက်၊ ဦးယန်ကျင်းကန်၊ Dr.ဦးခင်မောင်မောင်၊ ဦးစောသလေးစော တို့ တက်ရောက်ကြပါသည်။ | မြန်မာနိုင်ငံတွင် Road Safety အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ကဏ္ဍအလိုက် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ |

မှတ်ချက်။ ။ မူကြမ်း

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၇။ | ၅.၁၂.၂၀၁၆ အိုင် (၉) | အင်ကြင်းဖွံ့ဖြိုးမှု ကုမ္ပဏီ | အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီမှ မန်နေးဂျင်း ဒါရိုက်တာ ဦးစိုးမင်းအောင် ဦးဆောင်သော အဖွဲ့ဝင် (၅)ဦး | ပို့ဆောင်ရေး၊ ဆက်သွယ် ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့်အဖွဲ့ဝင် ဦးအောင်သိုက်၊ ဦးသန်းစိုးအောင်၊ ဦးစောသလေးစော၊ ဒေါ်ယဉ်မင်းလှိုင်၊ ဦးစိုင်းဦးခမ်း၊ ဦးအုန်းခင်၊ ဦးယန်ကျင်းကန်၊ ဦးစစ်နိုင်၊ ဗိုလ်မှူးကြီးအောင်မြင့် တို့တက်ရောက်ကြ ပါသည်။ | ပြည်တွင်းရေကြောင်းသဘော် လုပ်ငန်းအား အကာအကွယ်ပေးရန် အတွက် ကုန်သွယ်ရေကြောင်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး၊ တိကျမှန်ကန်သည့်မူဝါဒများ ချမှတ်ပေးရေးနှင့် ယင်းဥပဒေ ပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား အပေါ် ကောင်းကျိုးသက်ရောက်မှုများ ရရှိနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။ |

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၈။ | ၁၄.၁၂.၂၀၁၆ အိုင် (၉) | အင်ကြင်းဖွံ့ဖြိုးမှု ကုမ္ပဏီ | အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီ မှမန်နေးဂျင်း ဒါရိုက်တာ ဦးစိုးမင်းအောင် ဦးဆောင်သော အဖွဲ့ဝင် (၇)ဦး | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ နှင့် အဖွဲ့ဝင် ဦးသန်းစိုးအောင်၊ ဦးစိုင်းကျော်မိုး၊ ဦးစိုင်းဦးခမ်း၊ ဦးအုန်းခင်၊ ဦးယန်ကျင်းကန်၊ ဦးတင်အေး၊ ဗိုလ်မှူးကြီးအောင်မြင့် တို့တက်ရောက်ကြပါသည်။ | မြန်မာ့ဆိပ်ကမ်း အာဏာပိုင် နေဖြင့် နိုင်ငံခြားသင်္ဘောလိုင်း အသီးသီးမှကုန်တင် သင်္ဘောများ ကုန်ကျစရိတ်သက်သာပြီး အချိန်မြန်မြန်ဆန်ဆန် ဖြင့်ရှင်းလင်းပြီးကုန်ပစ္စည်းများ ဈေးနှုန်းကျလာစေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ Online Date ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် Road Safety Sign Board များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ |

# ပြည်ပခရီးသွားရောက်ခဲ့မှုအခြေအနေ

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးတင်မောင်ဝင်း ဥက္ကဌ | ဂျပန် | (၈-၅-၂၀၁၆) မှ (၁၅-၅-၂၀၁၆) ထိ | အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ဆွေးနွေးပွဲတက်ရောက်ခြင်း | |
| ၂။ | ဦးနေဖူးဗဆွေ အတွင်းရေးမှူး | ဂျပန် | (၈-၅-၂၀၁၆) မှ (၁၅-၅-၂၀၁၆) ထိ | အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ဆွေးနွေးပွဲတက်ရောက်ခြင်း | |
| ၃။ | ဦးစစ်နိုင် အဖွဲ့ဝင် | ဂျပန် | (၈-၅-၂၀၁၆) မှ (၁၅-၅-၂၀၁၆) ထိ | အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ဆွေးနွေးပွဲတက်ရောက်ခြင်း | |
| ၄။ | ဦးစိုင်းကျော်မိုး အဖွဲ့ဝင် | ဂျပန် | (၈-၅-၂၀၁၆) မှ (၁၅-၅-၂၀၁၆) ထိ | အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ဆွေးနွေးပွဲတက်ရောက်ခြင်း | |
| ၅။ | ဦးစိုင်းဦးခမ်း အဖွဲ့ဝင် | ဂျပန် | (၈-၅-၂၀၁၆) မှ (၁၅-၅-၂၀၁၆) ထိ | အောင်ဆန်းကျောင်းစီမံကိန်းနှင့်2016 Symposium ဆွေးနွေးပွဲတက်ရောက်ခြင်း | |
| ၆။ | ဒေါ်ယဉ်မင်းလှိုင် အဖွဲ့ဝင် | အိန္ဒိယ | (၈-၈-၂၀၁၆) မှ (၁၀-၈-၂၀၁၆) ထိ | လွှတ်တော်ဆိုင်ရာ လေ့လာရေးသင်တန်း | |
| ၇။ | ဦးသန်းစိုးအောင် အဖွဲ့ဝင် | ပြင်သစ် | (၁၁-၁၁-၂၀၁၆) မှ (၁၉-၁၁-၂၀၁၆) ထိ | သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် မီဒီယာကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် | |

မူကြမ်း

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | လေ့လာရေးခရီးစဉ် | |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃၀-၆-၂၀၁၇ ရက်နေ့(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။(ဩဘာသံများ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတဲ့ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၂၁-၆-၂၀၁၇ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၆-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီးအမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း

ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း၊ အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ (၇-၆-၂၀၁၇ ရက်နေ့)မှာ တင်သွင်းတဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း၊ အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၄ ဦးရှိပါတယ်။ ပထမဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ အားကစားပြက္ခဒိန်ထားရှိရေးအဆိုဟာ အလွန်ကောင်းမွန်သင့်မြတ်တဲ့အတွက် ထောက်ခံအကြံပြုဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့အားကစားဟာ ၁၉၆၀၊ ၁၉၇၀ ခုနှစ်ကျော်ကာလတွေမှာ ရွှေခေတ်ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ပြေးခုန်ပစ်၊ ရေကူး၊ ကျွမ်းဘား၊ လက်ဝှေ့၊ အလေးမ၊ သေနတ်ပစ်နဲ့ ဘောလုံးအားကစားတွေမှာ အထူးအောင်မြင်ခဲ့ပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ စိတ်ဝင်စားအားပေးမှုရခဲ့ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးကလည်း အရှေ့တောင်အာရှမှာ ထိပ်ဆုံးတန်းကရှိနေသလို

အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်နည်းနာတွေကလည်း အလွန်ကောင်းခဲ့ပါတယ်။ အားကစားပြိုင်ပွဲများဟာ အခြေခံပညာမှ တက္ကသိုလ်အထိ၊ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်မှ တိုင်းဒေသကြီး/ပြည်နယ်အထိ၊ ဝန်ကြီးဌာနအလိုက်မှ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲ၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့အဆင့်မှ ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲများအထိကို ဆယ့်နှစ်ရာသီပတ်လုံးခြိမ့်ခြိမ့်သဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဖော်ပြပါအချက်တွေက အားကစား ရွှေခေတ်ဖြစ်စေခဲ့တဲ့အကြောင်းတရားတွေပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးစနစ်တွေအမျိုးမျိုးပြောင်းလဲခဲ့ တဲ့နောက် တိုင်းပြည်ရဲ့စီးပွားရေးကလည်း အရှေ့တောင်အာရှမှာကို အောက်ဆုံးတန်းစာရင်းဝင်ခဲ့ ရသည်နှင့်အမျှ အားကစားမျိုးဆက်သစ် အရင်းအမြစ်တွေ အဓိကမွေးထုတ်ပေးရာ အားကစား ပြိုင်ပွဲတွေ၊ အားကစားပွဲတော်တွေဟာ လုံးဝနီးပါးချုပ်ငြိမ်းပျောက်ကွယ်ခဲ့ရပါတယ်။ မြန်မာ့ အားကစားဟာ ကြွေးကြော်သံများ၊ ဆောင်ပုဒ်များအဖြစ်သာရှိပြီးတော့ မြန်မာ့အမျိုးသားရေး ဂုဏ်သိက္ခာကိုပါ ထိခိုက်စေခဲ့ပါတယ်။ အားကစားကျဆင်းလာတာနှင့်အမျှ အမျိုးသားကျန်းမာကြံ့ခိုင် ရေးကိုပါ စိုးရိမ်စရာဖြစ်လာပြီး အခုဆိုရင် မျိုးဆက်သစ်အားကစားသမားများ ရှားပါးခြင်းပြဿနာကို ခက်ခဲစွာရင်ဆိုင်နေရပါတယ်။ အားကစားအရင်းအမြစ်ရှားပါးပြီး အားကစားသမားမျိုးဆက်များ ပြတ်တောက်ခဲ့ရတဲ့အခြေအနေဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့အစိုးရသစ်လက်ထက်မှာ ကျန်းမာရေးနှင့် အားကစားကို ဝန်ကြီးဌာနတစ်ခုတည်းပေါင်းစပ်လိုက်ပြီးတော့ ကျန်းမာရေးရော၊ အားကစားကိုပါ ပြောင်းလဲတိုးတက်ဖို့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်း ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်ဆိုသလိုဖြစ်နေပါတယ်။ ရာစုနှစ်ဝက်လောက် နာတာရှည်ဖြစ်လာတဲ့ရောဂါကို ပြန်လည်နာလန်ထူလာအောင် ကုသလုပ်ဆောင် ရာမှာ ဘတ်ဂျက်၊ နည်းပညာအပါအဝင် အခက်အခဲစိန်ခေါ်မှုပေါင်းစုံနဲ့ ရင်ဆိုင်နေရတဲ့ ကာလဖြစ်ပါ တယ်။ အဲဒီပြဿနာအဖြေအတွက်ကို အခုအဆိုနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေ က တစ်စုံတစ်ရာအထောက်အပံ့ဖြစ်ဖို့ မျှော်လင့်ရသလို နာတာရှည်ရောဂါကို ကုသရာမှာ ဆေးမြီးတို မဟုတ်ဘဲနဲ့ မြန်မာ့အားကစားပြန်လည်နာလန်ထူလာရေး စနစ်တကျအစီအမံများနှင့် အချိန်ယူ တည်ဆောက်ရမယ့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဖွံ့ဖြိုးတိုးတက်ရေးအကြံပြုချက်အချို့ကို တင်ပြချင်တယ်။ အဲဒါတွေကတော့ (၁) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်ရေး Policy ချမှတ်၍ ပြည်ထောင်စုအဆင့်ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။ (၂)က ပြည်ထောင်စုဘတ်ဂျက်မှာ အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စုံတစ်ရာလုံလောက်တဲ့ ရန်ပုံငွေတိုးမြှင့်သတ်မှတ်ဆောင်ရွက်ပေးသင့်ပါတယ်။ (၃)အချက်က ခေတ်နဲ့လျော်ညီတဲ့ အားကစားဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစနစ် (Sport Master Plan) ရေးဆွဲဆောင်ရွက်သင့်ပါတယ်။ (၄)အချက်က အားကစားဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံများ၊ အဖွဲ့အစည်းများရဲ့ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများ ရယူဆောင်ရွက်သင့်ပါတယ်။ (၅)အချက်ကတော့ အားကစားနှင့် ပညာရေးပေါင်းစပ်ဆောင်ရွက်သင့်ပြီးတော့ အဲဒီလိုဆောင်ရွက်ရာမှာ ကျောင်းသားအားကစားပွဲတော်များ၊ အခြေခံမှ တက္ကသိုလ်ပေါင်းစုံအထိ ပြိုင်ပွဲများ၊ အခြေခံပညာ ကျောင်းများတွင် အပတ်စဉ်ကာယအားကစားချိန် မသင်မနေရ ထည့်သွင်းသင်ကြားပေးခြင်း၊ လိုအပ်တဲ့ အားကစားပစ္စည်းတွေပံ့ပိုးပေးခြင်း၊ ကာယဆရာဆရာမများကိုလည်း စနစ်တကျသင်ကြား လေ့ကျင့်ပေးခြင်းများဆောင်ရွက်ပေးသင့်ပါတယ်။ (၆)အနေနဲ့ကတော့ အားကစားနည်းပြများ အားကစားသိပ္ပံနှင့်တက္ကသိုလ်က ဆရာဆရာမတွေကို အဆင့်မြင့်သင်တန်းတွေ၊ ဘွဲ့လွန်သင်တန်းတွေနဲ့ ပါရဂူသင်တန်းတွေအထိ ကမ္ဘာ့အဆင့်မီတက္ကသိုလ်တွေမှာ စေလွှတ်ပြီးတော့ သင်ကြားမွေးထုတ်ပေးသင့်ပါတယ်။ (၇)အနေနဲ့ကတော့ အားကစားစိတ်ဓာတ်ပြန်လည်ရှင်သန်ရေး၊ ပညာပေးတာ၊ ဟောပြောတာ၊ သရုပ်ပြတာ၊ အားကစားနည်းများနှင့် အားကစားလှုပ်ရှားမှုသတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြည်သူတွေသိရှိစိတ်ဝင်စားစေအောင် ဆောင်ရွက်သင့်ပါကြောင်းနှင့် ဖြည့်စွက်အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အဆိုရှင်ရဲ့အဆိုအတိုင်း မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပြက္ခဒိန်များ ရေးဆွဲပြီးတော့ အားကစားပြိုင်ပွဲများပြုလုပ်ပေးရန်နှင့် ပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာနအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ CSO၊ NGO၊ အားကစားဝါသနာရှင်များ၊ စေတနာရှင်၊ အလှူရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ပြီးတော့ မြန်မာ့အားကစားရွှေတစ်ခေတ်ဆီသို့ ဦးတည်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ဖြစ်ပြီးတော့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ အဆိုကို Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြတောင်းခံအပ်ပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်က မြန်မာ့ အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် အားကစားပြက္ခဒိန်ပြုလုပ်ရန်အဆိုပါ။ ဆွေးနွေးချက်ထဲမှာတော့ အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစပ်ဖို့ အားကစားသိပ္ပံကျောင်းများပိုမိုဖွင့်လှစ်ဖို့ အုပ်ချုပ်ရေးယန္တရားနဲ့ပေါင်းစပ်ဆောင်ရွက်ဖို့ စသဖြင့် ဆောင်ရွက်ရန်နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့တာကို တွေ့ရှိရပါတယ်။ တကယ်တော့ ဒီအဆိုဟာ နိုင်ငံတော်အစိုးရရဲ့ ၂၀၁၇-၂၀၁၈ အမျိုးသားစီမံကိန်းမှာဖော်ပြထားတဲ့ ကဏ္ဍအလိုက် ရည်မှန်းချက်တွေထဲက တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေး၊ ကျန်းမာခြင်းအပေါ် အကျိုး သက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်အခြေအနေကောင်းများဖြစ်ထွန်းပေါ်ပေါက် လာရေးဆိုတဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်တွေနဲ့လည်း ကိုက်ညီနေတာကို တွေ့ရှိရပါတယ်။ တကယ်တော့ ဒီရည်မှန်းချက်တွေဆိုတာက ဒီတစ်နှစ်တည်းနဲ့ ရည်မှန်းချက်ထား ပြီးတော့ ဆောင်ရွက်ရုံနဲ့ ပြီးမြောက်နိုင်တဲ့ကိစ္စမျိုးမဟုတ်ပါဘူး။ စဉ်ဆက်မပြတ် ရည်မှန်းချက်ထား ဆောင်ရွက်ရမယ့်အရေးကိစ္စမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ပဲ ယူနက်စကိုရဲ့ ၁၉၇၈ ခုနှစ်မှာ ပြုလုပ်တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ International Charter of Physical Education and Sport ဆိုပြီးတော့ ဒီ Charter တစ်ခုပြဋ္ဌာန်းခဲ့တာရှိပါတယ်။ အဲဒီရဲ့ Article No.1 မှာဆိုလို့ရှိရင် The Practice of Physical Education and Sport is the Fundamental Right for All ဒီအခြေခံ ကာယပညာနဲ့အားကစားကို ဆောင်ရွက်ပိုင်ခွင့်ဆိုတာဟာ အခြေခံအခွင့်အရေးဖြစ်တယ် လို့လည်း တိတိကျကျပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ နောက် Article No.2 မှာဆိုလို့ရှိရင်လည်း Physical Education and Sport for the Essential Element of Life Long Education in the over all Education System ဆိုပြီးတော့ ထည့်သွင်းထားပါတယ်။ ဒါက ဒီတစ်သက်တာပညာရေး

အတွက် မရှိမဖြစ်အခြေခံရမယ့် အစိတ်အပိုင်းဖြစ်တယ်လို့လည်း ဒီနိုင်ငံတကာကနေပြီးတော့ အရေးတကြီးဖော်ပြထားတဲ့၊ အသိအမှတ်ပြုထားတဲ့ ဒီ Charter တစ်ခုဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဗလငါးတန်နှင့်ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေး ဆိုတာ ဖွံ့ဖြိုးစနိုင်ငံတွေရဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက်သာမကဘဲနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများ ပင်လျှင် စဉ်ဆက်မပြတ်မျက်ခြေပြတ်မခံတဲ့ရည်မှန်းချက်တွေဖြစ်ကြပါတယ်။ အခုလို တိုင်းပြည်ကို အဘက်ဘက်က ပြန်လည်တည်ဆောက်နေတဲ့ကာလမှာ အဆိုရှင်ဆွေးနွေးခဲ့သလို အားကစားနှင့် ပညာရေးကို စနစ်တကျပေါင်းစပ်နိုင်မယ်ဆိုရင် အဆိုရှင်ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်လာရေးဆိုတာထက်ကို ကျော်လွန် တဲ့အသီးအပွင့်တွေကို ကျွန်မတို့ခံစားနိုင်မှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီအားကစားနှင့်ပညာရေးအဆက်ဆက်ကို လေ့လာတဲ့အခါမှာတော့ အပိုင်းသုံးပိုင်းတွေ့ရပါမယ်။ ဒါကတော့ တချို့နိုင်ငံတွေမှာဆိုလို့ရှိရင် Manual သဘောမျိုးကို ကိုယ်ပိုင်ကျောင်းတွေမှာ အများကြီး ဒီလိုမျိုး တစ်ကျောင်းတစ်ဂါထာ သဘောမျိုးနဲ့ အပြိုင်အဆိုင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ပထမအဆင့်က Physical Education ဖြစ်ပါတယ်။ အဆိုကိုလေ့လာကြည့်တဲ့အခါမှာ Physical Education ဆိုတဲ့ ကာယပညာကို ကျွန်မတို့က သင်ရိုးညွှန်းတမ်းရဲ့အစိတ်အပိုင်းအဖြစ်နဲ့ ထည့်သွင်းပြီးတော့ ပညာရေးနဲ့ ပေါင်းစပ် ထားတာဖြစ်တယ်။ ဒါကို တစ်ပြည်လုံးအတွက်စဉ်းစားမယ်ဆိုရင် အခြေခံအဆောက်အအုံတွေလိုပါ မယ်။ ဘတ်ဂျက်လိုပါမယ်။ Policy အပြောင်းအလဲလုပ်ရပြီးတော့ ဒါဟာ အကြီးစားပြုပြင်ပြောင်းလဲမှု လုပ်ရမယ့်သဘောဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ Physical Activities လို့ခေါ်တဲ့ ကာယ လှုပ်ရှားမှုပါ။ သူကတော့ Physical Education ရဲ့အစိတ်အပိုင်းတစ်ခုကိုပဲယူပြီးတော့ လူထု အခြေပြုအားကစားလှုပ်ရှားမှုတွေနဲ့ဖော်ဆောင်တဲ့ နည်းလမ်းဖြစ်ပြီးတော့ သင်ရိုးညွှန်းတမ်းပြင်ပမှာ ဒီကျောင်းစာသင်ချိန်ပြင်ပမှာ အစီအစဉ်များချမှတ်ပြီးတော့ ဆောင်ရွက်တဲ့ပုံစံမျိုးဖြစ်ပါတယ်။ ဒီဟာ ဆိုလို့ရှိရင် အဆိုရှင်တင်ခဲ့တဲ့သဘောမျိုးပိုကဲပါတယ်။

တတိယချက်ကတော့ Sport ဆိုတဲ့ အားကစားကို တိတိကျကျဘာလဲဆိုတော့ နားလည်ဖို့လိုပါ တယ်။ ဒီအားကစားရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က စနစ်တကျဖွဲ့စည်းထားတဲ့ ပုံစံတကျတည်ဆောက် ထားတဲ့အဖွဲ့အစည်းတွေရဲ့ပြိုင်ဆိုင်မှု(Competition)ကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ စနစ်တကျဖွဲ့စည်းထားတဲ့ Sport နဲ့ပတ်သက်တဲ့ Institution အပိုင်းတွေကိုလည်း ကျွန်မတို့သွားရပါ

လိမ့်မယ်။ အဲဒီတော့ ကျွန်မအကြံပေးချင်တာက ဒီအချက်သုံးချက်ထဲကနေပြီးတော့ ပထမအချက်ကိုပဲ အခြေခံပြီးတော့ သွားမလား။ ဒုတိယအချက်ကိုပဲ အခြေခံပြီးတော့ သွားမလားဆိုတာကို နိုင်ငံရဲ့ လက်ရှိပကတိအခြေအနေနဲ့နှိုင်းယှဉ်ပြီးတော့ စဉ်းစားပြီးတော့ ရွေးချယ်ရမယ့်ကိစ္စဖြစ်ပါတယ်။ တကယ်တော့ Physical Education ကနေပြီးတော့ ရနိုင်တဲ့ အချက်များစွာထဲက နှစ်ချက်လောက်ကို ကျွန်မထည့်သွင်းဆွေးနွေးပြီးတော့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ အားကစားကို လုပ်ပြီဆိုလို့ရှိရင် ကျွန်မတို့ ထူးချွန်တဲ့အားကစားသမား တွေထွက်ပေါ်လာတာက ဒါဟာ အန္တိမ ပန်းတိုင်ပါ။ ဒါပေမဲ့ တကယ့်တကယ်ကျွန်မတို့လူ့အသိုင်းအဝန်းထဲမှာ ကျွန်မတို့ မျိုးဆက်တွေကြားထဲ မှာကို တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးအမြတ်တွေရရှိနိုင်ပါတယ်။ Emotional Development လို့ခေါ်တဲ့ ဘယ်အခြေအနေမှာပဲမဆို ဒီအားကစားနဲ့ပတ်သက်ထားတဲ့ ဒီလူငယ်လူရွယ်တွေ၊ ကလေးသူငယ်တွေ ဆိုလို့ရှိရင် အသက်ကြီးလာတဲ့အချိန်အထိ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်တတ်တဲ့အလေ့အကျင့်ကို ရရှိစေပါတယ်။ ခုနက ပြိုင်ဆိုင်မှုနဲ့သွားရတာဖြစ်တဲ့အတွက် အနိုင်အရှုံးကို လက်ခံတတ်တဲ့ Democratic Culture နဲ့လည်း ချိတ်ယူမယ် ဆိုလို့ရှိရင် အများကြီးအထောက်အပံ့ဖြစ်စေပါတယ်။ နောက်ပြီးတော့ ဘဝတစ်လျှောက်မှာကြုံတွေ့လာနေနိုင်တဲ့ လောကဓံကိုလည်း ကျေကျေနပ်နပ် လက်ခံတတ်အောင် သင်ကြားပေးနိုင်မယ့် အခြေအနေမျိုးတွေကိုလည်း ရရှိနိုင်ပါတယ်။

နောက်တစ်ချက်ကဘာလဲဆိုလို့ရှိရင် Social Development အနေနဲ့လည်း ပေါင်းသင်း ဆက်ဆံရေးတွေ တစ်ဦးနဲ့တစ်ဦးအပြန်အလှန်ဆက်ဆံရေးတွေရနိုင်တယ်။ ငယ်ရွယ်စဉ်ကတည်းကနေ ပြီးတော့ စာသင်ကျောင်းမှာကတည်းက လူမှုတန်ဖိုးတွေကိုလည်း လေ့လာနိုင်တယ်။ တစ်ဦးချင်း အရည်အသွေးနဲ့ လူမှုရေးအလေ့အထတွေကိုလည်း ဖွံ့ဖြိုးနိုင်ပြီးတော့ ပြိုင်ဆိုင်မှုနှင့်တစ်ပြိုက်နက် တည်းမှာ ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထတွေကိုလည်း ရရှိနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးတင်သွင်းသွားတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒလ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းလိုက်တဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်

ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးနှင့်ပတ်သက်တဲ့အဆိုကို ထောက်ခံဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားကစားရဲ့အဓိပ္ပာယ်တစ်မျိုးဖြစ်ပါတယ်။ ဒီနေရာမှာတော့ အားကစားဆိုတာဟာ အင်အားနှင့် ဉာဏ်ရည်ကို အသုံးချရတယ်လို့ ဆိုလိုထားပါတယ်။ ဒါကြောင့်မို့လို့ ထူးချွန်တဲ့အားကစားသမားတွေ ထွက်ပေါ်မယ်ဆိုလို့ရှိရင် ဒီအားကစားသမားတွေရဲ့ကိုယ်ရောစိတ်ပါ နှစ်ဖြာကျန်းမာချမ်းသာစေရန် ဆောင်ရွက်မှသာလျှင် လှုပ်ရှားယှဉ်ပြိုင်မှု အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဦးတင်ထွေးရဲ့အဆိုကို လေ့လာလိုက်တဲ့အခါမှာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ဒီအဆိုဟာ အမျိုးသားအားကစား အဆင့်တိုးတက်မြင့်မားစေရေးနှင့် သက်ဆိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့မူဝါဒ(၄)ရပ်ကို တင်ပြ ထားတာဖြစ်ပါတယ်။ နံပါတ်(၂)ကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် Excellent Sport နှင့်ဆိုင်တဲ့ကဏ္ဍ ဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ တိုးတက်မြင့်မားဖို့အတွက် မူဝါဒရှိပြီး ဖြစ်ပါတယ်။ ဒါကတော့ တစ်ခေတ်တစ်ခါဆီက အသစ်ဘယ်လိုကောင်းမွန်ပေမယ့် ငယ်ချစ်ဟောင်းကိုတော့ တလည်လည် ဆို သလို ၁၉၆၀ ပြည့်နှစ်လွန် အားကစားရွှေခေတ်ကဟာပါ။ သမိုင်းတင်တဲ့အနေနဲ့ ဇယားနဲ့ဖော်ပြထား တာဖြစ်ပါတယ်။ ဒါကတော့ မြန်မာ့ဂုဏ်ဆောင်အားကစားတွေ ထွက်ပေါ်ရေး၊ တစ်နည်းအားဖြင့် အမျိုးသားအားကစားအဆင့်တိုးတက်မြင့်မားရေးအတွက် ကျွန်တော်တို့ လုပ်ဆောင်ရမယ့်အစီအမံ တွေဖြစ်ပါတယ်။ ဒီအစီအမံတွေကို ဗဟိုပြုပြီးတော့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အရေးကြီးဆုံးကတော့ ကျွန်တော်တို့နိုင်ငံမှာ ထူးချွန်အားကစားသမားတွေ ကို ငွေကြေးအဓိကထားမချီးမြှင့်ဘဲ အဆင့်လိုက် ဘဝတစ်သက်တာ အာမခံချက်ပေးနိုင်ရေး၊ အားကစားအဖွဲ့ချုပ်တွေကို ဦးဆောင်တဲ့လူတွေက ရွေးချယ်တဲ့အခါမှာ ယခုလက်ရှိကြုံတွေ့နေရသလို ငွေကြေး၊ နီးစပ်မှုတွေကို အဓိကမထားဘဲနဲ့ ကျွမ်းကျင်မှုအလိုက် ရွေးချယ်ရေး၊ အားကစားသမားတွေ ပေါ်ထွက်ဖို့အတွက် လူသားအရင်းအမြစ်နဲ့နည်းပညာတွေ ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ ရှိပြီးဖြစ်တဲ့ အားကစားတက္ကသိုလ်၊ သိပ္ပံအကယ်ဒမီတွေကို အဆင့်မြှင့်တင်ပြီးတော့ အရေးကြီးတာက တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ဒေသအသီးသီးမှာ အားကစားအကယ်ဒမီများ ဖွင့်လှစ်ဆောင်ရွက် ပေးရေးဖြစ်ပါတယ်။ ဒါမှသာလျှင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသအသီးသီးမှာ အားကစား အကယ်ဒမီတွေ ဖွင့်လှစ်ပေးမှသာလျှင် ပြည်ထောင်စုတိုင်းရင်းသား၊ မိဘမောင်ဖွားတွေရဲ့ အားကစားနဲ့ ပတ်သက်ပြီး အလားအလာရှိတဲ့ ရွက်ပုန်းသီးအားကစားသမားတွေဟာ လက်လှမ်းမီပြီးတော့

ဒီအကယ်ဒမီတွေကနေတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်တဲ့အားကစားသမားတွေပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါတွေနဲ့ လုံလောက်ပြီလားဆိုလို့ရှိရင် လက်ရှိအခြေအနေအရ မလုံလောက်သေးပါဘူး။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ အားကစားရုံ၊ အားကစားကွင်းတွေဟာ တစ်စတစ်စ ပျောက်ကွယ်လာတာကို ရပ်ဆိုင်းစေပြီးတော့ ရှိပြီးဖြစ်တဲ့ အားကစားရုံ၊ အားကစားကွင်းတွေကို အဆင့်မြှင့်တင်ပြီးတော့ ပေါ်ထွန်းလာဖို့အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်တဲ့အခါမှာ ဘဏ္ဍာငွေမလောက်ငမှုကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးဖို့တင်ပြလိုပါတယ်။ ယခုလက်ရှိ ကျွန်တော့်လေ့လာချက်အရ ဆိုလို့ရှိရင် မြို့နယ်ပေါင်းစုံမှ အားကစားပြိုင်ပွဲတစ်ခုလုပ်ဖို့အတွက် ကျွန်တော်တို့ရရှိတဲ့ငွေဟာ မြို့နယ်တစ်မြို့နယ်အတွက် သိန်း ၃၀ သာရတဲ့အတွက် ဘယ်လိုမှမလောက်ပါဘူး။ ဒါကြောင့်မို့လို့ မြို့နယ်တွေမှာ အားကစားပြိုင်ပွဲတွေကို ထိထိရောက်ရောက်ကျင်းပပေးစေချင်တယ်ဆိုရင် ဒီဘဏ္ဍာငွေထောက်ပံ့မှုစနစ်ကို ထိရောက်တဲ့စနစ်ဖြစ်အောင်၊ ကိုယ့်အားကိုယ်ကိုးနိုင်တဲ့စနစ်ဖြစ်အောင် ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ အကြံဉာဏ်ပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တင်ပြလိုတဲ့အချက်ကတော့ အားလုံးပူးပေါင်းဆောင်ရွက်ရေးမှု ဖြစ်ပါတယ်။ ယခုဆိုလို့ရှိရင် အားလုံးပူးပေါင်းဆောင်ရွက်ရေးမှုဟာ အားနည်းနေတဲ့အတွက် ကျွန်တော့်အနေနဲ့ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အားကစားပြိုင်ပွဲတွေဟာ ယခင်ကကဲ့သို့ ပေါ်ပေါက်လာခြင်းမရှိဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရတွေရဲ့ ဦးဆောင်မှု၊ အုပ်ချုပ်မှုဆိုင်ရာ အားကစားအဖွဲ့အစည်းတွေနဲ့ ဦးဆောင်မှုနဲ့ လူထုလှုပ်ရှားမှုအသွင်ယူကာ ဦးဆောင်ဖို့လိုအပ်သလို နိုင်ငံတော်အစိုးရရဲ့ဦးဆောင်မှုနဲ့အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအပြင် အခြားပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအပါအဝင်ဟာ အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း အထူးအရေးကြီးနေပြီ ဖြစ်ပါတယ်။ ထပ်မံတင်ပြချင်တာကတော့ အာဆီယံအဆင့်မှာ ကျွန်တော်တို့ရဲ့ ကျဆင်းသွားတဲ့ တက္ကသိုလ်အားကစားအဆင့်သိက္ခာကို ဆယ်ဖို့အတွက် အခြေခံပညာမှစ၍ တက္ကသိုလ်အဆင့်အထိ ပေါင်းစုံအားကစားပြိုင်ပွဲများ ပေါ်ပေါက်စေဖို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် လက်ရှိဖွဲ့စည်းထားတဲ့ အားကစားနှင့် ပညာရေးပေါင်းစပ်ဦးစီးကော်မတီရဲ့ ပူးပေါင်းဆောင်ရွက်ရေးဆောင်ရွက်ချက်တွေကိုလည်း အဆင့်မြှင့်တင်ပြီးတော့ ပိုမိုအောင်မြင်လာအောင်၊ ပိုမိုစွမ်းဆောင်လာနိုင်အောင် စီမံဆောင်ရွက်သင့်ပြီဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ထပ်မံတင်ပြချင်တာကတော့ နံပါတ်(၇)ဖြစ်တဲ့ အားကစားနည်းတစ်မျိုးတည်းကိုပဲ နိုင်ငံတော်က ဖိပြီးအားပေးတာမျိုးမဖြစ်ဘဲနဲ့ ဥပမာဆိုလို့ရှိရင်

လူကြိုက်များတဲ့အားကစား၊ စီးပွားရေးတွက်ခြေကိုက်တဲ့အားကစား၊ သူဌေးတွေနောက်ကလိုက်နေတဲ့ အားကစားမျိုးကို ကျွန်တော်တို့က အားမပေးဘဲနဲ့ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားဖို့ဆိုလို့ရှိရင် အားကစားအားလုံးကို နိုင်ငံတော်ကတော့ အဆင့်မီမီနဲ့ မျှမျှတတအားပေးနိုင်မယ်ဆိုလို့ရှိရင် အမျိုးသားအားကစားမြင့်မားတိုးတက်ရေးဟာ အောင်မြင်နိုင်မှာမလွဲကြောင်း တင်ပြရင်းနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံတင်ပြလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ဖို့အဆိုဆွေးနွေးတာ။ ဒေါက်တာစိန်မြအေးကငယ်ချစ်ဟောင်းကိုတောင် တဝဲလည်လည်တောင် ဖြစ်သွားတယ်။ ကြည့်ရတာ ဒေါက်တာစိန်မြအေးကစောင်းအိုရှင်လားမသိဘူး။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ တက်ကျမ်းတွေအများကြီးရေးဖူးတဲ့ စာရေးဆရာကြီးပီမိုးနင်းရဲ့ စာတစ်ခု ကျွန်တော်ဖတ်ဖူးပါတယ်။ သူက လူတစ်ယောက်ပဲဖြစ်ဖြစ်၊ မိသားစုတစ်စုပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲဖြစ်ဖြစ် ကြီးပွားတိုးတက်ဖို့ဆိုရင် ရိုးသားဖို့၊ ကြိုးစားဖို့ အဲဒီနှစ်ခုတည်းနဲ့မရဘူး။ စနစ်ဇယားရှိဖို့လည်းလိုတယ်။ စနစ်ဇယားဆိုတဲ့နေရာမှာ အရေးကြီးဆုံးကတော့ အချိန်ပဲ။ အချိန်ကို ကောင်းစွာ၊ လိမ္မာပါးနပ်စွာ စီမံခန့်ခွဲဖို့လည်း အရေးကြီးတယ်။ အဲဒီတော့ အဲဒီရိုးသားမှု၊ ကြိုးစားမှု၊ စနစ်ဇယားရှိမှု သုံးခုနဲ့ပေါင်းမှပဲ တိုးတက်ကြီးပွားမှုရမယ်။ ဒီလိုကျွန်တော်ဖတ်ဖူးပါတယ်။ အဲဒီတော့ အခုဒီမှာကတော့ ဝေါမဲဆန္ဒနယ်က ဆရာဦးတင်ထွေးရဲ့အဆိုကတော့ အားကစားတွေကို ပြက္ခဒိန်နဲ့လုပ်ပြီးတော့ ကျင်းပပေးသွားဖို့ပေါ့။ ဒီကိစ္စကတော့ အချိန်နဲ့ဆိုင်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ပြောရရင် စိန်ခေါ်မှုကကြီးလာတဲ့အခါ အချိန်က။ ပြက္ခဒိန်က ပိုပိုပြီးတော့လိုလာလေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ (၅)တန်း၊ (၆)တန်း၊ (၇)တန်းမှာ ကျောင်းစစ်ဆိုတော့ ပေါ့ပေါ့ပါးပါးပဲဖြေတယ်။ (၈)တန်း အစိုးရစစ်ဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့အချိန်ကို သေချာစီမံခန့်ခွဲရတယ်။ တစ်နေ့မှာ ဘယ်အချိန်မှာ ဘယ်ဘာသာကို ကျက်မယ်။ ဘယ်အချိန်မှာစားမယ်။ ဘယ်အချိန်မှာကစားမယ်။ (၉)တန်းကျတော့ နည်းနည်း ပြန်ပေါ့သွားတယ်။ (၁၀)တန်းကျတဲ့အခါကျတော့ ပိုပြီးတော့ အကြီးမားဆုံးစိန်ခေါ်မှုဆိုတော့ ကျွန်တော်တို့ရဲ့အချိန်ကို ပြက္ခဒိန်ဆွဲပြီးတော့ သေချာလုပ်ရပါတယ်။ ဒီသဘောပါပဲ။ ကျွန်တော်တို့ရဲ့

အားကစားနဲ့ပတ်သက်လို့ကတော့ ဒီမှာကတော့ အားကစားဆိုရင်တော့ အများစုကတော့ ဘောလုံးပဲ မြင်နေကြတာပေါ့။ သို့သော်လည်း သေချာအားလုံးပြန်စဉ်းစားကြည့်ရင်တော့ အားကစားဟာ အကုန်လုံး ကျသွားတာ။ ဒါအားလုံးရှင်းပါတယ်။ အရှေ့တောင်အာရှကျွန်းဆွယ်လို့ပြောတဲ့ဟာ ၁၉၆၁ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံမှာအိမ်ရှင်လုပ်တယ်။ ၁၉၆၉ ခုနှစ်။ နောက်တစ်ခါ ၂၀၁၃ ခုနှစ်ကျမှ ဆီးဂိမ်းကို ပြန်လုပ်နိုင်တယ်ဆိုတော့ နှစ် ၅၀ နီးပါး မလုပ်နိုင်ဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့က အားကစားအခြေအနေက တဖြည်းဖြည်းနဲ့နောက်ကို တဖြည်းဖြည်းကျလာတဲ့သဘောပေါ့။ အဲဒီတော့ ဘောလုံးတို့၊ အားကစားနဲ့ပတ်သက်ပြီးတော့ အချက်အလက်တွေ ကျွန်တော်မပြောပြတော့ပါဘူး။ ကျွန်တော်ကအားကစားကလောင်ရှင်လောကမှာလည်း နှစ်တော်တော်များများ ကျင်လည်လာခဲ့တော့ သိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အားကစားအခြေအနေနဲ့ အချက်အလက်နဲ့ပတ်သက်ရင် တင်ပြရရင် ကျွန်တော်မတင်ပြတော့ပါဘူး။ ကျွန်တော့်မှာ အချက်အလက်တွေအများကြီးရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တင်ပြရင် လွှတ်တော်ထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အကုန်လုံးက စိတ်မသက်မသာဘဲ ဖြစ်သွားကြမှာပါ။ စိတ်မသက်သာစရာအချက်အလက်တွေချည်းပဲ။ အဲဒီတော့ ကျွန်တော်က ဒီမှာ ကျွန်တော်တို့အားကစားက တကယ့်ကို ဖွံ့ဖြိုးတိုးတက်မှုလုပ်ရမယ့်အစား အသုံးချခံရတဲ့ကာလတွေ ရှိခဲ့ တယ်။ ဘောလုံးပဲ ဥပမာပေးမယ်ဆိုလို့ရှိရင် ဘောလုံးက ရှုံးတာတွေအများကြီးကြာတဲ့အခါ မျက်နှာငယ်ရတယ်။ ရှက်ကြရတယ်။ အခြားအားကစားတွေလည်း ကျွန်တော်တို့က ဘယ်မှာနိုင်လို့လဲ။ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ပြေးခုန်ပစ် ဒါတွေအကုန်လုံးက ကျသွားတယ်။ ဘောလုံးဆိုရင် ကျွန်တော်တို့က ရှုံးနိမ့်ရင်းနဲ့ကို သိက္ခာကျတယ်။ အရှက်ရတယ်။ နိုင်လို့လည်း ကျွန်တော်တို့ မျက်နှာငယ်ရ တဲ့ပွဲရှိခဲ့တယ်။ ဘောလုံးကို အသုံးချခံခဲ့ရတယ်။ ဘောလုံးက ၁၉၉၀ ခုနှစ်ဝန်းကျင်လောက်က ခြသေ့်ဖလား ကျွန်တော်တို့ကို ဖိတ်တယ်။ အသက်(၁၆)နှစ်အောက်ဖိတ်တဲ့အခါ ကျွန်တော်တို့က အသက် ၂၅ နှစ်လောက်တွေ သွားလွှတ်တယ်။ ပြိုင်ပွဲတွေကို ဂိုးအပြတ်တွေနဲ့သွားနိုင်တယ်။ ဖိုင်နယ်မှာ လည်း ရှစ်ဂိုး၊ ကိုးဂိုးသွင်းပြီးတော့ နိုင်တယ်။ နိုင်ပြီးတော့ ဖလားရလာတယ်။ ဒါပေမဲ့ နောက်ပြန်စစ်လိုက် တဲ့အခါကျတော့ အသက်က လိမ်ထားတယ်ဆိုတာ တွေ့တဲ့အခါ နောက်ကျတော့ ကျွန်တော်တို့ကို မဖိတ်တော့ဘူး။ အဲဒီဖလားကို။ Lion City Cup ဆိုတာကို ဒါက လူသိအင်မတန်နည်းပါတယ်။ အဲဒီတော့ ဒီလိုကျွန်တော်တို့က ဒါအသုံးချခံရတဲ့အနေအထားတွေရှိခဲ့တယ်။

အဲဒီတော့ ကျွန်တော်တို့တကယ့်အားကစားကို လုပ်ကြမယ်ဆိုလို့ရှိရင် နိုင်ငံရဲ့ပုံရိပ်မြှင့်တင်ရေး၊ နောက်တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုတဲ့ဟာတွေနဲ့ လုပ်ရမယ်။ သို့သော်လည်း ကာလတစ်ခု

မှာ ကျွန်တော်တို့ အဲဒီလို အသုံးချခံခဲ့ရတာတွေရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခုချိန်မှာတော့ ပြန်ပြီးတော့ ပြောင်းလဲရတော့မယ့်အခြေအနေရောက်နေပါပြီ။ အခုနက ရှေ့မှာလည်းပြောသွားတာတွေရှိတယ်။ တစ်မျိုးသားလုံး၊ ဝန်ကြီးဌာနတွေအားလုံး ပူးပေါင်းပြီးတော့ ဒါအားကစားဆိုတာလည်း ကျွန်တော်တို့အားလုံးနားလည်ပါတယ်။ အားကစားဆိုတာ အပေါ်ထပ်အဆောက်အအုံပါပဲ။ အပေါ်ထပ်အဆောက်အအုံဆိုတာ နိုင်ငံရေးရဲ့ထင်ဟပ်ချက်တစ်ခုပါပဲ။ အဲဒီတော့ နိုင်ငံရေး၊ စီးပွားရေးကောင်းရင် အားကစားဟာလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံရေးလမ်းကြောင်းမှန်ဖို့လိုတယ်။ စီးပွားရေးကောင်းဖို့လိုတယ်။ ဒါမှသာလျှင် ကျွန်တော်တို့က အားကစားကို မြင့်မားအောင်လုပ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်တွေမှာ အားကစားကွင်းတွေမရှိတော့ဘူး။ အားကစားရုံတွေမရှိတော့ဘူး။ အားကစားပစ္စည်းတွေမရှိတော့ဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကစားခဲ့တဲ့ အတန်းလိုက်ပွဲတွေရှိတယ်။ နောက်တစ်ခါ ကျောင်းအလိုက် ကျောင်းသားပွဲတော်တွေရှိတယ်။ နောက်ပိုင်းမှာ မြို့နယ်အလိုက်တွေရှိတယ်။ ခရိုင်အလိုက်တွေရှိတယ်။ အဲဒီပွဲတွေဟာ အခုဆိုရင် လုံးဝကို ဒဏ္ဍာရီဖြစ်သွားပြီ။ ဒီလိုဟာတွေမလုပ်တော့ဘူးဆိုရင် လူငယ်တွေက ဘယ်ရောက်သွားမလဲ။ လူငယ်တွေက သူတို့ရဲ့အားလပ်တဲ့အချိန်ကို အနုပညာ ဒါမှမဟုတ် အားကစားမှာ အချိန်မပေးဘူးဆိုရင် ဘယ်သွားမလဲ။ သူတို့ မူးယစ်ဆေးဝါးဆီရောက်မယ်။ မဟုတ်တဲ့ ဒုစရိုက်မှုတွေဆီရောက်သွားမယ်။ အဲဒီတော့ ကျွန်တော်တို့က အားကစားတွေကို အခုနက အဆိုမှာပါတဲ့အတိုင်း ပြက္ခဒိန်နဲ့ ကျောင်းအလိုက် ပြီးတော့မှ ကျောင်းအလိုက်မှာလည်း ကျောင်း၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်။ ဒီလို ပြက္ခဒိန်တွေကို ရေးဆွဲပြီးတော့ ပြက္ခဒိန်တွေရေးဆွဲတဲ့အခါမှာ တကယ့် Practical ပေါ့။ လက်တွေ့ကျတဲ့ပြက္ခဒိန်တွေ ရေးဆွဲဖို့လိုပါတယ်။ လူကြီးလာရင် ပြလို့ကောင်းရုံပြက္ခဒိန်တွေ မဆွဲဘဲနဲ့ တကယ်လက်တွေ့လုပ်နိုင်တဲ့ပြက္ခဒိန်တွေ ရေးဆွဲပြီးတော့ တကယ်နိုင်ငံတော်ကရော၊ ပြည်သူလူထုကရော အားလုံး၊ အရပ်ဘက်အဖွဲ့အစည်းတွေကရော ပူးပေါင်းပြီးတော့ အဲဒီလိုပြက္ခဒိန်တွေ ရေးဆွဲပြီးတော့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့အားကစားက ပြန်လည်မြင့်တက်လာဖို့ရှိပါတယ်ဆိုတာကို ပြောကြားရင်းနဲ့ ဆရာဦးတင်ထွေးရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ မြန်မာ့

အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ဦးတင်ထွေး၏ဆန္ဒက ဟိုးနှစ်ပေါင်း ၅၀ ကျော်က ဘောလုံးဆိုလျှင် မဟာဒူး၊ အေးမောင်ကြီး၊ ဘပု။ ပြေးခုန်ပစ်ဆိုလျှင် ဂျင်မီ၊ ရှင်မွေးဂန်း၊ မီတုံးနော်အစရှိတဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်ခဲ့ဖူးသလို ယခု ၂၁ ရာစုမှာလည်း ရှေးကနည်းတူ ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ဆန္ဒလိုပဲ ပြီးခဲ့တဲ့ နှစ် ၂၀ ခန့်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကနေပါ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်ဆိုသော ဆောင်ပုဒ်ဖြင့် ယနေ့အချိန်ထိချိတ်ကနေတယ်။ အဲဒီဆောင်ပုဒ်ထွက်ပေါ်လာပြီးနောက် ယနေ့အချိန်ထိ ကျွန်တော်ကလည်း ဆက်စပ်မိတဲ့စကားဝိုင်းတိုင်းမှာ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်ဆိုတာ ၁၀၀ ရာခိုင်နှုန်းမဖြစ်နိုင်သေးဘူးလို့ ကျိုးကြောင်းဖော်ပြပြီး ပြောလေ့ရှိပါတယ်။ မဟာဒူး၊ အေးမောင်ကြီး၊ ဘပု၊ ဂျင်မီ၊ ရှင်မွေးဂန်း၊ မီတုံးနော်တို့လို နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ပေါ်ထွက်ခဲ့တဲ့ခေတ်အခါက ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝ ကျောင်းကဆင်းရင် အိမ်ပြန်လွယ်အိတ်ပြင်ပြီး ဘောလုံးကစားမလား။ ဘောလီဘောပုတ်မလား။ ကြက်တောင်ရိုက်မလား။ ဘတ်စကတ်ဘောကစားမလား။ ကြိုက်ရာအားကစားကို သုံးနာရီဝန်းကျင်ခန့် ကစားဖို့ အချိန်ရပါတယ်။ စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာလည်း ကျူရှင်မရှိပါဘူး။ စာလုပ်သင့်သလောက်လုပ်ပြီး ကြိုက်ရာအားကစားကို လုပ်လို့ရပါတယ်။ ညနေ ကစားပြီးထမင်းစား၊ ထမင်းစားပြီး ညပိုင်းမှာမှ စာကိုလုပ်ကြတာ များပါတယ်။ ယခု ၂၁ ရာစု ထဲမှာတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ ကျွန်တော့်မြေးလေးတွေရှိပါတယ်။ သုံးနှစ်၊ လေးနှစ် ကျောင်းမနေခင်မှာ မနက်ရော၊ ညနေရော၊ ညရောဘောလုံး ကန်ကြပါတယ်။ ဂိုးတိုင်တွေနဲ့တော့ မဟုတ်ဘူးပေါ့။ ကိုယ့်အိမ်ရှေ့မှာ ကိုယ်ကန်လိုက်ရင် သူကဖမ်း၊ သူကန်လိုက်ရင် ကိုယ်ကဖမ်းနဲ့ပေါ့။ ငါးနှစ်သား ကျောင်းနေသူငယ်တန်းရောက်ပြီးကတည်းက သူတို့ဘောလုံးကန်ချိန်မရတော့ပါဘူး။ ကျောင်းကဆင်းရင် ကျူရှင်သွားကြရပါတယ်။ ညပိုင်းမှာပဲ ကန်ချိန်ရပါတော့တယ်။ မူလတန်းပြီး အလယ်တန်းရောက်ရော ပိုပြီးဆိုးပြီပေါ့။ မနက်ကျောင်းမတက်ခင် ကျူရှင်သွား၊ ပြန်လာတော့ နံနက်စာစား ကျောင်းသွား။ နံနက်ကျောင်းဆင်း ထမင်းစားချိန် ၁း၁၅ လောက်နဲ့ ထမင်းစားရေချိုး၊ နေ့လယ် ကျောင်းပြန်တက်၊ ညနေ ၃ နာရီခွဲ ကျောင်းဆင်းပြီး ၄ နာရီတက်ရမယ့်ကျူရှင်ကို သွားရပြန်ပါတယ်။ ၆ နာရီလောက်ကျူရှင်ပြီး ညစာစားပြီး ၇ နာရီကျူရှင်ကို သွားရပြန်ပါတယ်။ ၉ နာရီကျော် ၁၀ နာရီလောက်မှ အိမ်ပြန်ရောက်ကြပါတယ်။ အထက်တန်း (၉) တန်း၊ (၁၀)တန်းဆိုရင် ပိုပြီးဆိုးပြန်တယ်။ မနက် အာရုံတက်ကျူရှင်ကစပြီး ကျောင်းဆင်းကျောင်းတက်၊

ကျူရှင်ပြန်တက်နဲ့ ၁၁ နာရီထိ ကစားချိန်မရှိဘဲ ကျူရှင်-ကျောင်း၊ ကျောင်း-ကျူရှင်တို့နဲ့ပဲ အချိန်ကုန်ခဲ့ရပါတယ်။ အဲဒီလို (၅)နှစ် (၆)နှစ်မူလတန်းက အစ (၁၃)နှစ်၊ (၁၄)နှစ်အရွယ် အလယ်တန်းနှင့် (၁၆)နှစ်၊ (၁၈)နှစ် အထက်တန်းအဆင့်ထိ မည်သည့် အားကစားကိုမှ ကစားချိန်မရလို့ မကစားရဘဲနဲ့ ဘယ်လိုလုပ်ပြီးအားကစားသမားကောင်းများ ထွက်ပေါ်လာနိုင်ပါ့မလဲ။ အဆိုရှင်ပြောတဲ့ ဘောလီဘောကွင်း၊ ကြက်တောင်ကွင်း၊ ဘတ်စကတ်ဘောကွင်း အစရှိတဲ့ အားကစားကွင်းတွေ ပျောက်ကွယ်သွားတာဟာ စောစောက ကျွန်တော်တင်ပြခဲ့သလို လူငယ်အဆင့်ဆင့် အားကစားကစားချိန်မပေးနိုင်ကြလို့ ကစားကွင်းများ ပျောက်ကွယ်သွားရတာပါ။ အဲဒီကစားကွင်းများ ပျောက်ကွယ်သွားလို့လည်း ကျေးလက်မှ မြို့ပြအားကစားပြိုင်ပွဲများ၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်ထိ အားကစားပြိုင်ပွဲများ ပျက်ပြယ်ခဲ့ရတာပါ။ ကျွန်တော်တင်ပြ ခဲ့တဲ့အချက်အလက်များအရ အဆိုရှင် ဦးတင်ထွေးရဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပြက္ခဒိန်ရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ရန် အဓိကလိုအပ်နေသည်မှာ မူလတန်းနေအဆင့်မှ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်အဆင့်ထိ အားကစားကစားချိန်ပေးနိုင်မယ့်၊ ကစားချိန်ရမယ့် ကျူရှင်ပြက္ခဒိန်ကပင် အဓိကလိုအပ်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းက ဦးတင်ထွေး၏ မြန်မာ့အားကစားရွှေခေတ်သို့ ပြန်လည်ရောက်ရှိရေးနှင့်စပ်လျဉ်းတဲ့အဆိုကို ထောက်ခံဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဒုတိယတန်းနှင့် ပထမတန်း စတဲ့ဘောလုံးပြိုင်ပွဲတွေမှာ လူငယ်ဘဝကထဲထဲဝင်ဝင်ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဘောလုံးနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ လက်တွေ့အတွေ့အကြုံတွေကို အခြေခံပြီးတဲ့အခါကျတော့ အားကစားနည်းအလိုက် မြန်မာ့အားကစား အောင်နိုင်ရေး၊ ရွှေခေတ်သို့ပြန်လည်ရောက်ရှိရေးစီမံချက်များကို နိုင်ငံတော်မှ ရေးဆွဲ

အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် အကျိုးပြုနိုင်စေရန် အလို့ငှာ ရည်ရွယ်၍ ယခုလို တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေခေတ်အားကစားသမားအများစုကိုကြည့်ရင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးပွဲများမှ ထူးချွန်သည့်အားကစားသမားများကို ရွေးချယ်ပြီးတော့ ကျွန်တော်တို့ ယှဉ်ပြိုင်ခဲ့တဲ့ အတွက်ကြောင့် ရွှေခေတ်တစ်ခေတ်ကို လွှမ်းမိုးခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးတင်ထွေးရဲ့အဆိုမှာ မြို့နယ်ပြိုင်ပွဲတွေအပြင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ကိုပါ နှစ်စဉ်ကျင်းပပေးဖို့ဆိုသည့်အချက်ကို ဒီအဆိုမှာ ဖြည့်စွက်ပေးဖို့ ကျွန်တော် အပြုသဘောနဲ့ အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်အားကစားနည်းမဆို အားကစားသမား၊ နည်းပြ၊ အုပ်ချုပ်သူ၊ ပြည်သူလူထု၏စိတ်ရောကိုယ်ပါအားပေးထောက်ပံ့မှုဆိုတဲ့ ထောက်တိုင်ကြီးလေးတိုင် အားကောင်းနေ မှသာလျှင် ဒီအားကစားဟာ အောင်ပန်းဆင်နွှဲနိုင်မှာဖြစ်တယ်ဆိုတာကို ကျွန်တော်ဒီနေရာကနေ တင်ပြ လိုပါတယ်။ ကျွန်တော်တို့ မြန်မာ့ဘောလုံးလောကရဲ့ အုပ်ချုပ်ရေးပိုင်းဟာ သူတို့ရဲ့အားနည်းချက် တွေကို တွေ့ရှိပြီးတဲ့အခါကျတော့ MNL-Myanmar National League ကျေးစားတစ်ပိုင်း ဘောလုံး ပြိုင်ပွဲများနဲ့ ဘောလုံးအကယ်ဒမီကျောင်းများကို ဖွင့်လှစ်ပြီးတော့ ၁၀ စုနှစ်တစ်ခုကျော်ပြုပြင်ခဲ့ပေမဲ့ ဒီနေ့အထိ ရွှေခေတ်ကို ပြန်လည်မရောက်ရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ဒါတွေဟာ ဘာ့ကြောင့်ပြန်လည် မရောက်ရှိလဲဆိုတာကို ဒီနေ့အချိန်မှာ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်နေပြီလို့ ကျွန်တော့်အနေနဲ့ တင်ပြလို ပါတယ်။ အဲဒီအချက်ကတော့ ကျွန်တော် ခုနကပြောတဲ့ ထောက်တိုင်ကြီးလေးတိုင်မှာ အားကစား သမားအပိုင်းနဲ့ ပြည်သူလူထုရဲ့အားပေးထောက်ခံမှု၊ စိတ်ရောကိုယ်ပါအားပေးထောက်ခံမှု အပိုင်း နှစ်ပိုင်းမှာ အားနည်းနေတဲ့အတွက်ကြောင့် ဖြစ်တယ်ဆိုတာကို ကျွန်တော်ဝေဖန်ထောက်ပြလိုပါတယ်။

အားကစားသမားအပိုင်းမှာတော့ ကျွန်တော်တို့က နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေခေတ်ကို ရောက်ဖို့ဆိုလို့ရှိရင် သာမန်အားကစားသမားနဲ့လေ့ကျင့်လို့မရပါဘူး။ ပါရမီရှင်အားကစားသမား တွေနဲ့ ရွေးချယ်လေ့ကျင့်မှသာလျှင် နိုင်ငံတကာမှာ ကျွန်တော်တို့က အောင်ပန်းကို ဆင်မြန်းနိုင်မှာ ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်သူလူထုရဲ့ထောက်ခံမှု၊ အားပေးမှုမပါဘူးဆိုလို့ရှိရင်လည်းပဲ ဘယ်ကိစ္စ မဆို ကျွန်တော်တို့ မအောင်မြင်နိုင်ဘူးဆိုတာ ဒီနေ့ ဘောလုံးက သာဓကပြနေပါတယ်။ ဒီနေ့ Myanmar National League ဘောလုံးပွဲတွေရှိပေမဲ့ ဘောလုံးပွဲတွေကသက်သက်၊ ပြည်သူက သက်သက်၊ ကျွန်တော်တို့ TV တွေမှာ ကြည့်လိုက်လို့ရှိရင် ပရိသတ်ကမရှိသလောက်ဖြစ်နေပါတယ်။

ဒီအနေအထားတွေဟာဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ မြန်မာ့ဘောလုံးလောကကျဆင်းရခြင်းရဲ့ အကြောင်းအရင်းတစ်ခုဖြစ်ပါတယ်။ အတိတ်က မြန်မာ့ဘောလုံးလောကကို ကြည့်မယ်ဆိုလို့ရှိရင် ရွှေခေတ်မှာ မြန်မာပြည်အနှံ့အပြားမှာ ပါရမီရှင်ဘောလုံးသမားလေးတွေဟာ မြို့နယ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထိ ပြိုင်ပွဲများမှာ ခြေစွမ်းပြခွင့်ရခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ခြေစွမ်းပြခွင့်ရတဲ့အတွက်ကြောင့် ထူးချွန်တဲ့လူတွေကို ရွေးချယ်ယှဉ်ပြိုင်တဲ့အခါမှာ ၁၀ စုနှစ်တစ်ခု ကျော် ကျွန်တော်တို့က ရွှေခေတ်ကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရှိခဲ့တဲ့အတွက်ကြောင့် ကမ္ဘာ့အိုလံပစ်၊ အာရှအိုလံပစ်၊ မာဒေးကား၊ ပတ်ချုံဟီး၊ မာတာဟင်လင်စတဲ့ပြိုင်ပွဲတွေမှာ သန့်ရှင်းသောဆုနှင့်တကွ ရွှေတံဆိပ်များစွာကို ကျွန်တော်တို့ရရှိခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ဒီမှာကျွန်တော်တို့ ပြောလိုတာက ကျောင်းသားတွေ အခြေခံဥပဒေမှာ ကလေးသူငယ်တွေကို၊ မျိုးဆက်သစ်တွေကို ဘက်စုံထူးချွန်ဖို့အတွက်ကို လုပ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပေမဲ့ တကယ့် လက်တွေ့မှာ၊ ကျောင်းတွေမှာ ဒါတွေကို မဆောင်ရွက်နိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အ.မ.က အလိုက် ပြိုင်ပွဲတွေ၊ အ.လ.က အလိုက် ပြိုင်ပွဲတွေ၊ အ.ထ.က ပြိုင်ပွဲတွေ၊ ကျောင်းသား ပွဲတော်တွေ တက္ကသိုလ်အဆင့်ပြိုင်ပွဲတွေကို ဆောင်ရွက်ပေးဖို့လိုတယ်လို့ ကျွန်တော် ဒီကနေတင်ပြ လိုပါတယ်။ နောက်ပြီးတော့ အားကစားတွေကျင်းပတဲ့အခါမှာလည်း ဒီအားကစားမှူးတွေနဲ့တင် ကျွန်တော်တို့ဒီတိုင်းဆက်သွားနေလို့ မရပါဘူး။ အားကစားကော်မတီတွေကို ကျွန်တော်တို့ကျေးရွာ ကနေပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အထိ ဖွဲ့ပြီးမှဆောင်ရွက်မှသာလျှင် ဒါတွေဟာ အောင်မြင် နိုင်မယ်ဆိုတာကိုလည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အတိတ်ရွှေခေတ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံး ပြိုင်ပွဲတွေမှာ မြန်မာပြည်အနှံ့အပြားမှာ ပါရမီရှင်ဘောလုံးသမားတွေ ပါဝင်ဆင်နွှဲ ခဲ့ကြသလို မိဘပြည်သူများရဲ့ တစ်ခဲနက်ထောက်ခံအားပေးမှုတွေကလည်းပဲ ကျွန်တော်တို့ ရှိခဲ့ပါတယ်။ အုပ်စုပြိုင်ပွဲ ကနေ Final ပွဲထိဟာဆိုလို့ရှိရင် အောင်ဆန်းကွင်းဆိုလို့ရှိရင် ကျွန်တော်တို့ ကွင်းလုံးပြည့် အားပေးတာကို တွေ့ရပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ဒါတွေကလည်း မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီ Myanmar National League ပြိုင်ပွဲတွေနဲ့ အားကစားနှင့် ကာယသိပ္ပံ လောက်နဲ့တင် ပါရမီရှင်တွေကို မတွေ့ရှိနိုင်ပါဘူး။ အဲဒီတော့ မြန်မာပြည်အနှံ့အပြားမှာရှိနေတဲ့ ပါရမီရှင်ဘောလုံးသမားတွေကို ကျွန်တော်တို့ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို မွေးထုတ်နိုင်မှသာလျှင် နောက်ထပ် လမ်းကြောင်းတစ်ကြောင်း ထပ်ပြီးတော့ ဖောက်နိုင်မှသာလျှင် ကျွန်တော်တို့ မြန်မာ့ရွှေခေတ်ကို အားကစားလောကဟာ ပြန်လည်ရောက်ရှိမယ်ဆိုတာကို ကျွန်တော် ဒီနေရာကနေပြီးတော့ မီးမောင်းထိုးတင်ပြလိုပါတယ်။ နောက်တစ်ခုက ဦးတင်ထွေးရဲ့အဆိုမှာဆိုလို့

ရှိရင် မြို့နယ်အဆင့်တင်မဟုတ်ဘဲနဲ့ ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုတဲ့အဆင့်လေးကို ကျွန်တော်တို့ ကထည့်ပြီးတော့ အဓိကအရေးကြီးတဲ့အချက်အနေနဲ့ ထည့်ပေးဖို့ လိုပါတယ်။ နောက်ပြီး တော့ ကျွန်တော်တို့က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်းပဲ တိုင်းဒေသကြီးနှင့်ပြည်နယ်ပွဲ တွေဟာ ဖော်ဆောင်ရာကျနေတယ်။ အားမာန်တွေကို ကျွန်တော်တို့ စုစည်းပြီးတော့ နိုင်ငံတကာမှာ ထိုးဖောက်ဖို့ဖြစ်နေတဲ့အတွက်ကြောင့် ဒီပြိုင်ပွဲတွေကို တိုင်းဒေသကြီးနှင့်ပြည်နယ်ထိ မလွဲမသွေ အမြန်ဆုံးဆောင်ရွက်ပေးဖို့လိုပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ် ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းသွားသော မြန်မာ့အားကစားဖွံ့ဖြိုးရေးအဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်၊ မြန်မာ့အားကစားအောင်မြင်ရေးဟာ အမျိုးသားရေးကိစ္စ ဖြစ်ပါတယ်။ နိုင်ငံ့ရဲ့အခြေအနေနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးနေမှုကို ပြဆိုခြင်းဖြစ်ပါတယ်။ အဆိုရှင် ဆိုခဲ့သလိုအတိတ်က မြန်မာ့အားကစားရွှေခေတ်ရှိခဲ့ပါတယ်။ နိုင်ငံတော်ကလည်းအားပေးပြီး ပြည်သူလူထုကလည်းစိတ်ဝင်စားလို့ မြန်မာနိုင်ငံပြီဆိုတဲ့သီချင်းနဲ့အတူ အောင်ပွဲရအားကစားသမား များကို ကြိုဆိုခဲ့ကြတဲ့မြင်ကွင်းများကို သတိရပါတယ်။ ဒီမြင်ကွင်းတွေကို ပြန်လည်မရနိုင်တော့ ဘူးလား။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ၁၉၅၉ ခုနှစ်ကစခဲ့တဲ့ အာရှအားကစားပြိုင်ပွဲမှာ မြန်မာဟာ အဆင့်(၂)ရခဲ့ပါတယ်။ နောက် ၁၉၆၁ ခုနှစ်မှာ အဆင့်(၁) ရခဲ့ပါတယ်။ ဒီနောက်ပိုင်း ၁၉၆၅ ခုနှစ်ကစပြီးတော့ အဆင့်တဖြည်းဖြည်းကျသွားတာ ၁၉၆၉ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံမှာကျင်းပတဲ့ပွဲကလွဲလို့ ကျန်တဲ့ပွဲတွေမှာ တဖြည်းဖြည်းအဆင့်နိမ့်ကျလာတာ အခုဆိုရင် နိုင်ငံ ၁၁ နိုင်ငံပွဲမှာ အဆင့်(၇)၊ (၈) အဲဒီလောက်မှာ ရောက်နေပါတယ်။ ဒီဥစ္စာကတော့ လက်ရှိကျင့်သုံးနေတဲ့ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အားကစား Calendar ကိုပြခြင်းဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်အားကစား Calendar ဖြစ်ပါတယ်။ ဒါတွေ

ကလည်း မြို့နယ်အားကစား Calendar ပါ။ မြို့နယ် Calendar တွေဆွဲပြီးတော့ အခုကစားနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာ့အားကစားဟာနိမ့်ကျနေပါတယ်။ အရင်တုန်းက လက်သင့်ရာအားကစားသမားတွေကို အားကစားပြင်ပမှာခေါ်ပြီးယှဉ်ပြိုင်စေခဲ့လို့ ဆုရတာနည်းသွားပြီးတော့ ပြည်သူလူထုရဲ့စိတ်ဝင်စားမှုလည်း နည်းသွားပါတယ်။ လက်ရှိအနေနဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနအနေနဲ့နေပြည်တော်ရဲ့ကြီးကျယ်တဲ့ကစားကွင်းများကို ထိန်းသိမ်းပြီးတော့ ရှိနေတဲ့အားကစားသမားတွေထဲကနေပြီးတော့ ရွှေတံဆိပ်ရရှိနိုင်သူများကို အထူးလေ့ကျင့်ပေးပြီးတော့ ရွှေတံဆိပ်ဆုရဖို့မနည်းကြိုးစားနေရတယ်လို့ဆိုပါတယ်။ လက်ရှိအားကစားသမားတွေကို ခါးဆက်မယ့်မျိုးဆက်သစ်တွေလိုနေတယ်လို့ သူတို့ကဆိုပါတယ်။ ဆိုတော့ မျိုးဆက်သစ်တွေကိုဘယ်ကရမလဲ။ မျိုးဆက်သစ်တွေကို ကျောင်းတွေမှာ ရှာဖွေမွေးထုတ်ပေးရပါမယ်။ အားကစားနှင့်ပညာရေးပေါင်းစပ်ပေးဖို့လိုပါတယ်။ တတ်ကျွမ်းတဲ့အားကစားသမားများကို ခန့်ထားပေးပြီးတော့ ကျောင်းအားကစားချိန်မှာကလေးတွေကို တကယ်ကိုမသင်မနေရကစားခိုင်းပြီးတော့ စနစ်တကျလေ့ကျင့်ပေးဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထူးချွန်အားကစားသမားတစ်ယောက်ရဖို့ဟာ အသက်(၁၀)နှစ်အရွယ်ကစပြီး လေ့ကျင့်ပေးရမှာမို့လို့ဖြစ်ပါတယ်။ သို့ကြောင့်မို့လို့ ကျောင်းသားအားကစားပွဲများကို အဆင့်ဆင့်အားကစားပြက္ခဒိန်ဆွဲပြီးတော့ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကျား/မ အားကစားပွဲများကို ကျင်းပပေးဖို့ပြီးတော့ ပါရမီရှင်ရွှေပုန်းသီးလေးများကိုရှာဖွေရပါမယ်။ အဲဒါကို Talent Scouting Team ဖွဲ့ပြီးတော့ အဲ့ဒီ Talent Scouting Team ကနေပြီးတော့ ကစားပွဲတိုင်းမှာပါရမီရှိတဲ့အားကစားသမားတွေကိုရှာဖွေပြီးတော့ အဲဒီအားကစားသမားလေးများကို ပညာရေးရော၊ အားကစားပါအားကစားသိပ္ပံမှာသင်ပေးပြီးတော့ တစ်ယောက်တစ်ယောက်ချင်းစီကို အားကစားနည်းတစ်ခုခုရဲ့ထူးချွန်သူဖြစ်အောင် လုပ်ပေးသင့်ပါတယ်။ တက္ကသိုလ်နဲ့ကောလိပ်ပေါင်းစုံ အားကစားပွဲများကိုကျင်းပပြီး ထိုကဲ့သို့ပါရမီရှင်များကို ရှာဖွေရပါမယ်။

ဥက္ကဋ္ဌကြီးရှင့်။ နောက်တစ်ခုက လူငယ်နဲ့မူးယစ်ဆေးဝါးပြဿနာဖြစ်ပါတယ်။ တဖြည်းဖြည်းဆိုးဝါးကျယ်ပြန့်လာပြီးတော့ မြို့ရော၊ တောရော ကျောင်းတွင်းမှာပါ ရောက်နေပြီးတော့ယောကျ်ားလေးသာမကဘူး။ မိန်းကလေးတွေပါသုံးနေတယ်လို့သိရပါတယ်။ ရင်လေးစရာကောင်းပါတယ်။ လက်ရှိပညာရေးစနစ်ကလည်း အမှတ်များများရဖို့ဖြစ်နေတော့ မိဘရော၊ ဆရာဆရာမတွေကကလေးတွေကိုစာနဲ့ဖိနေကြပါတယ်။ ကစားဖို့အချိန်မရှိဘူး။ ကျောင်း၊ ကျူရှင်၊ ဂိုက်နဲ့အချိန်ပြည့်

မအားဖြစ်နေကြပါတယ်။ ကလေးတိုင်းက စာကိုစိတ်မဝင်စားပါဘူး။ ကျူရှင်ထားပေမဲ့လည်း ကလေးကစိတ်မဝင်စားဘဲနဲ့ ဖုန်းနဲ့ဂိမ်းကစားတယ်။ မူးယစ်ဆေးဝါးသုံးတယ်။ ထွက်ပေါက်ရှာနေကြပါတယ်။ (၁၀)တန်းအောင်ချက်ကိုကြည့်နိုင်ပါတယ်။ (၁၀)တန်းအောင်ချက်က ၃၀ ရာခိုင်နှုန်းဝန်းကျင်ပဲရှိပါတယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းဝန်းကျင်က ဟိုရောက်ဒီရောက်ဖြစ်ကုန်ပါတယ်။ အဲဒီ ၇၀ ရာခိုင်နှုန်းထဲမှာ အားကစားထူးချွန်တဲ့ကလေးတွေ ပါနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းနေအရွယ် မူလတန်းကစပြီးတော့ ကစားစေသင့်ပါတယ်။ ထိုကလေး ဝါသနာပါရာ၊ ထူးချွန်ရာအားကစားတစ်ခုခုကို စိုက်လို့မတ်မတ်သင်ပေးမယ်ဆိုရင်၊ အတန်းတိုင်းသင်ပေးမယ်ဆိုလို့ရှိရင် ထူးချွန်အားကစားသမားများ ထွက်လာနိုင်ပါတယ်။ အဲဒီ အားကစားသမားလေးတွေကို ပညာရေးမှာပေ့ါနော်။ အားကစားစကော်လားရှစ် ထူးချွန်တယ်ဆိုရင်ပေးသင့်/မပေးသင့်စဉ်းစားသင့်ပါတယ်။ နောက်တစ်ခုကလည်းပဲ အားကစားလိုက်စားခြင်းအားဖြင့် ကိုယ်ရောစိတ်ပါကျန်းမာရေးကောင်းမွန်ပြီးတော့ ဆေးကုသစရိတ်များလည်းလျော့ကျသွားနိုင်တယ်။ စာရိတ္တလည်းကောင်းမွန်ပြီးတော့ ဗလငါးတန်နဲ့ပြည့်စုံသောကလေးများရရှိနိုင်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကို အားကစားနဲ့တိုက်ဖျက်သင့်ပါတယ်။ ဒါမိဘများ စဉ်းစားကြစေချင်ပါတယ်။ ယခုက နိုင်ငံတော်ကနေပြီးတော့ အားကစားရုံ၊ အားကစားကွင်းများဆောက်လုပ်ပေးနေပါတယ်။ လိုအပ်ချက်ရှိနေသေးပါတယ်။ အားကစားရုံတည်တဲ့နေရာဟာလည်း လူတွေအလွယ်တကူသွားလာနိုင်ပြီးတော့ Easily Accessible Area ရှိသင့်ပါတယ်။ နိုင်ငံတော်ကအကုန်အကျခံ တည်ဆောက်ပေးထားတဲ့ အားကစားရုံ၊ အားကစားကွင်းတွေကို ပြည်သူကအသုံးချမှ နိုင်ငံတော်ကကုန်ကျတာတန်မှာပါ။ အားကစားမှူး၊ အားကစားစနစ်များကို ခန့်ထားပြီး၊ ခန့်ထားဆဲဖြစ်ပါတယ်။ မြို့နယ်အတွက် ခုနက ဦးစိန်မြအေး ပြောသလို ဘတ်ဂျက်ချတာနည်းပါတယ်။ သုံးသိန်းလောက်ပဲရပါတယ်။ မြို့နယ်အားကစားမှူးက ဆွဲထားသော အားကစားပြက္ခဒိန်အတိုင်း ဆောင်ရွက်တဲ့နေရာမှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနဲ့ ပြည်သူများက ပါဝင်ပူးပေါင်းပြီးတော့ Active Mass Sport လူထုအားကစားပွဲများဖြစ်အောင်ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် နေ့ကြီး၊ ရက်ကြီးများမှာကျင်းပရင် ပိုပြီးကောင်းပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များရဲ့ ဆောင်ရွက်ချက်ကလည်း အရေးကြီးပါတယ်။ Sport Master Plans များဆွဲပြီးတော့ နိုင်ငံတကာမှဆန်းသစ်သော အားကစားနည်းများ၊ ပြောင်းလဲလာသောနည်းစနစ်များကို လက်လှမ်းမီအောင် အားကစားသမားများကို လေ့ကျင့်ပေးခြင်း၊ ငွေရှာရမ်းအသုံးပြုခြင်းလုပ်သင့်ပါတယ်။ နောက်တစ်ချက်က အားကစားသမားတွေဘဝ အာမခံချက်ရှိဖို့

လိုပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကို ထိုက်သင့်တဲ့ဂုဏ်ပြုဆုပေးပြီးအားဖြင့် မိဘများရဲ့ ပါဝင်မှုကိုပြန်လည်ရရှိနိုင်ပါတယ်။ ထို့ကြောင့်မို့လို့ အားကစားသမား မြန်မာ့အားကစားဖွံ့ဖြိုးရန် အတွက် နိုင်ငံတော်က လမ်းညွှန်မှုနဲ့အတူ အားလုံးပါဝင်ဆောင်ရွက်ကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံပြီ သီချင်းကို ပြန်ကြားရလိမ့်မယ်လို့ထင်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁း၀၀ နာရီမှာအစည်းအဝေးပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဒီနေ့ ဧည့်တွေ့ (Call) ရှိတယ်။ ဒါကြောင့်မို့လို့ အချိန်အခက်အခဲ ကြောင့် ဒီဟာ ဆွေးနွေးမယ့်ကိုယ်စားလှယ်သုံးဦးအား မေတ္တာရပ်ခံခဲ့ရာ လက်ခံခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ဦးတင်သွင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။ အားကစားဆိုတာ အားမှကစားရတယ်ဆိုတဲ့ အယူအဆ အင်မတန်မှ သိမ်ဖျင်းပါတယ်။ မြန်မာ့အားကစားကို အဆင့်မြင့်တင်ပေးဖို့အတွက် ခေတ်အဆက်ဆက်က ကောင်းနိုးရာရာနည်းလမ်း တွေနဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမဲ့ သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ ကျင်းပခဲ့တဲ့ ၂၀၁၃ ခုနှစ်၊

SEA Game မှာ မြန်မာနိုင်ငံက နိုင်ငံအလိုက် ဒုတိယရတာကလွဲလို့ရှိရင်တော့ နှစ် ၃၀၊ ၄၀ လောက် အောက်ကျနောက်ကျဖြစ်ခဲ့ရပါတယ်။ ဒါဟာလည်း Host Country Advantage ကို လိမ္မာပါးနပ်စွာ ရယူဆောင်ရွက်နိုင်ခဲ့လို့၊ အားကစားသမားတွေကလည်း ကြိုးစားလို့၊ ပြည်သူတွေကလည်း အားပေး ခဲ့ကြလို့ပါ။ ဒီနေရာမှာအဆိုရှင်ရဲ့အဆိုကို အလိုလိုဖြည့်ပြီးသားဖြစ်သွားပါပြီ။ အဲဒါကတော့ အားကစား အောင်မြင်အောင် ပြည်သူတွေက (၁) ပူးပေါင်းပါဝင်ရမယ်။ အားပေးရမယ်။ (၂) ရွေးချယ်ခံရတဲ့ အားကစားသမားတွေကလည်း ကျားကုတ်ကျားခဲကြိုးစားရမယ်။ (၃) ဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်နည်းပြ တွေက စနစ်တကျလေ့ကျင့်ပေးပြီးတော့မှ လိမ္မာပါးနပ်စွာကိုင်တွယ်တတ်ဖို့ လိုအပ်ပါတယ်။ (၁)အချက်ကို အကျယ်ချဲ့ပြောရလို့ရှိရင်တော့ လက်ရှိလက်ရွေးစင်အများစုဟာ အားကစားနှင့် ကာယပညာကျောင်းတွေက မွေးထုတ်ပေးတာများတယ်လို့ သိရပါတယ်။ လက်ရှိကတော့ ကျောင်းလေးကျောင်းပဲရှိပါတယ်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မှာ ဖြစ်ပါတယ်။ မုံရွာ နှင့်လွိုင်ကော်ကို တိုးချဲ့မယ်လို့လည်း သိရပါတယ်။ အဲဒီအားကစားနှင့် ကာယပညာကျောင်းတွေက သာမကဘဲနဲ့ နိုင်ငံအနှံ့မှာရှိတဲ့ စာသင်ကျောင်းတွေ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းတွေက အားကစား ကိုစိတ်ဝင်တစား မွေးထုတ်ပေးလိုက်မယ်ဆိုရင်တော့ သေချာပါတယ်။ နောက်ထပ် ငါးနှစ်၊ ၁၀ နှစ် အတွင်းမှာ မြန်မာ့အားကစားဟာ အာဆီယံမှာ Top ပြန်ဖြစ်လာမှာ ဖြစ်ပါတယ်။

လက်ရှိကျောင်းသူကျောင်းသားတွေဟာ ကျောင်းစာတွေ ပိနေကြပါတယ်။ အားကစားက သူတို့ နဲ့မဆိုင်သလို ဖြစ်နေပါတယ်။ ဒီကြားထဲမှာ လက်ကိုင်ဖုန်းနဲ့ ကွန်ပျူတာ Game တွေ ပေါ်လာတဲ့ အတွက် ကလေးတွေဟာ စာတော်ချင်တော်ပါလိမ့်မယ်။ ဒါပေမဲ့ ရှုနာရှိုက်ကုန်းနဲ့ မျက်မှန်အထူကြီးတွေ နဲ့ဖြစ်ကုန်ပါတယ်။ State Building လုပ်တဲ့အခါမှာ Intellect တွေလိုပါတယ်။ တစ်ချိန်တည်းမှာ ကျန်းမာကြံ့ခိုင်တဲ့လူသားအရင်းအမြစ်လည်း လိုပါတယ်။ ဒါကြောင့် ကျောင်းတွေမှာ ပညာတတ်ရုံ သာမကဘဲနဲ့ အားကစားကိုလည်း အားပေးဖို့အတွက် တင်ပြချင်ပါတယ်။ အဲဒီအတွက် အားကစား ကွင်းတွေ လိုပါတယ်။ အားကစားပစ္စည်းတွေ လိုပါတယ်။ ကာယဆရာတွေ လိုပါတယ်။ သင်ရိုးညွှန်းတမ်းမှာ အားကစားကို အချိန်တစ်ခုယူပြီးထည့်ဖို့ လိုပါတယ်။ ကျောင်းတွင်းအားကစားကို မြေတောင်မြှောက်ပေးရမှာဖြစ်ပါတယ်။ အားကစားကို ကျောင်းတွေမှာ Calendar ရေးဆွဲဆောင်ရွက် တယ်ဆိုတာ မည်ကာမတ္တမဟုတ်ဘဲ နေ့စဉ်၊ အပတ်စဉ် အားကစားဆောင်ရွက်မှုတွေ၊ ကျောင်းသား ထုအတွင်းမှာ ယှဉ်သန်ကြီးထွားနေဖို့လိုကြောင်း တင်ပြလိုပါတယ်။ Calendar တော့ ရေးဆွဲပါရဲ့ For Show ပဲ လုပ်နေဦးမယ်ဆိုရင်တော့ ဘယ်ကျောင်းကမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို

မွေးထုတ်ပေးနိုင်မှာမဟုတ်ပါဘူး။ ပြည်သူတွေပါဝင်လာအောင် မြို့နယ်အဆင့်တွေမှာ အားကစားကွင်း၊ အားကစားရုံမရှိမဖြစ် တည်ဆောက်ပေးဖို့ လိုပါတယ်။ အရည်အချင်းရှိတဲ့ အားကစားမှူးတွေကို ခန့်ထားပေးဖို့ လိုပါတယ်။

မြို့နယ်တွင်းအားကစားပြိုင်ပွဲ၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွေ ပြန်လည်ရှင်သန်လာအောင် ဖော်ဆောင်ပေးဖို့ လိုပါတယ်။ ပြိုင်ပွဲမရှိဘဲနဲ့ အားကစားသမားကောင်းတွေ ပေါ်ပေါက်လာဖို့မလွယ်ပါဘူး။ စံချိန်လည်းမကောင်းနိုင်ပါဘူး။ တပ်မတော်ဟာလည်း အားကစားမှာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါကိုတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးမယ်လို့ ယူဆပါတယ်။ ရွေးချယ်ခံရတဲ့ အားကစားသမားတွေကလည်း ကျားကုတ်ကျားခဲကြိုးစားဖို့ လိုပါတယ်။ နည်းနည်းအောင်မြင်လာတာနဲ့ အသောက်အစား၊ လောင်းကစား၊ အမျိုးသမီးကိစ္စတွေ ပါဝင်လာမယ်ဆိုရင်တော့ဖြင့် ကျဆုံးမှုက မဝေးတော့ဘူးဆိုတာ သိဖို့လိုပါတယ်။ ဒီနေရာမှာ အားကစားသမားတစ်ဦးချင်းရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ IQ က အရေးကြီးပါတယ်။ ကျောင်းတွေက မွေးထုတ်ပေးမှ IQ မြင့်တဲ့ အားကစားသမားကို ရရှိနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော် Mind Sport တွေဖြစ်တဲ့ မြားပစ်၊ သေနတ်ပစ်၊ ဘိလိယက်နှင့် စနူကာ စတဲ့ အားကစားသမားတွေဟာ IQ မြင့်ဖို့ သိပ်လိုပါတယ်။

နံပါတ်(၃)ချက်ဖြစ်တဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့ချုပ်တွေနဲ့ နည်းပြတွေအပိုင်းပါ။ ဝန်ကြီးဌာနတွေမှာ အားကစားအတွက် ဘတ်ဂျက်ချထားမှုရှိဖို့ လိုပါတယ်။ အထူးသဖြင့်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပါ။ ဘတ်ဂျက်မရှိရင် လေ့ကျင့်ရေးမလုပ်နိုင်ပါဘူး။ လေ့ကျင့်ရေးမလုပ်ရင် ပြိုင်ပွဲလုပ်တာက အဓိပ္ပာယ်နည်းပါတယ်။ အဖွဲ့ချုပ်တွေနဲ့ နည်းပြတွေအပိုင်းကလည်း လက်ရှိထားရှိတဲ့စေတနာနဲ့ ဒီ Sponsorship ကို ထက်သန်မှုနဲ့ တိကျတဲ့လေ့ကျင့်ရေးဇယားတွေနဲ့ ဖြည့်စွက်လိုက်မယ်ဆိုရင်တော့ဖြင့် ရွှေခေတ်ကိုချက်ချင်းမရောက်လျှင်တောင်မှ ထိုက်သင့်တဲ့နေရာတစ်ခုကို အမြန်ဆုံးရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမယ်တို့၊ နှစ် ၂၀ အတွင်းမှာ စင်ကာပူကိုကျော်ရမယ်လို့ စတဲ့ စိတ်ကူးယဉ် Motivation တွေကို ခဝါချလိုက်ပါ။ ဖြစ်နိုင်တာကိုပဲ စလုပ်ရမှာဖြစ်ပါတယ်။ အမျိုးသားလက်ရွေးစင်အဆင့် အားကစားသမားတွေရဲ့ဘဝရှေ့ရေးအာမခံချက်ရှိအောင်လည်း အလုပ်အကိုင်ဖန်တီးချိးမြှောက်ဖို့ကိစ္စလည်း မရှိမဖြစ်လိုအပ်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့် အားကစားလက်ရွေးစင်တွေကို လူနည်းစုတွေထဲက ရွေးချယ်တဲ့စနစ်ကနေ လူသန်း ၅၀ ထဲကနေပြီးတော့မှ ခေါင်းခေါက်ရွေးချယ်နိုင်အောင် တစ်နည်းအားဖြင့်

လူထုပါဝင်တဲ့အားကစားဖြစ်လာအောင် ဆောင်ရွက်ကြဖို့လိုအပ်ကြောင်း တင်ပြရင်းနဲ့ ဦးတင်ထွေးရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အဆိုအား အကြံပြုဆွေးနွေးသွားပါမယ်။ Power Point သုံးစွဲခွင့်ပြုပါရန်တင်ပြအပ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အာရောဂျံပရမံလာဘာ ကျန်းမာခြင်းသည်လာဘ်တစ်ပါးဆိုတဲ့စကားနှင့်အညီ ကျန်းမာကြံ့ခိုင်မှုအတွက် အားကစားကဏ္ဍဟာအရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာနယ်ပယ်တွင်လည်း နိုင်ငံအသီးသီးဟာ အားကစားပြိုင်ပွဲများမှာ အနိုင်ရရှိအောင် ကြိုးစား လေ့ကျင့်ယှဉ်ပြိုင်ကြခြင်းဖြင့် မိမိတို့နိုင်ငံရဲ့ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြ ပါတယ်။ မြန်မာနိုင်ငံရဲ့အားကစားအဆင့်အတန်းဟာ ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ရွှေရောင်လွှမ်း တဲ့ကာလများဖြစ်ခဲ့ပြီး ထိုကာလမှာ အာရှမှာ အဆင့်ခုနစ်၊ အာဆီယံမှာ အဆင့်တစ်ကနေလေးအတွင်း မှာရှိခဲ့ပါတယ်။ ယခုအခါမှာ အာရှမှာ အဆင့် ၂၁၊ အာဆီယံမှာ ခုနစ်အထိ ကျဆင်းလာနေပါတယ်။ အားကစားအောင်မြင်ရန် လိုအပ်ချက်များကိုတော့ Power Point ဖြင့်တင်ပြထားပါတယ်။ ယနေ့ ကျောင်းသားလူငယ်တွေဟာ ကျောင်းပြီးကျူရှင်၊ ကျူရှင်ပြီးကျောင်းနဲ့ အားလပ်တဲ့အချိန်တွေမှာလည်း တီဗွီဂိမ်းအစရှိတဲ့ ဖျော်ဖြေမှုမျိုးစုံနဲ့ပဲအချိန်ကုန်ပြီး လှုပ်ရှားမှုအားနည်းတဲ့အတွက် ကိုယ်ကာယပိုင်း ကြီးထွားမှုများလည်းနှေးကွေးနေတာကို တွေ့ရပါတယ်။ အဲဒီအကျိုးဆက်ကြောင့် နိုင်ငံတကာက အားကစားသမားတွေနဲ့ယှဉ်လိုက်ရင် မြန်မာ့အားကစားသမားတွေဟာ ကိုယ်ကာယနှင့် ခွန်အားပိုင်း ဆိုင်ရာမှာ အားနည်းနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါဟာ တစ်ဦးချင်းအရေး၊ မိသားစုအရေး သာမက တိုင်းပြည်နှင့်သက်ဆိုင်တဲ့ဆိုးကျိုးဘက်ကို ရှေးရှုလာနေတဲ့ အရေးတစ်ခုအဖြစ် မှတ်ယူရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့လည်း မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနဲ့ အားကစားပြက္ခဒိန်ကို ရေးဆွဲဆောင်ရွက် လျက်ရှိတဲ့အပြင် အားကစားဥပဒေကိုလည်း ရေးဆွဲနေကြောင်းသိရပါတယ်။ မျိုးဆက်သစ်အားကစား သမားများရရှိနိုင်တဲ့ အရင်းအမြစ်နေရာများကတော့ Power Point ဖြင့်တင်ပြထားပါတယ်။ ကျွန်တော်တို့တပ်မတော်အနေနဲ့လည်း နှစ်စဉ်အားကစားပြက္ခဒိန်များရေးဆွဲပြီး တပ်နယ်အဆင့်

အားကစားပြိုင်ပွဲများ၊ တိုင်းတပ်မအဆင့်အားကစားပြိုင်ပွဲများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အဆင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေဖြင့် အားကစား နည်း ၂၇ မျိုးကို ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ၂၁ မျိုးကျင်းပကာ ၁၀ မျိုးကို မဖြစ်မနေဆောင်ရွက်ရန် မူဝါဒချမှတ်အကောင် အထည်ဖော်လျက်ရှိပါတယ်။

ဒါ့အပြင် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကိုလည်း ဖွင့်လှစ်ပြီး နိုင်ငံ ဂုဏ်ဆောင်မယ့် တပ်မတော်ထူးချွန်အားကစားသမားများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်လျက် ရှိရာ ဖွင့်လှစ်ချိန်မှ ယခုအထိ ၁၂၈၀၃ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် မြန်မာ့ဘောလုံး လောကတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲများသာမက မြဝတီဘောလုံးကလပ်အသင်းကိုလည်းဖွဲ့စည်းကာ ပထမတန်းကလပ် ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်လျက်ရှိပါတယ်။ ဘောလုံးအကယ်ဒမီတစ်ခုကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်မှမွေးထုတ်ပေးလိုက်တဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကတော့ Power Point ဖြင့်တင်ပြထားပါတယ်။ ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုဘောလုံးအသင်းတွေ၊ ကလပ် အသင်းတွေပေါ်ထွက်လာခဲ့တာ ခြောက်နှစ်ရှိပါပြီ။ ကလပ်အဆင့်ပြိုင်ပွဲတွေကို ကွင်းထဲမှာကြည့်ရှု အားပေးသူတွေဘယ်လောက်ရှိပါသလဲ။ Live Show TV ကြည့်သူတွေရော ဘယ်လောက်ရှိပါသလဲ။ နိုင်ငံတကာအားကစားပွဲတွေကိုတော့ လူတိုင်းနီးပါးစိတ်ဝင်စားကြတာကိုတွေ့ရပါတယ်။ အဓိက ကတော့ နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်တွေက ဘယ်လောက်ပဲပံ့ပိုးပါစေ။ နည်းပြ၊ အသင်းအုပ် ချုပ်သူနဲ့ အားကစားသမားတွေရဲ့ဆက်ဆံရေး၊ ဥပဒေကိုနားလည်ပြီး စည်းကမ်းလိုက်နာမှု၊ အားကစား အပေါ်မှာ တန်ဖိုးထားမှု၊ ပြည်သူလူထုရဲ့အမြင်သဘောထားစတာတွေ မပြောင်းသရွေ့ကတော့ မြန်မာ့ အားကစားဟာပိုးသာကုန်မောင်ပိုစောင်းမတတ်ဖြစ်နေအုံးမှာပါ။ နိုင်ငံတိုင်းဟာ မိမိနိုင်ငံမှာရှိတဲ့ လူဦးရေသန်းပေါင်းများစွာထဲက အကောင်းဆုံးကိုစိစစ်ရွေးချယ်ပြီးမှ ယှဉ်ပြိုင်ကြခြင်းဖြစ်သလို နိုင်ငံသားအားလုံးရဲ့စိတ်ဓာတ်ခွန်အားနဲ့ ကျန်းမာကြံ့ခိုင်မှု၊ ညီညွတ်မှုတွေကို ယှဉ်ပြိုင်ကြခြင်းလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိမိတို့မှာရှိတဲ့ ဘက်ပေါင်းစုံကအားတွေကိုစုစည်းကာ ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ အမျိုးသားအားကစားပြိုင်ပွဲတွေ ကျင်းပခဲ့သလို ယခုအစိုးရ လက်ထက်မှာလည်း အားကစားပြိုင်ပွဲ တစ်နှစ်လျှင် သုံးကြိမ်ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကျင်းပတဲ့ အားကစားပြိုင်ပွဲတစ်ပွဲဆိုလျှင် ကျပ်သိန်းပေါင်း

၆၃ဝ ခန့်ကုန်ကျကြောင်း သိရှိရပါတယ်။ ဒီနေ့အားကစားလောကကိုပြန်ကြည့်ပါက ယခင်နှင့်မတူ ငွေကြေးအကုန်အကျခံကာဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ ဝန်ကြီးဌာနအတွက် ၂၃.၀၁၅ ဘီလီယံကျပ်ခွင့်ပြုခဲ့ပြီး ယခုနှစ်ဘတ်ဂျက်မှာတော့ အားကစားနှင့်ကာယပညာ ဦးစီးဌာနအတွက် ၂၁.၉၇၉ ဘီလီယံကျပ်ခွင့်ပြုခဲ့တာကို သိရှိရပါတယ်။ ယခုနှစ်လို SEA Game ရှိတဲ့နှစ်တွေမှာ ဘတ်ဂျက်ကိုပိုမိုသုံးစွဲသင့်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာပြိုင်ပွဲတွေမှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေအတွက် ဘဝအာမခံချက်မရှိဖြစ်နေပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်အနေနဲ့ ကြိုတင်မက်လုံးပေးနိုင်စွမ်းနဲ့ ထိုက်ထိုက်တန်တန်ချီးမြှင့်မှုများအားနည်းနေခြင်း ဖြစ်ပါတယ်။ အားကစားသမားများအနေနဲ့လည်း အားကစားအမျိုးအစားအလိုက် ပြောင်းလဲနေတဲ့ နည်းစနစ်တွေ၊ ဥပဒေတွေ၊ စည်းကမ်းချက်တွေကို အမြဲသိရှိလိုက်နာဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ မီဒီယာကဏ္ဍဟာလည်း အားနည်းလာတာကို တွေ့ရပါတယ်။ ဒီနေ့ အားကစားဂျာနယ်တွေကို လေ့လာကြည့်ပါက ပြည်ပက အားကစားသတင်းများသာဖုံးလွှမ်းနေတာကို တွေ့ရပါတယ်။ ပြည်သူကိုဗဟိုပြုသော၊ အားလုံးပါဝင်သောအနေအထားမျိုးဖြင့် ဆောင်ရွက်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဆိုင်ရာလုပ်ငန်းတာဝန်တွေ၊ မူဝါဒတွေ၊ ရှေ့လုပ်ငန်းစဉ်တွေဟာ ကောင်းမွန်မှန်ကန်မှုရှိသော်လည်း အောင်မြင်သင့်သလောက် မအောင်မြင်တာကို တွေ့နေရပါတယ်။ အားနည်းချက်များကို မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ကာ ပြင်သင့်တာပြောင်းသင့်တာကို ရဲဝံ့စွာ ဆောင်ရွက်ရန်လိုအပ်ပါတယ်။ သို့မှသာ ယခုနှစ် မလေးရှားမှာကျင်းပမယ့် (၂၉)ကြိမ်မြောက် SEA Game မှာ အားကစားနည်း ၃၀ မျိုးဝင်ရောက်ယှဉ်ပြိုင်ရာမှာ အောင်မြင်မှုများ ရရှိမှာဖြစ်ပါတယ်။ အားကစားနှင့်ပတ်သက်ပြီး ယခင်က ဝန်ကြီးဌာနတစ်ခုအဖြစ် သီးသန့်ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်သင့်သော်လည်း အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့တဲ့အခြေအနေများရှိခဲ့ပါတယ်။ ယခုလို ဦးစီးဌာနအဆင့်အနေဖြင့်ဆောင်ရွက်မှုကြောင့် နိုင်ငံတော်ရဲ့အားကစားအဆင့်အတန်းဟာ လက်ရှိအနေအထားထက် ကျဆင်းသွားမှာကို စိုးရိမ်မိပါတယ်။ အကြံပြုချက်များအနေနဲ့ ရပ်ကွက်ကျေးရွာအဆင့်အားကစားပြိုင်ပွဲများမှသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်အထိ အခြေခံပညာကျောင်းများမှသည် တက္ကသိုလ်အဆင့်အထိ ကျောင်းသားအားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ပေးသင့်ပါတယ်။ အားကစားကဏ္ဍအတွက် ဘဏ္ဍာငွေကိုလည်း တိုးမြှင့်လျာထားပေးသင့်ပါတယ်။ မြန်မာ့အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်သက်ဆိုင်တဲ့ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်များရဲ့ ဝိုင်းဝန်းကူညီပံ့ပိုးမှုရရှိ

စေရန်အတွက် လိုအပ်သောဥပဒေကိုလည်း ပြဋ္ဌာန်းပေးသင့်ပါတယ်။ ပြောင်းလဲတိုးတက်နေတဲ့ အားကစားနည်းစနစ်များ၊ ဥပဒေများနှင့်အညီ အားကစားသမားတိုင်း စနစ်တကျလိုက်နာတတ်မြောက်စေရန်အတွက်လည်း ဆောင်ရွက်သင့်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်တိုင်းရင်းသားအားကစားလူငယ်များ ပေါ်ထွက်လာရေးအတွက်လည်း ဆောင်ရွက်သင့်ပါတယ်။ အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက် ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် ၁၀ ရပ်နှင့်အညီ စနစ်တကျဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ဆွေးနွေးဖို့ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အားကစားနဲ့ပတ်သက်တဲ့အဆိုများကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အားကစားကို အဘိဓာန်တွင် ကာယအင်အားနှင့်ဉာဏ်ရည်ကို အသုံးချလှုပ်ရှားရသည့် ကစားနည်း သို့မဟုတ် ယှဉ်ပြိုင်နည်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရပါတယ်။ အားကစားနည်းသည် ကမ္ဘာ့ပေါ်ရှိလူသားများအတွင်း လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ အသားအရောင်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့ မည်မျှပင်ကွဲပြားစေကာမူ ချစ်ခင်ရင်းနှီးစွာဖြင့် အတူယှဉ်တွဲပြိုင်ဆိုင်နိုင်သည့် ကြားခံပစ္စည်းတစ်ခုဖြစ်ပြီး ဒီအချက်ကို ယနေ့နိုင်ငံတိုင်းလိုလို အားကစားပြိုင်ပွဲများ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခြင်းဖြင့် သက်သေပြလျက်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံသားတိုင်း၏ ကျန်းမာကြံ့ခိုင်မှု၊ စိတ်နေစိတ်ထားတို့နှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါတယ်။ လွတ်လပ်မှုနှင့် လူမျိုးပြုန်းတီးမှုမှကာကွယ်ရန် စိတ်ရောကိုယ်ပါကျန်းမာကြံ့ခိုင်မှုဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်ရမည်ဟု ဗြိတိသျှကာယဗလရှေ့ဆောင် မက်ဖက်ဒင် ဆိုသူက လှုံ့ဆော်ရေးသားခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ နှစ်စဉ်အစီရင်ခံစာတွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် လေဖြတ်ခြင်းအပါအဝင် ရောဂါအမျိုးမျိုးဖြင့် နှစ်စဉ်လူဦးရေ ၆.၅ သန်း သေဆုံးနေရသည်ဟု ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် Global ဂျာနယ်စာမျက်နှာ ၃ တွင် ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ဆောင်ပုဒ်ဖြစ်သည့်

Move for All လူတိုင်းလှုပ်ရှားအားကစားနှင့် Move for Health လူတိုင်းကျန်းမာဖို့အားကစား လှုပ်ရှားစို့ဆိုသည့်အတိုင်း လူကြီး၊ လူငယ်၊ ကျား၊ မ၊ အသက်အရွယ်မရွေး မိမိနှင့်သင့်တော်သည့် အားကစားလှုပ်ရှားမှုများကို ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အစိုးရအနေဖြင့်လည်း ပြည်သူတစ်ရပ်လုံး လွတ်လပ်စွာအားကစားပြုလုပ်နိုင်ရန်အတွက် ရှိပြီးသားအားကစားကွင်းများ၊ အားကစားရုံများကို ပြုပြင်ထိန်းသိမ်းကာ ကွယ်ပေးရမည်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် အစဉ်အလာ ပြိုင်ဘက် အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဘန်ကောက်မြို့ပေါ်တစ်ခုတည်းတွင် ဘောလုံးကွင်းပေါင်း ၈၀ ကျော်ရှိပြီး ၎င်းထဲတွင် တစ်ဝက်ကျော်လောက်က နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပလို့ရတဲ့ အဆင့်မီထိုင်ခုံတပ်ဆင်ထားပြီး လုံခြုံရေးအရအာမခံချက်ပေးနိုင်တဲ့ ကွင်းအမျိုးအစားဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်က မြန်မာ့အားကစားအဖွဲ့အနေဖြင့် ၁၉၆၆၊ ၁၉၇၀ ခုနှစ်တွင် အာရှချန်ပီယံ နှစ်ကြိမ်ဆက်တိုက်၊ ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်တွင် ငါးကြိမ်ဆက်တိုက် အရှေ့တောင် အာရှချန်ပီယံဖြစ်ပြီး မာဒေးကားချန်ပီယံလေးကြိမ်ဆက်၊ ပတ်ချုဟီးဖလားချန်ပီယံသုံးကြိမ်၊ အာရှ လူငယ်ချန်ပီယံ ရှစ်ကြိမ်နှင့် ၁၉၇၂ ခုနှစ်တွင် အာရှဇုန်နှင့် အိုလံပစ်ခြေစစ်ပွဲအောင်မြင်ပြီး မြူးနစ်ကမ္ဘာ့အိုလံပစ်အသန့်ရှင်းဆုံးဆုရရှိခဲ့သည့်အထိ အောင်မြင်မှုရရှိခဲ့ပြီး၊ SEA Game ပြိုင်ပွဲ ၁၉၆၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၂၈)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲအရပ်ရပ် ဆုရရှိမှု အခြေအနေဖြင့် ရွှေတံဆိပ်စုစုပေါင်း ၄၃၇ ခုရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

သို့သော်ယခုအခါ မြန်မာ့အားကစားအောင်မြင်မှုကို ကြည့်ပါက ယခင်အောင်မြင်မှုနှင့် များစွာ ကွာခြားလာသည်ကို တွေ့ရှိနေရပါသည်။ ၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မကြာခင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၃၈ မျိုး ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းပေါင်း ၃၀ တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် နည်းပြ၊ အုပ်ချုပ်သူ၊ ကစားသမားတိုင်းတွင် တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်အဝဖြင့် ယှဉ်ပြိုင်ကြရန် အလွန်အရေးကြီးကြောင်း အကြံပြုလိုပါတယ်။ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားကစားသမားရွေးချယ်ရာတွင်လည်း အားကစားနည်းအလိုက် ရေရှည် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အဆင့်ဆင့်၊ အဆင့်အလိုက်၊ ကျောင်းအလိုက်၊ လူမျိုး၊ နေရာဒေသမကွဲခြားဘဲ ထူးချွန်နှင့်အားကစား သမားများကို ကွင်းဆင်းရွေးချယ်ပေးရန် အကြံပြုလိုပါတယ်။ ယှဉ်ပြိုင်စေတဲ့အခါတွင်လည်း

အားကစားနည်းအလိုက် အသက်အပိုင်းအခြားကို မှန်မှန်ကန်ကန်ယှဉ်ပြိုင်စေသင့်ကြောင်း အသက်အပိုင်းအခြားကိုလျှော့၍ ယှဉ်ပြိုင်စေခြင်း၊ တိုး၍ယှဉ်ပြိုင်စေခြင်းစသည့် မမှန်မကန် လုပ်ဆောင်နေပါကလည်း မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဟန့်အတားတစ်ခု ဖြစ်ကြောင်း အကြံပြုလိုပါတယ်။ အားကစားသမားများအနေဖြင့် အားကစားလေ့ကျင့်ရာတွင် လည်းကောင်း၊ ယှဉ်ပြိုင်ရာတွင်လည်းကောင်း၊ ပွင့်လင်းမှု၊ ရိုးသားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှုစသည်တို့အမြဲထားရှိရမည်ဖြစ်ပြီး ပြည်တွင်းပြည်ပပြိုင်ပွဲ များ၊ ကစားရာတွင် မလိုလားအပ်သည့်အပြုအမူများ၊ တုံ့ပြန်မှုများကို ရှောင်ရှားကြရန် အလွန်အရေးကြီးကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ သို့ဖြစ်ပါ၍ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းသည့်အဆိုကို အကြံပြုဆွေးနွေးလိုက်ရတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အပိုင်းအလိုက် ဆွေးနွေးသုံးသပ်အကြံပြု သွားမှာဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ဖို့ကို ဦးစွာဆွေးနွေးလိုပါ တယ်။ မြန်မာနိုင်ငံဟာ တစ်ချိန်က အားကစားလောကမှာ လျှမ်းလျှမ်းတောက် အမည်ရခဲ့ပါတယ်။ ဘောလုံးလောကမှာ မာဒေးကားဖလားတို့၊ ပတ်ချုံဟီးဖလားတို့ကို ရယူနိုင်တဲ့အထိ နာမည်ကြီးခဲ့သလို ပြေးခုန်ပစ်လောကမှာဆိုလည်း အရှေ့တောင်အာရှကျွန်းဆွယ်ပွဲ SEA Game ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ရန်ကုန် အောင်ဆန်းကွင်းမှာ ကျင်းပလက်ခံပြီးတော့ ရွှေခုနစ်ခု၊ ငွေ ၁၂ ခုနှင့် ကြေးကိုးခုတို့အထိ ရရှိခဲ့ပါတယ်။ အလားတူပဲ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် SEA Game မှာလည်း ရန်ကုန်မှာကျင်းပနိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၀၊ ငွေ ၁၃ နှင့် ကြေးကိုးခုရရှိခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်ကစပြီး ဘန်ကောက်၊ ကွာလာလန်ပူ၊ ဂျကာတာ၊ မနီလာ၊ စင်ကာပူတို့မှာလည်း ကျင်းပတဲ့ပွဲတွေမှာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ပေါင်းမြောက်မြားစွာ ရရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံအနေနဲ့ ပြေးခုန်ပစ်၊ ရေကူး၊ weigh တို့ဖြင့် မြန်မာ့အားကစားကို နာမည်ရအောင် ထိန်းထားနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ တော့ မြန်မာ့အားကစားလောကနိမ့်ကျလာတာကို တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ (၂၇)ကြိမ်မြောက် SEA Game မှာလည်း ပြေးခုန်ပစ်အမျိုးသမီးလမ်းလျှောက်နှင့် မီတာ

၅၀၀ နှစ်ဦးပဲ ရွှေတံဆိပ်ရတယ်လို့ သိရပါတယ်။ (၂၈)ကြိမ်မြောက် SEA Game မှာလည်း ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ်သုံးခုပဲရတယ်လို့သိရပါတယ်။ (၂၉)ကြိမ်မြောက်မှာတော့ ယှဉ်ပြိုင်နိုင်ဖို့အတွက် မြန်မာ့ပြေးခုန်ပစ်အဖွဲ့ဟာ တရုတ်နိုင်ငံမှာ သွားရောက်လေ့ကျင့်နေတယ်လို့ ဆိုပါတယ်။ မြန်မာ့ အားကစားလောကဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လက်ပူတိုက်လို့မရပါဘူး။ ရေရှည်စီမံကိန်းနဲ့သွားမှ အောင်မြင်မှာဖြစ်သလို ကျန်းမာကြံ့ခိုင်သန်စွမ်းတဲ့လူငယ်များရရှိအောင် မွေးမြူဖို့ အာဟာရကျွေးမွေး မှုမှအစ အလုံးစုံလိုအပ်ပါကြောင်း အကြံပြုအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ပေါက်လာဖို့ဆိုရင် အဆင့်အတန်းမီတဲ့အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းများ၊ နည်းပြကောင်း၊ လိုအပ်လျှင် ကစားနည်းအလိုက် အဆင့်အတန်းမီသောနိုင်ငံခြားနည်းပြများ၊ နည်းစနစ်များရှိဖို့လိုအပ်ပါတယ်။ နိုင်ငံတကာမှာ အမြင့်ခုန်ကို၊ နောက်ပြန်ခုန်ခြင်းကို အမြင့်ရှစ်ပေလောက် ခုန်နိုင်သော်လည်းပဲ မြန်မာမှာ အမြင့်ခြောက်ပေလောက်ကို မနည်းခုန်နေရပြီး အောက်မှာဖွဲ့အိတ်ခံပြီးတော့ လေ့ကျင့်နေလို့ မရတော့ပါဘူး။ နိုင်ငံတကာမှာ ရော်ဘာလမ်းဖြင့်ပြေးနေသော်လည်း မြန်မာမှာ မြေကြီးကွင်းဖြင့် လေ့ကျင့်၍မရတော့ပါ။ အားကစားကွင်း၊ အားကစားရုံမြှင့်တင်ဖို့လိုအပ်ကြောင်း အထူးအကြံပြု တင်ပြအပ်ပါတယ်။ တတိယဆွေးနွေးလိုတာကတော့ ကျေးလက်မှမြို့ပြအထိ အားကစား ပြက္ခဒိန်များရေးဆွဲ၍ ပြိုင်ပွဲများကျင်းပပေးရန်ဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ ကြိုဆိုပါတယ်။ အားကစား တိုးတက်မြင့်မားဖို့ဆိုရင် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးမှသာ တိုးတက်လာမှာ ဖြစ် ပါတယ်။ ကျေးလက်ဒေသများမှာ အားကစားကွင်းမရှိခြင်း၊ နွေမိုးဆောင်းစိုက်ပျိုးချိန်များကြောင့် အားလပ်မှုမရှိခြင်း၊ အဓိကပြဿနာမှာ ငွေကုန်ကြေးကျမတတ်နိုင်ခြင်းတို့ ဖြစ်ပါတယ်။ အားကစား ဘတ်ဂျက်ချထားပေးမှုအပေါ်မှာ မူတည်ပါတယ်။ မဖြစ်မနေကျင်းပရမည်ဆိုလည်း လုံလောက်တဲ့ အားကစားဘတ်ဂျက်ချပေးမှသာ အားကစားပြက္ခဒိန်အရ ပြိုင်ပွဲများ ကျင်းပသွားနိုင်မှာဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

စတုတ္ထတင်ပြလိုတဲ့အချက်ကတော့ အခြေခံကျောင်းများမှ တက္ကသိုလ်ကျောင်းများအဆင့်ထိ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်ဆိုတဲ့ တိုက်တွန်းချက်ကတော့ ပိုမိုသဘာဝကျပါတယ်။ အခြေခံ ပညာကျောင်းများမှာ အသက် (၅)နှစ်က (၁၈)နှစ်အထိ လူငယ်တွေရှိနေကြသလို တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှာလည်း ကျောင်းသားအများစုက အသက် (၂၀) မှ (၂၅)နှစ်ခန့်ရှိပြီး ကျောင်းတိုင်းမှာလည်း အားကစားဆရာဆရာမများရှိပြီး ဖြစ်ပါတယ်။ အားကစားကို တကယ်လုပ်ခွင့်

ရရင် အားကစားအဆင့်အတန်းဟာ တကယ်ကိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ယခင်တုန်းကလည်း တက္ကသိုလ်ကျောင်းတွေကတစ်ဆင့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာခဲ့ပါတယ်။ ယခုဆိုရင် ထင်တဲ့အတိုင်းဖြစ်မလာတာကို အားလုံးတွေ့မြင်နေကြမှာပါ။ ကျောင်းတိုင်းမှာ အားကစားဆရာရှိသော်လည်း အားကစားလှုပ်ရှားချိန်ကမရှိ သူငယ်တန်းကစပြီး စာနဲ့ပဲနပန်းလုံးနေကြ၊ မိဘများက ကျောင်းစာကို ထိခိုက်မှာစိုးပြီး အားကစားကိုစိတ်မဝင်စား သဘောမတူကြ၊ အားကစားကလည်း အောင်ချက်မြင့်မားရေးအတွက် ဘာမှအထောက်အကူမပြု၊ ဒီလိုနဲ့ပဲ အားကစားဆရာတွေက ဘာသာပြဆရာတွေဖြစ်၊ ဘယ်လိုမှ ကျောင်းအားကစားထိုက်သင့်သလောက် တိုးတက်မလာတာကို လက်တွေ့မြင်နေတာ တွေ့ရပါတယ်။ အမေရိကန်နိုင်ငံလို ပညာရေးမှာဆိုရင် (၉)တန်း၊ (၁၀)တန်း၊ (၁၁)တန်း၊ (၁၂)တန်းထိ အားကစားဘာသာရပ်ကို မယူမနေရဘာသာရပ်အနေနဲ့ ထည့်သွင်းပြီးတော့ သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ဒီမှာတော့ ပညာရေးမှာ အားကစားကဏ္ဍကို အဖြစ်သဘောနဲ့ပါ ဆောင်ရွက်တဲ့အနေအထားရှိပါတယ်။ မယူမနေရဘာသာရပ်တစ်ခုအဖြစ်အနေနဲ့ ဆောင်ရွက်သင့်ပါတယ်။ အလားတူတက္ကသိုလ်၊ ကောလိပ်ကျောင်းများမှာလည်း ယခင်ကကဲ့သို့ မေဂျာပွဲတွေ၊ အဆောင်လိုက်ပွဲတွေ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲတွေလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

အနှစ်ချုပ်ဆွေးနွေးတင်ပြရမယ်ဆိုရင် နိုင်ငံတော်အဆင့်အနေနဲ့ ဝန်ကြီးဌာနပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပွဲများ၊ ဌာနပေါင်းစုံပြိုင်ပွဲများ၊ တပ်မတော်ကြည်း၊ ရေ၊ လေပြိုင်ပွဲများ၊ ကျောင်းသားအားကစားပွဲတော်များ၊ အမျိုးသားအားကစားပွဲတော်များကို စနစ်တကျပြန်လည်ကျင်းပအကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါတယ်။ နံပါတ်(၂)က အားကစားကွင်းနှင့် အားကစားရုံများကို အဆင့်အတန်းမီအောင်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ရန်ကုန်မှာရှိတဲ့ အောင်ဆန်းအားကစားပြိုင်ကွင်းဟာ ယခင်က ကျွန်းဆွယ်ပွဲကျင်းပနိုင်တဲ့ကွင်းဖြစ်သလို ထူးချွန်တဲ့လက်ရွေးစင်အားကစားသမားများကိုလည်း မွေးထုတ်ပေးတဲ့ ပင်မအားကစားကွင်းကြီး ဖြစ်ပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းကကွင်းဖြစ်သလို လူအများစုကစားတဲ့ကွင်းဖြစ်တဲ့အတွက်ကြောင့် အဲဒီကွင်းအဆင့်အတန်းမြင့်မားအောင် ပွဲကြည့်စင်မှအစ ပြန်လည်မွမ်းမံပြင်ဆင်သင့်ပါတယ်။ အလားတူတိုင်းဒေသကြီး/ပြည်နယ်တိုင်းမှာလည်း ရာသီမရွေးကစားနိုင်တဲ့အားကစားကွင်း၊ အားကစားရုံများကိုဆောင်ရွက်ပေးသင့်ပါတယ်။ နံပါတ်(၃)အနေနဲ့က ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ကျောင်းနေဘာသာရပ်တွင် အားကစားဘာသာရပ်ကို စာတွေ့၊ လက်တွေ့သင်ကြားပေးစေပြီး

အတန်းတွေအတွက်သော်လည်းကောင်း၊ အလုပ်အကိုင်ရှာဖွေမှုတွင်လည်းကောင်း၊ အထောက်အကူပြုနိုင်ရေး မူတစ်ရပ်ချထားပေးသင့်ပါတယ်။ နံပါတ်(၄)တစ်ချက်ကတော့ အားကစားသိပ္ပံကျောင်းများကို အဆင့်မြှင့်တင်ဖို့ လိုအပ်ပါတယ်။ သဘာဝရပ်ပိုင်းဆိုင်ရာ၊ ဘာသာရပ်ပိုင်းဆိုင်ရာ၊ နည်းစနစ်ပိုင်းဆိုင်ရာလေ့ကျင့်မှုပိုင်းဆိုင်ရာနှင့် အာဟာရကျွေးမွေးမှုပိုင်းဆိုင်ရာတို့ကို နည်းစနစ်ကျကျဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျန်းမာကြံ့ခိုင်သန်စွမ်းတဲ့လူငယ်များဖြစ်အောင် အားကစားကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ နံပါတ်(၆)ကတော့ အားကစားကဏ္ဍတိုင်းအလိုက် မဖြစ်မနေလိုအပ်တဲ့ ဘတ်ဂျက်ငွေပမာဏကို လုံလောက် စွာခွဲဝေချထားပေးနိုင်ရေးကို အလေးထားဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးကိစ္စများဟာ အလွန်ကျယ်ပြန့်တဲ့ကိစ္စများဖြစ်သလို လူတိုင်းအတွက် မဖြစ်မနေဆောင်ရွက်ရတဲ့ကိစ္စများဖြစ်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးတစ်ဦးထဲအနေဖြင့် အလုပ်တာဝန်များပြားတဲ့အတွက် ဘူးလေးရာဖရုံဆင့်သလို ဝန်ထုပ်ဝန်ပိုးဖြစ်မှာကိုလည်း ကျွန်တော်တို့ စိုးရိမ်မိပါတယ်။ တက္ကသိုလ်၊ ကောလိပ် အခြေခံပညာကျောင်းများမှာ ကျောင်းသားလူငယ်များ တကယ်အားကစားမြင့်မားဖို့ဆိုရင်တော့ ပညာရေးနှင့်တွဲဖက်သော အားကစားကို ထည့်သွင်းစဉ်းစားဖို့လိုအပ်ကြောင်း အကြံပြုသုံးသပ်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးနေတဲ့အချိန်မှာ တချို့ကိုယ်စားလှယ်တွေ စာဖတ်စရာရှိရင် နောက်မှ စည်ပင်ဧည့်ရိပ်သာရောက်မှ ပြန်ဖတ်ပါ။ စာအုပ်ကြီးကိုင်ဖတ်နေတာ မြင်ရတာမကောင်းဘူး။ Television မှာတွေ့တော့လည်း မဲဆန္ဒရှင်တွေ အားကိုးမှုပျက်ပါတယ်။

**ဦးတင်ထွေး၊ ဝေါ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ၏အဆိုဖြစ်သော မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ရွာအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်အထိလည်းကောင်း အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းသည့်အဆိုနှင့်ပတ်သက်၍ ဖြေကြားမည်ဖြစ်ပါသည်။ အချိန်ကိုပိုပေးပါရန် မေတ္တာရပ်ခံပါတယ်။ ဤမေးခွန်းဟာ တစ်နိုင်ငံလုံးအနေနဲ့ အထူးအရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်များပြောကြားချက်ကို နားထောင်တဲ့အခါမှာ အလွန်ကောင်းမွန်တယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက် ဘာတွေလုပ်သင့်လဲဆိုတဲ့ အချက်တွေ အများကြီးပါပါတယ်။ ဤအချက်တွေထဲမှာလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနက အကုန်လုံးတော်တော်များများ လုပ်နေပါတယ်။ ပထမဦးဆုံးအချက်အနေနဲ့ ကျွန်တော်ပြောချင် တာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ၄၈ ခုရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နဲ့ပေါင်းပြီးတော့ နှစ်စဉ် ဒီဇင်ဘာလမှာ ကြိုတင်ပေါင်းစပ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် အားကစားပြက္ခဒိန်များ ရေးဆွဲပါတယ်။ ဒီနေရာမှာ ဒါလေးကိုတော့ ထုတ်ပြချင်တာက ဒါဟာ ကျွန်တော်တို့ ဆွဲထားတဲ့အားကစားပြက္ခဒိန်ပါ။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တွေကိုပြ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ Systematically လုပ်ပါတယ်ခင်ဗျား။ လုပ်ပြီးတော့ ဒီအားကစားပြက္ခဒိန်ကို နှစ်စဉ် ဇန်နဝါရီလမှာ ထုတ်ပါတယ်။ ထုတ်ပြီးတော့ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများအားလုံး၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများအားလုံး၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့များအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစား၊ ကာယပညာဦးစီးဌာနအားလုံး၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ၄၈ ခု လုံးကို အချိန်မီ ဖြန့်ဝေပေးပါတယ်။ ဖြန့်ဝေပေးပြီး ဗဟိုမှလုပ်မယ့်ကိစ္စရပ်တွေကိုလည်း အကုန်လုံး သူတို့ကိုပြောကြား ပါတယ်။ ဒါတွေ၊ ဒါတွေရှိတယ်။ အထူးသဖြင့် ကျွန်တော်တို့မှာ အများကြီးလုပ်ပါတယ်။ ဒီမှာကြည့်မယ် ဆိုလို့ရှိရင် စုစုပေါင်း ၄၁ မျိုးပါပါတယ်။ သူ့လနဲ့၊ သူ့လနဲ့ သေသေချာချာလုပ်ပါတယ်။ ၉၅ ရာခိုင်နှုန်း

က ပြောတဲ့အတိုင်းပဲ လုပ်ပါတယ်။ တချို့ ၅ ရာခိုင်နှုန်းမှာသာ အခြေအနေအကြောင်းအချက်အရ မရှိတာရှိမယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့လေ့လာချက်အရ တော်တော်နည်းပါတယ်။ အဲဒီတော့ ဒီပြက္ခဒိန်မှာ ပါတဲ့ အမျိုးအစားတွေကိုသိလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနဲ့ ခရိုင်မြို့နယ်အားကစားဦးစီးဌာနကလည်း သူကြိုတင်ဆောင်ရွက်မည့် လူရွေးပွဲတွေ၊ အားကစားပြိုင်ပွဲ တွေ၊ အားကစားပြက္ခဒိန်တွေထပ်မံရေးဆွဲပြီး ခရိုင်/မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ၊ မြို့နယ် အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုအားကစားပြိုင်ပွဲများကိုလည်း အဆင့်ဆင့်ကျင်းပဆောင်ရွက် လျက်ရှိပါတယ်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနလည်း ပေါင်းပြီးတော့ အခြေခံပညာဦးစီးဌာန အောက်ရှိ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်/ဒီဂရီ ကောလိပ်များမှာလည်း ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လှေလှော်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် စတဲ့အားကစားပြိုင်ပွဲများကို နေရာဒေသအလိုက် သင့်တော်သည့် အားကစားပြိုင်ပွဲများ၊ အခြေခံကျောင်းများ၊ တက္ကသိုလ်/ဒီဂရီကောလိပ်များ၊ ဇုန်များနှင့် ဦးစီးအဆင့် များအလိုက် ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ အားကစားလောကမှာကြည့်ရင် နောက်ဆုံးရည်မှန်းချက်ဖြစ်တဲ့ Objective က နှစ်ခုဖြစ်ပါတယ်။ တစ်ခုက အောင်နိုင်ရေး၊ နောက်တစ်ခုက ပြည်သူလူထုများအကြား အားကစားလှုပ်ရှားမှု၊ အားကစား၌စိတ်ပါဝင်စားမှု နှစ်ချက် ရှိပါတယ်။ ဒီမှာအောင်နိုင်ရေးဆိုတာကတော့ အောင်နိုင်ဖို့အတွက်က အချက်တွေအများကြီးရှိပါ တယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်း လုပ်မရပါဘူး။ ဝန်ကြီးဌာနအားလုံး ပေါင်းစုံ လုပ်ရမယ်။ ငွေအင်အားရှိဖို့လည်း လိုအပ်ပါတယ်။ သိပ္ပံနည်းကျစွာလေ့ကျင့်ဖို့လည်း လိုအပ်ပါတယ်။ ထို့အပြင် အလွန်ကောင်းသော Coach ၊ နည်းပြဆရာများလည်း လိုအပ်ပါတယ်။ Nutrition ကလည်း ရှိဖို့လိုပါတယ်။ သို့သော် ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာ အားကစားနှင့်ကာယပညာဦးစီးဌာနကို ပေးတဲ့ဘတ်ဂျက်ကတော်တော်နည်းပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တုန်းက ဘီလီယံ ၂၀ ပေးပါတယ်။ အခု ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ၂၂ ဘီလီယံပေးပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက ဘီလီယံ ၁၀၀၀ ရပါတယ်။ ဒီအချိန်မှာ သူတို့က ၂၀ ပဲရတယ်ဆိုတော့ အလွန်နည်းပါ တယ်။ သို့သော်လည်း ဒီနည်းတဲ့ပိုက်ဆံကို ဒီတိုင်းသေချာသုံးပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီနှစ်မှာ BSC (Sport) တွေစထွက်တော့မှာပါ။ လေးနှစ်မြောက်ဖြစ်ပါပြီ။ ဒီ BSC (Sport) များထွက်လာရင် အားကစားသမားများဟာ Scientifically လေ့ကျင့်လို့ရပါပြီ။ သေသေချာချာလည်းသင်ပါတယ်။

သင်ရိုးညွှန်းတမ်းလည်းကြည့်တယ်။ သင်ရိုးဆရာလည်းကြည့်မယ်။ အလွန်ကောင်းပါတယ်။ အဆင့် တော်တော်မြင့်ပါတယ်။ BSC (Sport) အခုထွက်ပါတော့မယ်။ မန္တလေးနဲ့ရန်ကုန်မှာ Training ပေးတာပါ။ ဒီမှာကြည့်မယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ အားကစားကွင်းပေါင်း ၅၁၄ ကွင်းရှိပါတယ်။ အားကစားရုံပေါင်း ၃၃၇ ရုံရှိပါတယ်။ ရေကူးကန် ၁၄ ကန်၊ အားကစား သိပ္ပံကျောင်းလေးခုရှိပါတယ်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်။ အခု ပြည်သူ့အစိုးရကနေ နောက်ထပ် နှစ်ခုဖွင့်ခွင့်ပေးလိုက်ပါပြီ။ စဖွင့်ပါပြီ။ လွိုင်ကော်နဲ့မုံရွာမှာ နှစ်ခုစဖွင့်ပါပြီခင်ဗျား။ အဲဒီတော့ ခြောက်ကျောင်းဖြစ်ပါတော့မယ်။ ဒီခြောက်ကျောင်းမှာသင်နေတဲ့ ကျောင်းသား ၁၇၃၃ ဦးရှိပါတယ်။ ဒီထဲကလည်း တော်တော်များများထူးချွန်တဲ့အားကစားသမားများ ထွက်ပေါ်လာတော့မှာ။ သို့သော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဝန်ထမ်းကိုကြည့်လိုက်တဲ့အခါမှာ၊ ခွင့်ပြုခန့် ထားကြည့်တဲ့အခါမှာ ၅၀ ရာခိုင်နှုန်းကိုပဲ ခန့်နိုင်ပါတယ်။ သို့သော်လည်း ဆက်ခန့်မယ့်ဟာကိုလည်းပဲ အစိုးရ အဖွဲ့တင်တယ်။ အစိုးရအဖွဲ့ကလည်း သဘောတူပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ကတော့ အစိုးရကထောက်ခံဖို့ကတော့ အများကြီးရပါတယ်။ သို့သော် ထောက်ခံမှုသည် ဝန်ကြီးဌာန အားလုံး စုပေါင်းထောက်ခံဖို့ လိုပါတယ်။ နောက်တစ်ခုက ဒီမြို့နယ်ပေါင်းမှာ Out Door Fitness Centre ၉၁ မြို့နယ်မှာ ၁၇၂ ခုတပ်ထားပါတယ်။ နောက်ထပ် ၂၀၀ က In Door လုပ်ပါမယ်။ ကျွန်တော့်အနေနဲ့ ဒီ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းမှာ ၁၀၀၀ လောက် ဆက်ပြီးတပ်ဖို့ရှိပါတယ်။ ၁၀၀၀ ကိုပိုက်ဆံမရှိရင်လည်း ကျန်းမာရေးဘက်နေပြီး ပိုက်ဆံကိုဘယ်လိုသုံးရမလဲဆိုတာကို ကြည့်နေပါ တယ်။ ဒီငွေကို ဘယ်လိုသုံးလို့ရမလဲဆိုတာ။ ၂၀ ဘီလီယံထဲက ကျွန်တော် ထပ်မယူချင်တော့ပါဘူး။ ကျွန်တော်တို့မှာ 1 Trillion ရှိပါတယ်။ ဒီထဲက ကျွန်တော်ကပေးမှာ။ ဘာ့ကြောင့်ပေးလဲဆိုတော့ သူတို့ကိုပေးလိုက်ခြင်းအားဖြင့် ကျန်းမာတဲ့လူတွေပေါ်လာလို့ရှိရင် ဆေးခန်း၊ ဆေးရုံလာတဲ့လူက နည်းသွားမယ်။ အားကစားလုပ်ရင်။ ကျွန်တော်က တကယ့်တကယ်ကတော့ ကိုယ့်အကျိုးကြည့်ပြီး လုပ်တာပါ။ အမှန်တိုင်းပြောရရင်။ နောက်တစ်ချက်က အားကစားအဆင့်မြင့်သင်တန်းတွေလည်း အများကြီးပေးပါတယ်။ ထို့အပြင် ကျွန်တော်တို့မှာ Township Sports Development Plan ဆိုတာရှိပါတယ်။ မြို့နယ်အလိုက်။ မြို့နယ်အားကစားမှူးက တာဝန်ယူပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ဒီလကုန်မှာ ပြန်ခေါ်ထားပါတယ်။ Township Sports Development Plan ဘယ်လောက်ထိရောက်သလဲ၊ လက်တွေ့ကျလဲ၊ ဘာတွေလုပ်နေလဲဆိုတာကို အကုန်လုံးပြန်လည် Holistic Review လုပ်ဖို့ ဒီလကုန်မှာအကုန်ကျွန်တော် ပြန်ခေါ်ထားပါတယ်။ ဒီဟာကို ခေါ်ပြီးတော့မှ လက်တွေ့ကျတာပဲ လုပ်မယ်။ မလုပ်နိုင်တာမလုပ်ပါဘူး။ ထုံးစံက အများသောအားဖြင့် Plan

လုပ်တဲ့အခါမှာ အရမ်းလောဘကြီးပြီး အရမ်းလုပ်တော့ ဘာမှဖြစ်မလာပါဘူး။ အဲဒီတော့ လက်တွေ့ကျတဲ့ Plan ကိုတော့ လုပ်ဖို့ရှိပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဖြစ်စေလိုတဲ့ အားကစားထူးချွန်သူများပေါ်ထွက်ရေးကတော့ ကျွန်တော်တို့အနေနဲ့ကတော့ အစွမ်းကုန်ပေးထားတဲ့လူအင်အား၊ ငွေအင်အား၊ ပညာအင်အား၊ ဦးနှောက်အင်အားနဲ့ အခြားပြင်ပအဖွဲ့အစည်းများနဲ့ ပေါင်းစပ်လုပ်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက အမှန်ကတော့ အရပ်စကားနဲ့ပြောရရင်တော့ အိပ်နေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ သေချာလုပ်နေပါတယ်။ ဘယ်လိုလုပ်သလဲဆိုတော့ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစပြီး အခုအချိန်အထိကို ၃၄ မြို့မှာ အကြိမ်ပေါင်း ၁၀၈ ကြိမ် လွှတ်ထားပါတယ်။ အသေးစိတ်သွားရောက်သည့်နိုင်ငံ၊ အားကစားသမားအရေအတွက်၊ ဆုရအကုန်လုံးစာရင်းလည်း အတိအကျရှိပါတယ်။ ကျွန်တော်တို့လုပ်ထားတာ တော်တော် Systematic ဖြစ်ပါတယ်။ ဒီလိုစာအုပ်နဲ့ပါ။ အကုန်လုံးအသေးစိတ်ပါပါတယ်။ ဒီစာအုပ်နဲ့ ဒီ Vynl ကိုလည်း မေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ပြီးတဲ့အခါ တစ်ခုပေးခဲ့မှာပါ။ နောက်တစ်ချက်က ပြည်ပသို့ သွားရောက်ပြီး လေ့ကျင့်ပါတယ်။ ပြည်တွင်းမှာတင် မကပါဘူး။ ပြည်ပကို သွားလေ့ကျင်တာ အားကစားနည်း ၂၅ နည်းနဲ့ ၃၂ ကြိမ် ကျွန်တော်တို့ လွှတ်ထားပါတယ်။ နောက်တစ်ချက်က ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားနည်းပေါင်း ၃၁ မျိုးနဲ့ ပြိုင်ပွဲပေါင်း ၃၄ မျိုးလုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ လုပ်လည်းလုပ်မှာပါ။ မြို့နယ်အဆင့်မှာတော့ အကြိမ်ပေါင်း ၁၈၉ ကြိမ်နဲ့ အားကစားနည်း ၁၈ နည်းလုပ်ဖို့ အကုန်လုံးအစီအမံတွေ ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း အားကစားသိပ္ပံလေးခုမှာ ပြိုင်ပွဲပေါင်း ၂၅ မျိုးကို ၂၅ ကြိမ် လုပ်ပါတယ်။ အချင်းချင်းပြိုင်တာပါ။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ တက်နေတဲ့ကျောင်းသား ၁၇၃၆ ဦးက အချင်းချင်းပြန်ပြိုင်တာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အားကစား/သိပ္ပံက ထွက်လာတဲ့ ထူးချွန်တဲ့အားကစားသမားတော်တော်များပါတယ်။ အခုကျွန်းဆွယ်မှာသွားပြိုင်မယ်ဆိုရင် ဒီထဲကလူတွေ တော်တော်များပါတယ်။ ထို့အပြင် ကျွန်တော်တို့က Coach များကိုလည်း ကျွန်တော်ငှားပါတယ်။ ငှားတဲ့အခါမှာ အားကစားအဖွဲ့ချုပ်တွေက ပိုက်ဆံတစ်ဝက်စိုက်ပါတယ်။ ၄၀၀၀ ဆိုရင် ကျွန်တော်က ၂၀၀၀ ပဲပေးရတယ်။ အားကစားအဖွဲ့ချုပ်က ၂၀၀၀ စုစုပေါင်း ၄၀၀၀။ အဲဒီတော့ ကျွန်တော် အစိုးရအဖွဲ့ကိုလည်း ခဏခဏတင်တယ်။ အစိုးရအဖွဲ့ကလည်း ခဏခဏ

Approve လုပ်ပါတယ်။ ကျွန်တော်တို့က Sport Support အများကြီးရပါတယ်။ ယခုထက် ပိုမိုအောင်မြင်ရန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတိုက်တွန်းတဲ့အဆိုက အထူးကောင်းမွန်ပါတယ်။

ကျွန်တော့်အနေနဲ့က ဘာကြောင့်ဒီအဆိုကို အတည်ပြုသင့်တယ်ဆိုတဲ့အချက်လေး လေး၊ ငါးချက် ပြောပြမယ်။ ပထမအချက်ကတော့ (၁) အားကစားကိစ္စသည် လူထုအားလုံး၊ အလွှာအားလုံး၊ ဝန်ထမ်းအားလုံး၊ ကျေးရွာမှ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ဗဟိုအထိ သက်ဆိုင်သည့်အတွက် အားလုံးဝိုင်းဝန်းပံ့ပိုးမှ ဖြစ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်းနဲ့ မရပါဘူး။ နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ အားကစားလုပ်မှ၊ လေ့ကျင့်ခန်းလုပ်မှ ကျန်းမာသော ပြည်သူများ ဖြစ်မယ်။ ကျန်းမာသောပြည်သူများ မြောက်မြားစွာရရင် သူရဲ့အကျိုးဆက်တွေက အများကြီးပါပဲ။ မရေနိုင်လောက်အောင် အကျိုးဆက်တွေရှိပါတယ်။ (၃) ရပ်/ကျေး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန များမှအစ၊ လွှတ်တော်ကိုယ်စားလှယ်များအစ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေ၊ နိုင်ငံတော် အကြီးအကဲအထိ ကျွန်တော်တို့ကို ပံ့ပိုးဖို့၊ အကြံဉာဏ်ပေးဖို့လိုပါတယ်။ (၄) ဝန်ကြီးဌာနပေါင်းစုံ၏ စိတ်ဝင်စားမှု၊ အားပေးမှု၊ အားမြှောက်မှု၊ ပံ့ပိုးမှုဟာ လုံးဝလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ချက် ပြောချင်တာက အခုနက တင်ပြတဲ့အထဲမှာ အားကစားသမားတွေရဲ့ရွေ့ရေး။ လက်ရွေးစင်အားကစား သမားတွေကို အားကစားနှင့် ကာယပညာဦးစီးဌာနမှာ ခန့်ပါတယ်။ သူတို့ခန့်တာ သူတို့မှာ Post တွေက နည်းတဲ့အတွက် ကျန်းမာရေးဘက်က ခန့်ဖို့ပြောထားပြီးသားပါ။ လက်ရွေးစင်အားကစား သမားတွေကို ကျွန်တော်တို့ ယူမှာပါ။ ဘာကြောင့် ကျွန်တော်ဒီလိုပြောသလဲဆိုတော့ နိုင်ငံခြားမှာ ဆိုလို့ရှိရင် တက္ကသိုလ်တွေကကို လိုက်ခေါ်ပါတယ်။ လိုက်ခေါ်ပြီး သူတို့မှာ အလကားသင်ခိုင်းတယ်။ ပိုက်ဆံပေးတယ်။ အဲဒီလိုကို လုပ်တာပါ။ ကျွန်တော်တို့နိုင်ငံက အဲဒီအဆင့်မရောက်သေးပါဘူး။ ထူးချွန်တဲ့အားကစားသမားကို အဲဒီလိုလုပ်ရမှာပါ။ နောက်ပိုင်းတော့။ (၅) အားကစားအဖွဲ့ချုပ်များ၏ ပိုမိုပံ့ပိုးမှုလည်း လိုပါတယ်။ အားကစားအဖွဲ့ချုပ်တွေက တော်တော်များများပံ့ပိုးနေပါတယ်။ ဒါကိုလည်း ကျွန်တော် အများကြီးကျေးဇူးတင်ပါတယ်။ လာမယ့်အပတ်မှာ အားကစားအဖွဲ့ချုပ်တွေ အကုန်နောက်ဆုံးယာယီဖွဲ့ထားတာတွေကို Finalize လုပ်ပါမယ်။ ဒီလာမယ့် တနင်္ဂနွေမှာ လုပ်တော့မှာပါ။ အထူးသဖြင့် ကျွန်တော်ဒီမှာတင်ပြချင်တာက ပညာရေးဝန်ကြီးဌာနရဲ့ပံ့ပိုးမှုကတော့ လုံးဝလိုပါတယ်။ နံပါတ်(၁)ပါ။ အခြားဝန်ကြီးဌာနတွေထက်စာရင်။ ဘာကြောင့်လဲဆိုတော့ ပညာရေး ဝန်ကြီးဌာနပံ့ပိုးမှ ကျောင်းတွေမှာ သန်မာတဲ့ကလေးတွေဖြစ်မယ်။ ဒီကလေးတွေက အားကစား လုပ်မယ်။ ပညာရေးဝန်ကြီးဌာနဝန်ကြီးကို ဒီနေရာကနေ ကျွန်တော် Request လုပ်ချင်တာကတော့

ကျွန်တော်တို့ငယ်ငယ်တုန်းကလိုပဲ တစ်ပတ်မှာ နှစ်ကြိမ် ဘောလုံး မကန်ရင် မရပါဘူး။ ကန်ရပါတယ်။ အခုအဲဒါမျိုးတွေကို အားကစားကို Compulsory အနေနဲ့ Curriculum ရဲ့တစ်ပိုင်းတစ်စအနေနဲ့ လုပ်ဖို့လိုပါတယ်။ ထို့အပြင် ကျွန်တော်တို့ အခုဝယ်ထားပါတယ်။ Table Tennis တွေဝယ်ထား ပါတယ်။ ပညာရေးဝန်ကြီးဌာနကို အလကားပေးဖို့ ဝယ်ထားပါတယ်။ ဘာလို့လဲဆိုတော့ ဘောလုံးကွင်းက လုပ်လို့မရပါဘူး။ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးက တင်ပြတဲ့အတိုင်း မြေတွေက အခြားဟာတွေလုပ်လိုက်တဲ့အခါကျတော့ ဘောလုံးကွင်းကသိပ်မရှိတော့ဘူး။ မရှိတဲ့အတွက် Table Tennis၊ ဘတ်စကတ်ဘော၊ ဘောလီဘော။ နေရာသိပ်မလိုတဲ့ အားကစားတွေ အတွက်ကို Table Tennis ခုံတွေလည်း ဝယ်ထားပါတယ်။ ဆက်ပြီးဝယ်ဖို့ ကျောင်းတွေကိုလည်း ကျွန်တော်တို့က ပေးဖို့အစီအစဉ်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့အချက်များ အလွန်ကောင်းတဲ့အတွက် ဒါလေးကို လေထဲမှာ ပျောက်မသွားစေချင်ပါဘူး။ ဒါတွေအတွက်ကို National Seminar တစ်ခုလုပ်ပြီးတော့ ပြောကြားတဲ့အချက်တွေအားလုံးကို စုစည်းပြီးတော့ မဟာဗျူဟာ၊ နည်းဗျူဟာနဲ့ချမှတ်မှသာလျှင် ရမယ်ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော် မကြာခင် National Seminar လုပ်ပါမယ်။ လုပ်တဲ့အခါမှာလည်း အခုတင်ပြတဲ့ ဒီလွှတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်း ဥက္ကဋ္ဌကြီးခွင့်ပြုမယ်ဆိုလို့ရှိရင် ဖိတ်ချင်ပါတယ်။ သူတို့အကြံဉာဏ် လာပေးကြပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းမှာ မိမိအနေဖြင့် ကျွန်တော့်အနေနဲ့ရိုးသားစွာ တင်ပြရမယ်ဆိုလို့ရှိရင်တော့ ပြိုင်ပွဲများမှာ နိုင်ခြင်း၊ မနိုင်ခြင်း တွက်လို့မရပါဘူး။ ပြိုင်ပွဲများမှာ နိုင်ခြင်း၊ မနိုင်ခြင်းဆိုတာ အချက်ပေါင်းများစွာ ရှိပါတယ်။ တချို့အချက်တွေက ကျွန်တော်တို့မလုပ်နိုင်ပါဘူး။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ဒီထူးချွန်တဲ့အားကစားသမားဖြစ်ဖို့ကို ရည်ရွယ်တဲ့လုပ်ငန်းလမ်းစဉ်တစ်လျှောက်မှာ ပြည်သူများသည် ကျန်းမာလာမယ်။ အဲဒါက အဓိကပဲ။ ပြည်သူများကျန်းမာလာမယ်။ အဓိကက မိမိတို့လူမျိုးများ အားကစားပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ မည်မျှစိတ်ဝင်စားပြီး မည်မျှပြုလုပ် နေသည်သာ အဓိကဖြစ်သည်ဟု ကျွန်တော်မြင်ပါတယ်။ သို့မှသာ ကျန်းမာသန်စွမ်းသော မြန်မာလူမျိုး များဖြစ်ပြီး မြောက်မြားစွာသော အကျိုးများကို ရရှိမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်ပြတဲ့အဆိုကို အတည်ပြုသင့်ကြောင်း လေးစားတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးကတော့ ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်း ပြောသွားပြီ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ၊ ဘတ်ဂျက်စိစစ်တဲ့ကိုယ်စားလှယ်တွေ အခုနက အထူးအလေးအနက်ထားပေးဖို့လိုတယ်။ မမေ့ကြဖို့ ဘတ်ဂျက်စိစစ်တဲ့အခါ။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြည်ထောင်စုဝန်ကြီးရော ကျွန်တော်တင်သွင်းတဲ့အဆိုအပေါ်မှာ ထောက်ခံသွားကြသလို လိုအပ်ချက်များကိုပါ ဖြည့်စွက်ပြီးတော့ ထောက်ခံဆွေးနွေးသွားတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်မှာရှိကြတဲ့ ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ကျွန်တော် ပြောကြားလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးရဲ့အရေးဖြစ်တဲ့အတွက် ဒီအဆိုကို လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ဆွေးနွေးပြောကြားသွားပါတယ်။ ဒါကြောင့်ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၃း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့
## (၂၉.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးမိုးရွှေ
(ပူတာအို မဲဆန္ဒနယ်)



ဒေါက်တာအောင်ခင်
(ပြင်ဦးလွင် မဲဆန္ဒနယ်)



ဒေါ်ချိုချို
(အုတ်တွင်း မဲဆန္ဒနယ်)



ဦးလှရွှေဝင်း
(ဇေယျာသီရိ မဲဆန္ဒနယ်)



ဒေါက်တာမြင့်ထွေး(ဝန်ကြီး)
ကျန်းမာရေးဝန်ကြီးဌာန



ဦးကျော်တင်(ဒုဝန်ကြီး)
နိုင်ငံခြားရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်